ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပထမနှစ်၊ ဒုတိယစာသင်နှစ်ဝက်

# EDU1210

# သင်ရိုးညွှန်းတမ်းနှင့် သင်ပြနည်းဆိုင်ရာလေ့လာမှုများ - ဘဝတွက်တာကျွမ်းကျင်စရာများ

ဆရာလမ်းညွှန်

# နိဒါန်း

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနသည် 'အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း' (NESP) ၂၀၁၆-၂၀၂၁ တွင် ပြဋ္ဌာန်းသတ်မှတ်ထားသော လုပ်ငန်းစဉ်အကြို ဆရာအတတ်သင် ပညာရေးပြုပြင်ပြောင်းလဲမှုနှင့်အညီ လေးနှစ်သင် ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းကို ရေးဆွဲပြုစုခဲ့ပါသည်။

မြန်မာနိုင်ငံ ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းတွင် သင်ရိုးညွှန်းတမ်းအညွှန်းဘောင်၊ သင်ရိုးမာတိကာများ၊ ကျောင်းသားကိုင်စာအုပ်များနှင့် ဆရာလမ်းညွှန်များ စသည်တို့ ပါဝင်သည်။ လေးနှစ်သင် ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းကို အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် လိုက်လျောညီထွေမှုရှိစေရန်နှင့် ပညာရေးကောလိပ်ကျောင်းသားများအား မြန်မာနိုင်ငံ မူလတန်းနှင့် အလယ်တန်းကျောင်း စာသင်ခန်းများတွင် ထိရောက်စွာသင်ကြားနိုင်ရန် လိုအပ်သော တတ်ကျွမ်းမှုများ တတ်မြောက်သွားစေရန် စီစဉ်ရေးဆွဲထားပါသည်။ ဤသင်ရိုးညွှန်းတမ်းကို ဆရာတစ်ဦးအနေဖြင့် သိသင့်သည်များ၊ စာသင်ခန်းအတွင်း၌ လုပ်ဆောင်ရမည်များနှင့်ပတ်သက်၍ မျှော်မှန်းထားသည်များကို ရှင်းလင်းစွာ ဖော်ပြထားသည့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Competency Standards Framework – TCSF) အပေါ် အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။

ဤသင်ရိုးညွှန်းတမ်းကို ခရုပတ်ပုံ သင်ရိုးညွှန်းတမ်း ချဉ်းကပ်နည်း (Spiral Curriculum Approach) ဖြင့် ပြုစုထားပြီး ပညာရေးကောလိပ်ကျောင်းသားများသည် မိမိတို့ သိထားပြီးသော အယူအဆ သဘောတရားများကို လေးနှစ်တာကာလအတွင်း၌ အပြန်ပြန်အလှန်လှန် လေ့လာကြရမည်ဖြစ်သည်။ ထိုသို့ပြန်လှန်လေ့လာခြင်းဖြင့် ပညာရေးကောလိပ်ကျောင်းသားများ၏ အသိပညာနှင့် နားလည်သဘောပေါက်မှုများ ပိုမိုနက်ရှိုင်း ကျယ်ပြန့်လာမည် ဖြစ်သည်။ ဤသို့ဖြစ်လာစေရန် လေးနှစ်သင် ပညာရေးကောလိပ်သင်ရိုးကို အပိုင်း ၂ ခုဖြင့် ပိုင်းခြားသတ်မှတ်ထားသည်။ ပထမအပိုင်း cycle 1 (ပထမနှစ် နှင့် ဒုတိယနှစ်) တွင် သင်ယူထားသည့် အယူအဆ သဘောတရားများအား ဒုတိယအပိုင်း cycle 2 (တတိယနှစ်နှင့် စတုတ္ထနှစ်) တွင် ပို၍နက်ရှိုင်းစွာ ပြန်လည်ထပ်ကျော့သွားမည် ဖြစ်သည်။ သို့မှသာ ပညာရေးကောလိပ်ကျောင်းသားများသည် မိမိတို့သင်ယူခဲ့ပြီးသော အယူအဆသဘောတရားများကို ပြန်လည်

လေ့လာနိုင်ခြင်း၊ လက်တွေ့လုပ်ကိုင် စမ်းသပ်နိုင်ခြင်း၊ စာသင်ခန်းအတွင်း လုပ်ဆောင်လေ့ရှိသည်များကို မိမိတို့ အတန်းဖော်များနှင့် ပြန်လည်ဝေမျှပြောဆိုနိုင်ခြင်း၊ မိမိတို့၏ သင်ကြားရေးကျွမ်းကျင်မှု အမျိုးမျိုးအနက်မှ အချို့သော အပိုင်းများကို ပိုမိုနက်နဲစွာ ဆင်ခြင်နိုင်ခြင်းများလည်း ရရှိလာနိုင်မည်ဖြစ်သည်။ ဤသင်ရိုးညွှန်းတမ်း၏ ဖွဲ့စည်းပုံသည် ဘက်စုံပေါင်းစပ်ထားသောချဉ်းကပ်မှုပုံစံ (Integrated Approach) ဖြင့် ရေးဆွဲထားသောကြောင့် သင့်လျော်သော ကြိုတင်ပြင်ဆင်မှု၊ လက်တွေ့အသုံးချမှု နှင့် အတွေ့အကြုံတို့ကို အထောက်အကူပေးသည့် သင်ယူမှုဖြစ်စဉ် မှတစ်ဆင့် ဘာသာရပ်ဆိုင်ရာ အသိပညာသင်ကြားရေးနှင့် ပညာရေးဆိုင်ရာ သီအိုရီများကို နားလည်သဘောပေါက်စေခြင်း ဖြစ်သည်။ သို့ဖြစ်၍ ဤသင်ရိုးညွှန်းတမ်းသည် ဘာသာရပ်ဆိုင်ရာအသိပညာများကိုသာ အလေးပေးခြင်း မဟုတ်ဘဲ သက်ဆိုင်ရာ အသက်အရွယ်အုပ်စုအလိုက် သင်ယူမှုအခြေအနေများတွင် အသိပညာ၊ ကျွမ်းကျင်မှု နှင့် စိတ်နေသဘောထားများကို ထိရောက်စွာ အသုံးပြုသင်ကြား တတ်စေရန် လိုအပ်သော ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများကိုလည်း အလေးပေးထားပါသည်။ တတ်ကျွမ်းမှုတစ်ရပ်တွင် ပါဝင်သော အစိတ်အပိုင်းများဖြစ်သည့် အသိပညာ၊ ကျွမ်းကျင်မှုများ၊ စိတ်နေသဘောထားများ နှင့် ၎င်းတို့ကို ထိရောက်စွာ အသုံးချနိုင်ခြင်း စသည်တို့ကို အလေးပေးထားသောကြောင့် ဤသင်ရိုးညွှန်းတမ်းကို တတ်ကျွမ်းမှု အခြေပြုသင်ရိုးညွှန်းတမ်း (Competency-based Curriculum) ဟု ခေါ်ဆိုပါသည်။

သို့ဖြစ်ပါ၍ တတ်ကျွမ်းမှုအခြေပြု သင်ရိုးညွှန်းတမ်းဆိုသည်မှာ သင်ယူသူကိုဗဟိုပြုပြီး ကျောင်းသားများ၊ ဆရာများ နှင့် လူ့အဖွဲ့အစည်းများ၏ ပြောင်းလဲနေသော လိုအပ်ချက်များနှင့် ဆီလျော်ကိုက်ညီမှုရှိသည်။ အယူအဆသဘောတရားသစ်များကို လေ့လာသင်ယူသည့် အခါတွင်လည်း ၎င်းတို့ကို အသုံးချပြီး အောက်ပါအတိုင်းပြန်လည် သုံးသပ်နိုင်သည်။

၁။ သင်ယူခြင်း (မည်သည်ကို မည်သို့သင်ကြားမည်ဟု အစီအစဉ်ချမှတ်ခြင်း)
၂။ အသုံးချခြင်း (သင်ယူမှုဆိုင်ရာများကို လေ့ကျင့်ခြင်း) နှင့်
၃။ ပြန်လည်သုံးသပ်ခြင်း (မိမိ၏ သင်ကြားမှုပုံစံအား ပြန်လည် ဆန်းစစ်အကဲဖြတ်ခြင်း)

ပညာရေးကောလိပ်တွင် ပညာသင်ယူပြီးမြောက်ပြီး အချိန်တွင်လည်း ပညာရေးကောလိပ် ဘွဲ့ရကျောင်းသားများသည် အထက်ဖော်ပြပါ သင်ယူ - အသုံးချ - ပြန်လည်သုံးသပ် ဟူသည့် စက်ဝန်းသံသရာ (cycle of learn-apply-reflect) ကို မိမိတို့၏ သင်ကြားပို့ချရာတွင် အသုံးချခြင်း

အားဖြင့် အနာဂတ်မြန်မာမျိုးဆက်သစ် ကလေးငယ်တို့၏ သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ထိရောက်စွာ ပံ့ပိုးကူညီပေးနိုင်ရန် ရည်မှန်းထားသည်။

မြန်မာနိုင်ငံ ပညာရေးကောလိပ်သင်ရိုးညွှန်းတမ်းကို ပညာရေးဝန်ကြီးဌာနက ရွေးချယ်ခန့်အပ်ထားသော ပညာရေးကောလိပ်များမှ ဆရာ၊ ဆရာမများနှင့် ပညာရေးတက္ကသိုလ်များနှင့် ပြည်ထောင်စု တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်တို့မှ တတ်သိပညာရှင်များ ပါဝင်သော သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့က ရေးဆွဲပြုစုထားသည်။ ထို့အပြင် မြန်မာပြည်တွင်းမှ ကျွမ်းကျင်သူများ၊ နိုင်ငံတကာကျွမ်းကျင်သူများလည်း ပါဝင်ရေးဆွဲကြသည်။ ဤလုပ်ငန်းစဉ် တစ်ရပ်လုံးကို ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနက အကြံပေးလမ်းညွှန်မှုပြုပါသည်။

ဤသင်ရိုးညွှန်းတမ်း ပြုစုရေးသားရာတွင် နည်းပညာဆိုင်ရာ အကူအညီများကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံ နှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို- UNESCO) ၏ "မြန်မာနိုင်ငံ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ အရည်အသွေးတိုးမြှင့်ရေး (Strengthening Pre-service Teacher Education in Myanmar) စီမံချက်" မှတစ်ဆင့် ထောက်ပံ့ပေးထားသည်။ ဤသင်ရိုးညွှန်းတမ်းရေးဆွဲရေးအတွက် ဘဏ္ဍာရေးအထောက်အပံ့များကို ဩစတြေးလျအစိုးရ၊ ဖင်လန်အစိုးရနှင့် ယူကေအစိုးရများကလည်း ပေးအပ်ထားပါသည်။ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (Japan International Cooperation Agency) အဖွဲ့နှင့်အတူ မူလတန်းအဆင့် သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့ကလည်း အခြေခံပညာမူလတန်းအဆင့် သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲရေးအဖွဲ့ (CREATE Project) စီမံချက် မှတစ်ဆင့် မူကြမ်းရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် အစဉ်တစိုက် ပံ့ပိုးကူညီခဲ့သည်။

# မာတိကာ


နိဒါန်း .................... ဂ

မာတိကာ .................... ဃ

ဤဆရာလမ်းညွှန်ကို မည်သို့အသုံးပြုရမည်နည်း။ .................... ၁

အခန်း ၄။ လူမှုဘဝမှာ ကျွမ်းကျင်စရာနယ်ပယ် .................... ၄၇

၄.၁။ လူမှုဘဝမှာကျွမ်းကျင်စရာ တတ်ကျွမ်းမှုများကိုသင်ယူခြင်း .................... ၄၉

၄.၁.၁။ လူမှုဆက်ဆံရေးနှင့်စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်းနယ်ပယ် .................... ၅၀

၄.၁.၂။ စိတ်လှုပ်ရှားမှုဆိုင်ရာ ဉာဏ်ရည် .................... ၅၈

၄.၁.၃။ လူမှုဆက်ဆံရေး ဆိုင်ရာ ကျွမ်းကျင်မှုများကို စာသင်ခန်းအတွင်း အသုံးချခြင်း .................... ၆၅

ပြန်လည်ဆန်းစစ်ရန်မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ .................... ၇၀

၄.၂။ လူမှုဘဝမှာ ကျွမ်းကျင်စရာများကို ပြန်လည်သုံးသပ်ခြင်းနှင့် အသုံးချခြင်း .................... ၇၂

၄.၂.၁။ မူလတန်း လူမှုဘဝမှာ ကျွမ်းကျင်စရာ နယ်ပယ်သင်ခန်းစာများ .................... ၇၂

၄.၂.၂။ သင်ခန်းစာသင်ပြမှုပုံစံတစ်ခု ဖွဲ့စည်းထားပုံ .................... ၇၈

ပြန်လည်ဆန်းစစ်ရန်မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ .................... ၈၅

အခန်းဆုံးအနှစ်ချုပ် .................... ၈၇

အဓိကအချက်များ .................... ၈၇

အခန်းဆုံး ပြန်လည်သုံးသပ်စဉ်းစားခြင်း .................... ၈၈

ဆက်လက်ဖတ်မှတ်စရာများ .................... ၈၉

အခန်း ၅။ သဘာဝ ဝန်းကျင်ထိန်းသိမ်းလို့ လိုက်လျောညီထွေ နေထိုင်စို့နယ်ပယ် .................... ၉၁

၅.၁။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ရေးနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေးအကြောင်း သင်ယူခြင်း .................... ၉၃

၅.၁.၁။ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှု .................... ၉၄

၅.၁.၂။ သဘာဝဘေး အန္တရာယ်ဖြစ်နိုင်ခြေ လျှော့ချရေး .................... ၁၀၀

၅.၁.၃။ ဘေးအန္တရာယ်ကျရောက်ပြီးနောက် ကျောင်းသားများ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာပျော်ရွှင်ရေး .................... ၁၀၆

ပြန်လည်ဆန်းစစ်ရန်မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ ၁၁၄

၅.၂။ သဘာဝဝန်းကျင် ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ် လျှော့ချရေး အကြောင်း

အသုံးချခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း......................................................၁၁၈

၅.၂.၁။ သဘာဝဝန်းကျင်ထိန်းသိမ်းလို့ လိုက်လျောညီထွေ နေထိုင်စို့ နယ်ပယ်၏

သင်ခန်းစာ သင်ပြမှုပုံစံ ဖွဲ့စည်းထားပုံ ............................................၁၁၉

ပြန်လည်ဆန်းစစ်ရန်မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ ၁၂၆

အခန်းဆုံးအနှစ်ချုပ် ..........................................................................၁၂၈

အဓိကအချက်များ ..........................................................................၁၂၈

အခန်းဆုံး ပြန်လည်သုံးသပ်စဉ်းစားခြင်း..........................................................၁၃၀

ဆက်လက်ဖတ်မှတ်စရာများ ..........................................................................၁၃၁

အခန်း ၆။ စစ်ဆေးအကဲဖြတ်ခြင်း ..........................................................................၁၃၃

၆.၁။ ဘဝတွက်တာကျွမ်းကျင်စရာများ စစ်ဆေးအကဲဖြတ်ခြင်း...............................၁၃၄

၆.၁.၁။ ဘဝတွက်တာကျွမ်းကျင်စရာများ စစ်ဆေးအကဲဖြတ်ခြင်းဆိုသည်မှာ ......၁၃၄

၆.၁.၂။ ဘဝတွက်တာကျွမ်းကျင်စရာများ စစ်ဆေးအကဲဖြတ်ခြင်းပုံစံများ............၁၄၀

၆.၁.၃။ မူလတန်း ဘဝတွက်တာကျွမ်းကျင်စရာ စစ်ဆေး အကဲဖြတ်ခြင်း............၁၄၆

ပြန်လည်ဆန်းစစ်ရန်မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ ၁၅၄

အခန်းဆုံးအနှစ်ချုပ် ..........................................................................၁၅၇

အဓိကအချက်များ ..........................................................................၁၅၇

အခန်းဆုံး ပြန်လည်သုံးသပ်စဉ်းစားခြင်း..........................................................၁၅၉

ဆက်လက်ဖတ်မှတ်စရာများ ..........................................................................၁၆၀

ခက်ဆစ်အဘိဓာန်..........................................................................၁၆၁

ကျမ်းကိုးစာရင်း..........................................................................၁၆၃

နောက်ဆက်တွဲများ..........................................................................၁၆၇

လက်ကမ်းစာစောင် (၁) သင်ယူမှုလုပ်ငန်း ၅.၂.၁ ကိုစစ်ဆေးအကဲဖြတ်ရန်

အမှတ်ပေးစံဇယား..........................................................................၁၆၈

# ဤဆရာလမ်းညွှန်ကို မည်သို့အသုံးပြုရမည်နည်း။

## ဘဝတွက်တာကျွမ်းကျင်စရာ ဆရာလမ်းညွှန်ကို မည်သူကအသုံးပြုပါမည်နည်း။

ဤဆရာလမ်းညွှန်သည် ပညာရေးကောလိပ် ပထမနှစ် ကျောင်းသားများ[၁] အား ဘဝတွက်တာကျွမ်းကျင်စရာ ပံ့နှိပ်စာအုပ်ကို သင်ကြားရာတွင် ကူညီပံ့ပိုးပေးမည့် ဆရာများ[၂] အတွက် စီစဉ်ရေးသားပြုစုထားသော စာအုပ်ဖြစ်ပါသည်။ ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်ကို သင်ပြစဉ် ကျောင်းသားများ၏ ပုံနှိပ်စာအုပ်နှင့်တွဲ၍ ဤဆရာလမ်းညွှန်ကို အသုံးပြုရန်ဖြစ်သည်။ ကျောင်းသားများ၏ ပုံနှိပ်စာအုပ် အခန်းများနှင့် သင်ခန်းစာ တစ်ခုချင်းစီအတွက် သင်ယူမှုရလဒ်များ အောင်မြင်ပေါက်မြောက်စေရန် ဤဆရာလမ်းညွှန်တွင် ကျောင်းသားများအား ညွှန်ကြားရမည့် အချက်များကို တစ်ဆင့်ပြီးတစ်ဆင့် ရှင်းလင်းစွာ ဖော်ပြထားသည်။

## ဘဝတွက်တာကျွမ်းကျင်စရာများကို မည်သည့်အချိန်၊ မည်သည့်နေရာတွင်သင်ယူမည်နည်း။

လေးနှစ်သင် ပညာရေးကောလိပ်အတွက် ဘဝတွက်တာ ကျွမ်းကျင်စရာ သင်ယူရန် တစ်နှစ်လျှင် ၂၄ ချိန် လျာထားပါသည်။ သင်ကြားပို့ချမည့်နေရာမှာ သင်တို့၏ ပညာရေးကောလိပ်တွင်ဖြစ်ပါသည်။

## ပညာရေးကောလိပ် ပထမနှစ် ဘဝတွက်တာကျွမ်းကျင်စရာ ဆရာလမ်းညွှန်တွင် မည်သည့် အရာများ ပါဝင်ပါသနည်း။

ပညာရေးကောလိပ် ပထမနှစ် ဘဝတွက်တာကျွမ်းကျင်စရာများ ကျောင်းသားကိုင်စာအုပ်နှင့် ဆရာလမ်းညွှန်တို့၏ ဖွဲ့စည်းတည်ဆောက်ထားပုံနှင့် ပါဝင်သော အကြောင်းအရာများ တူညီကြသည်။

---

[၁] ဤဆရာလမ်းညွှန်တွင် ဖော်ပြထားသော ကျောင်းသားသည် ပညာရေးကောလိပ် ကျောင်းသားများကို ရည်ညွှန်းပါသည်။
[၂] ဤဆရာလမ်းညွှန်တွင် ဖော်ပြထားသော ဆရာသည် ပညာရေးကောလိပ် ဆရာများကို ရည်ညွှန်းပါသည်။

ပထမနှစ် ပညာရေးကောလိပ် ဘဝတွက်တာကျွမ်းကျင်စရာ ဆရာလမ်းညွှန်တွင် အောက်ပါအခန်းများ ပါဝင်သည်။

- ဘဝတွက်တာကျွမ်းကျင်စရာနှင့် မိတ်ဆက်ခြင်း
- မူလတန်းအဆင့် ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ် ဖွဲ့စည်းထားပုံ
- ရောဂါကင်းဝေး ကျန်းမာရေး
- လူမှုဘဝမှာ ကျွမ်းကျင်စရာ
- သဘာဝဝန်းကျင်ထိန်းသိမ်းလို့ လိုက်လျောညီထွေ နေထိုင်စို့
- စစ်ဆေး အကဲဖြတ်ခြင်း

ဤဆရာလမ်းညွှန်သည် ကျောင်းသားကိုင်စာအုပ်နှင့် ဖွဲ့စည်းပုံ တူညီပါသည်။ အခန်းတစ်ခန်းချင်းစီနှင့် သင်ခန်းစာတိုင်းတွင် မျှော်မှန်းထားသော သင်ယူမှုရလဒ်များ ပါရှိပါသည်။ ဤသည်မှာ အခန်းအဆုံး၌ ကျောင်းသားများ သိသင့်သောအရာ၊ လုပ်ဆောင်နိုင်သင့်သော အရာများကို မျှော်မှန်းထားသည်များ ဖြစ်ပါသည်။

သင်ခန်းစာ တစ်ခုချင်းစီအတွက် ဆရာလမ်းညွှန်တွင် ပါဝင်သည်မှာ -

**ရရှိသွားမည့်တတ်ကျွမ်းမှုများ။** သင်ခန်းစာတွင် အလေးပေးဖော်ပြထားသော ဆရာများ အတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Competency Standards Framework – TCSF) သည် ဆရာများတတ်ကျွမ်းရမည်များကို မီးမောင်းထိုးပြထားသော တတ်ကျွမ်းမှုများ ဖြစ်သည်။

**အချိန်။** စာသင်ချိန် စုစုပေါင်းဖြစ်ပြီး သင်ရိုးညွှန်းတမ်းအရ သင်ခန်းစာများအတွက် ခွဲဝေသတ်မှတ်ထားသော မိနစ် (၅၀) စာသင်ချိန်များ ဖြစ်ပါသည်။

**သင်ယူမှုနည်းလမ်းများ။** သင်ခန်းစာတစ်ခုအတွက် အကြံပြုထားသော သင်ယူမှုလုပ်ငန်းများတွင် အသုံးပြုသော သင်ယူမှုနည်းလမ်းများကို ချုံ့ဖော်ပြခြင်းဖြစ်သည်။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ။** ဘာသာရပ်ဆိုင်ရာ ဗဟုသုတ ရင်းမြစ်များအတွက် မှီငြမ်းစာအုပ်များ၊ နည်းပညာဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ၊ အခြားသောဘာသာရပ်များနှင့် ဆက်နွယ်မှု၊ စာသင်ခန်းဖွဲ့စည်းပုံ ၊ အချိန် စီမံခန့်ခွဲမှုနှင့် မျှော်မှန်းထားသော အဖြေများအတွက် မှီငြမ်းချက်များ ပါဝင်ပါသည်။

**လိုအပ်သောရင်းမြစ်များ။** ပုံနှိပ်ထားသော ကြားခံဆက်စပ်စာရွက်များ (printed media)၊ စာရွက်ကြီးများ၊ ရောင်စုံစာရွက်များ၊ မာကာများ၊ ဝက်ဘ်ဆိုက်ဒ်လင့်များ၊ ဗီဒီယိုများ၊ အကုန်အကျနည်းသော /လုံးဝ ကုန်ကျစရိတ် မရှိသော ရင်းမြစ်များ ၊ လက်တွေ့လုပ်ဆောင်နိုင်သော ပစ္စည်းကိရိယာများ။

**သင်ယူမှုလုပ်ငန်းများ ။** သင်ခန်းစာတိုင်းတွင် သတ်မှတ်ထားသော အချိန်အတွင်း မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို ကျောင်းသားများရရှိရန် အထောက်အကူပြုသော အကြံပြုထားသည့် သင်ယူမှုလုပ်ငန်းများပါဝင်ပါသည်။ သင်ခန်းစာတိုင်းသည် ဘာသာရပ်နှင့်ပတ်သက်ပြီး ကျောင်းသားများ၏ ရှိပြီးအသိပညာ သို့မဟုတ် စိတ်ဝင်စားမှုကိုနှိုးဆွပေးသည့် လုပ်ငန်းနှင့်စသင့်သည်။ သင်ယူမှုလုပ်ငန်းအမျိုးမျိုးသည် သင်ကြားသင်ယူမှုတွင် တတ်ကျွမ်းမှု အခြေပြုသော ချဉ်းကပ်နည်းများနှင့် ဆီလျော်မှုရှိသည်။

**ရပ်တန့်ပါ၊ စဉ်းစားပါ။** သင်ကြားသင်ယူမှုဖြစ်စဉ်အတွင်း သင်ခန်းစာ၏ အဓိကအချက်ကို သေချာစေရန် နှင့် စီစဉ်ထားသည့်အတိုင်း သင်ခန်းစာသည် အဆင်ပြေစွာ သင်ကြားသင်ယူနေခြင်း ရှိ၊ မရှိ စစ်ဆေးရန် သို့မဟုတ် ရှေ့မဆက်မီ အလေးထားရမည့် အချက်များကို ကျောင်းသားများ ထိရောက်စွာသင်ယူခြင်း ရှိ၊ မရှိ သေချာစေရန် **"ရပ်တန့်ပါ၊ စဉ်းစားပါ" ညွှန်ကြားချက်ဇယားကွက် (instruction box)ကို အလျဉ်းသင့်သလို ထည့်သွင်းထားပါသည်။**

**စစ်ဆေးအကဲဖြတ်ခြင်း။** စစ်ဆေးအကဲဖြတ်ခြင်းသည် လုပ်ငန်းတစ်ခုချင်းစီ၏ အဆုံးတွင်ရှိသည်။ အောင်မြင်မှုရလဒ်အား အကဲဖြတ်ရန်နှင့် ရှေ့ဆက်သင်ကြားရန်အတွက် လုပ်ငန်းစဉ် တစ်ခုချင်းအပေါ်တွင် သင်ကြားနေစဉ်စစ်ဆေးအကဲဖြတ်ခြင်း

ပုံစံအား အသုံးပြုထားသည်ကို ရှင်းလင်းပြသခြင်း သို့မဟုတ် အကျဉ်းချုံး ဖော်ပြထားခြင်းမျိုးဖြစ်သည်။ အမျိုးမျိုးသော စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများကို မည်သို့ အသုံးပြုရမည်ဟူသော ညွှန်ကြားချက်များသည် စစ်ဆေးအကဲဖြတ်ချဉ်းကပ်မှုများအတွက်စုစည်းမှု (Toolbox for assessment approaches)တွင် ပါဝင်ပါသည်။

**ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ။** သင်ယူမှုလုပ်ငန်း တစ်ခုချင်းစီ၏ စစ်ဆေးအကဲဖြတ်မှုနှင့် ပတ်သက်သည့် ကျောင်းသားများထံမှရရှိနိုင်သော တုံ့ပြန်ချက်အဖြေများကို ဤနေရာတွင် စုစည်းဖော်ပြထားပါသည်။

**ကျောင်းသားများ၏ နားလည်မှုကိုစစ်ဆေးခြင်း- သင်ခန်းစာ တစ်ခုလုံးအား ခြုံငုံခြင်းဖြစ်သည်။** သင်ခန်းစာပြီးဆုံးချိန်တွင် သင်ယူမှုရည်ရွယ်ချက်များ၊ ဆရာများ အတွက် စံသတ်မှတ်ချက် အညွှန်းဘောင်တွင် ပါဝင်သော ဆရာတတ်ကျွမ်းမှုစံများ၊ သင်ယူမှုရလဒ်များအား အနှစ်ချုပ်ပေးပြီး မည်မျှသော အတိုင်းအတာအထိ အောင်မြင်ပြီးမြောက်ကြောင်း သုံးသပ်ခြင်းဖြစ်သည်။ ဆရာတတ်ကျွမ်းမှု စံအညွှန်းကိန်းများသည် သင်ခန်းစာ အကြောင်းအရာတွင် မည်သို့ ပါဝင်ပတ်သက်နေကြောင်း ကို အနှစ်ချုပ်ပေးသည်။ ကျောင်းသားများအား ၎င်းတို့သည် မည်သည့်အကြောင်းအရာကို မည်သို့ သင်ယူခဲ့ကြကြောင်းကို ရှင်းလင်းတိကျစွာ အသိပေးပါသည်။

**ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ။** ဤဆရာလမ်းညွှန်ရှိ သင်ခန်းစာတစ်ခုချင်းစီတွင် သင်ယူမှု လုပ်ငန်းများကို ဆီလျော်အောင် ပြုပြင်နိုင်ရန်အတွက် အကြံပြုချက်များ ပါဝင်ပါသည်။ ထိုအကြံပြုချက်များသည် သင်ယူတတ်မြောက်လွယ်သော ကျောင်းသားများအတွက် ထပ်ဆောင်းလုပ်ငန်းများ ပေးရန်နှင့် သင်ယူမှု အားနည်းသော ကျောင်းသား (သို့မဟုတ်) ကွဲပြားသော သင်ယူမှုလိုအပ်ချက် (different learning needs) ရှိသည့် ကျောင်းသားများကို လိုအပ်ချက်အလိုက် ထပ်ဆောင်းလုပ်ငန်းများပေးရန် အတွက် အကြံပြုချက်များ ပါဝင်ပါသည်။

ဆရာလမ်းညွှန်တွင် အခန်းငယ်တစ်ခုချင်းစီအတွက် အောက်ပါတို့ပါဝင်ပါသည်။

**ပြန်လည်ဆန်းစစ်ရန် မေးခွန်းများနှင့် ကျောင်းသားများ၏ဖြစ်နိုင်ခြေရှိသောအဖြေများ-** အခန်းငယ်တစ်ခုပြီးတိုင်း ကျောင်းသားကိုင်စာအုပ်တွင်ပါသော ပြန်လည်ဆန်းစစ်ရန် မေးခွန်းများအတွက် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများကို ထည့်ပေးထားပါသည်။ ဤအပိုင်းသည် ကျောင်းသားကိုင်စာအုပ်ပါ မေးခွန်းများကို ဖြေဆိုသော ကျောင်းသားများ၏ အဖြေနှင့်ပတ်သက်ပြီး မှန်/မမှန်အတည်ပြုပေးရန် ပညာရေးကောလိပ်ဆရာများ အသိပညာရရှိရန်အတွက်လည်း ပံ့ပိုးပေးပါသည်။ ဤအပိုင်းသည် သင်ခန်းစာသင်ကြားမှုတွင် ပါဝင်ခြင်းမရှိပါ။

ဆရာလမ်းညွှန်တွင် အခန်းတစ်ခုချင်းစီအတွက် အောက်ပါတို့ပါဝင်ပါသည်။

**အခန်းဆုံးအနှစ်ချုပ်။** အခန်းတစ်ခုလုံးကို အကျဉ်းချုပ်ပြီးတင်ပြခြင်းဖြစ်သည်။ အဓိကအချက်များကို အသိပေးဖော်ပြထားခြင်းဖြစ်သည်။

**အခန်းဆုံးပြန်လည်သုံးသပ်စဉ်းစားခြင်း။** ဤအပိုင်းသည် ကျောင်းသားကိုယ်တိုင် လေ့လာသင်ယူခဲ့သည်များမှ အစိတ်အပိုင်းတစ်ခု ဖြစ်ပြီး ကျောင်းသားကိုင်တွင် ပါဝင်ပါသည်။ ယင်းအကြောင်းအရာများကို သင့်အား အသိပေးရန် ဤနေရာတွင် ထပ်မံဖော်ပြထားပါသည်။ သင်၏ တာဝန်မှာ ကျောင်းသားများကို ဤအပိုင်းအား ဖတ်ရှုရန်အတွက် တိုက်တွန်းပေးရန်ဖြစ်ပါသည်။ အခန်းဆုံး ပြန်လည်သုံးသပ်စဉ်းစားခြင်းသည် သင်ခန်းစာ၏ အစိတ်အပိုင်းတစ်ခု မဟုတ်ပါ။ ဤအပိုင်းသည် ကျောင်းသားများအတွက် ပြန်လည်သုံးသပ်ရန် အချက်နှင့် သင်ယူခဲ့ပြီးသော သင်ခန်းစာ (အခန်း)တွင် သင်ယူမှုနှင့်ဆိုင်သောမေးခွန်းများ ပါဝင်ပါသည်။

**ဆက်လက်ဖတ်မှတ်စရာများ။** သက်ဆိုင်သော အခန်းများအလိုက် ဖတ်စရာထပ်ဆောင်း ရင်းမြစ်များနှင့် ပတ်သက်သော အကြံပြုချက်များကို ဖော်ပြထားပါသည်။ သင်ခန်းစာခေါင်းစဉ်နှင့် စပ်လျဉ်းပြီး သင်ကိုယ်တိုင် ပိုမို သိရှိနားလည်ရန်အတွက် ဤရင်းမြစ်များကို အသုံးပြုနိုင်သည် (သို့မဟုတ်) ကျောင်းသားများကို ဤရင်းမြစ်များအား စာကြည့်တိုက်၊အင်တာနက် (သို့မဟုတ်) ပညာရေးကောလိပ်၏ အွန်လိုင်းစာကြည့်တိုက်တွင် ရှာဖွေရန် တွန်းအားပေးနိုင်ပါသည်။

ကျောင်းသားကိုင်စာအုပ်တွင် ပါဝင်သော သင်ယူမှုလုပ်ငန်းများသည် မိမိဘာသာမိမိတစ်ဦးချင်းစီ လေ့လာနိုင်ရေးအတွက် ဦးတည်ရေးဆွဲထားကြောင်း သတိပြုပါ။ တစ်ခါတစ်ရံ ကျောင်းသားကိုင်စာအုပ်မှ တစ်ဦးချင်း သင်ယူမှုလုပ်ငန်းများသည် ဆရာလမ်းညွှန်တွင် အကြမ်းဖျင်း ဖော်ပြထားသော သင်ယူမှု လုပ်ငန်းများနှင့် ဆက်စပ်သွားမည်ဖြစ်သည်။ ကျောင်းသားကိုင်စာအုပ်မှ သင်ယူမှုလုပ်ငန်းများကို အိမ်စာအလုပ်အဖြစ် (သို့မဟုတ်) ကျောင်းသားများသည် ၎င်းတို့ ပုံမှန်နှုန်းထား အတိုင်း လုပ်ဆောင်ရန် သင့်အနေဖြင့် တိုက်တွန်းပေးနိုင်ပါသည်။

ဆရာလမ်းညွှန်တွင် ပါဝင်သော သင်ယူမှုလုပ်ငန်းများ အသေးစိတ်သည် သင်ခန်းစာများ စီစဉ်ရေးဆွဲရန်နှင့် ပို့ချရန် အထောက်အကူဖြစ်သော်လည်း ဤလမ်းညွှန်စာအုပ်တွင် ပါဝင်သော ညွှန်ကြားချက်များသည် အကြံပြုချက်များသာဖြစ်ပါသည်။ သင်၏ စာသင်ခန်းအတွင်းမှ ကျောင်းသားများသည် ခြားနားသော ပင်ကိုယ်စရိုက်လက္ခဏာနှင့် သင်ယူမှု လိုအပ်ချက်များ ရှိပေလိမ့်မည်။ ပညာရေးကောလိပ်ဆရာ တစ်ယောက်အနေဖြင့် ကျောင်းသားများ၏ လိုအပ်ချက်၊ စိတ်ပါဝင်စားမှု၊ စွမ်းရည်တို့နှင့် သင့်တော်သော သင်၏ကိုယ်ပိုင် သင်ယူမှုလုပ်ငန်းများကို ပြုစုရန် အားပေးပါသည်။ သင်ခန်းစာများကို လိုအပ်လျှင် လိုအပ်သလို အနည်းအများ ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေရှိအောင် ပြင်ဆင်ညှိနှိုင်းမှုများကို လွတ်လပ်စွာ ပြုလုပ်နိုင်ပါသည်။

**တတ်ကျွမ်းမှု အခြေပြုသင်ရိုးညွှန်းတမ်း ဆိုသည်မှာအဘယ်နည်း။**

ပညာရေးကောလိပ် ဘာသာရပ်အားလုံး၏ ကျောင်းသားကိုင်စာအုပ်နှင့် ဆရာလမ်းညွှန်တို့သည် တတ်ကျွမ်းမှု အခြေပြု ချဉ်းကပ်မှုအတိုင်း လိုက်နာသည်။ ဤတတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှုကို လေးနှစ်သင် ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းမူဘောင်နှင့် ဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင်(TCSF) တို့တွင် အခြေခံထားသည်။ တတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှု ဆိုသည်မှာ ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်းသည် ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများကိုသာ အလေးပေးသည် မဟုတ်ဘဲ အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများ တိုးတက်ဖွံ့ဖြိုးလာပြီး ၎င်းတို့အားတကယ့်လက်တွေ့ဘဝအခြေ အနေတွင် ပြန်လည်၍အသုံးချရန် အလေးထားခြင်းဖြစ်သည်။ တတ်ကျွမ်းမှု အခြေပြုသင်ရိုး ညွှန်းတမ်းများသည် သင်ယူသူဗဟိုပြုဖြစ်ပြီး ကျောင်းသားများ၊ ဆရာများနှင့် လူ့အဖွဲ့အစည်း၏ ပြောင်းလဲဖြစ်ပေါ်နေသော လိုအပ်ချက်များနှင့်အညီ ပြုပြင်ပြောင်းလဲနိုင်ကြသည်။

ဆရာအတတ်သင် ပညာရေး၏ တတ်ကျွမ်းမှုအခြေပြု ချဉ်းကပ်မှုနှင့် ကိုက်ညီစေရန်အတွက် အောက်ဖော်ပြပါ အခြေခံသဘောတရားများကို ဆရာလမ်းညွှန်တွင် ပေါင်းစပ်ထည့်သွင်း ထားပါသည်။[၃]

- **နောက်ခံအခြေအနေနှင့်ဆက်စပ်ပေးခြင်း (Contextualisation)** ။ သင်ယူမှုဆိုင်ရာ အကြောင်းအရာနှင့် သင်ယူမှုလုပ်ငန်းများသည် ကျောင်းသားများ၏ နေ့စဉ်ဘဝ အခြေအနေများနှင့် ဆက်စပ်ပေးနိုင်ရန်အတွက် မြန်မာ နောက်ခံ အခြေအနေပေါ်တွင် အခြေပြုလျက် ပြင်ဆင်ရေးဆွဲ ထားသည်။

- **ကြိုတင်လေ့လာပြင်ဆင်စေသော သင်ကြား၊ သင်ယူမှုဖြစ်စဉ် (Flipped classroom)**။ ဤသင်ကြားနည်းနှင့်ဆိုင်သော အယူအဆ၊ သဘောတရားနှင့် နည်းစနစ်သည် စာသင်ခန်း အတွင်း ဆရာကဦးဆောင်ပို့ချသင်ကြားပေးခြင်းအစား ဘာသာရပ်ပါ/ မော်ဂျူးပါ အကြောင်းအရာများကို ကျောင်းသား ကိုယ်တိုင် ပြန်လည်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်း စူးစမ်းလေ့လာခြင်းတို့ကို ဆရာနှင့်အတူပြုလုပ်ရန် အခွင့်အလမ်းများကို ပေးသည်။ ပုံမှန်အားဖြင့် ကျောင်းသားများသည် သင်ကြားချိန်မတိုင်မီ မိမိ ကိုယ်ပိုင်လေ့လာ သင်ယူမှုနှုန်းဖြင့် ကြိုတင်ဖတ်ရှုထားကြရပါမည်။ စာသင်ချိန်သည် ထိုလေ့လာသင်ယူထားသည်များကို ဆရာ၏ ပံ့ပိုးကူညီမှုဖြင့် အချင်းချင်းဆွေးနွေးခြင်း၊ ပြဿနာဖြေရှင်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် လေးနက်စွာ နားလည်သဘောပေါက်လာကြမည်ဖြစ်သည်။

- **ပူးပေါင်းဆောင်ရွက်သင်ယူခြင်း**။ ဤချဉ်းကပ်မှုသည် ကျောင်းသားများအား အုပ်စုအလိုက် ဆောင်ရွက်မှုဖြင့် ပြဿနာအားဖြေရှင်းခြင်း သို့မဟုတ် လုပ်ငန်းဆောင်တာ တစ်ခုအား ပြီးမြောက်စေခြင်း ဖြစ်သည်။ သင်ယူနားလည်သဘောပေါက်မှုသည် အတန်းဖော် အချင်းချင်းသော်လည်းကောင်း၊ အွန်လိုင်းပေါ်မှ သော်လည်းကောင်း၊ တစ်ဦးနှင့် တစ်ဦး မျက်နှာချင်းဆိုင် တက်ကြွစွာ ထိတွေ့ဆက်ဆံ ဆွေးနွေးခြင်းများ မှတစ်ဆင့် ဖြစ်ပေါ်သည်။ ပူးပေါင်းဆောင်ရွက်သင်ယူခြင်း၏အဓိကဝိသေသလက္ခဏာများ မှာ -တူညီသောအလုပ် သို့မဟုတ် လုပ်ငန်းတစ်ခုရှိခြင်း၊ အုပ်စုငယ်ဖြင့်လေ့လာသင်ယူခြင်း နှင့်ပူးပေါင်း ဆောင်ရွက်တတ်သော အမူအကျင့်ရှိခြင်းတို့ဖြစ်ပြီး ဆိုလိုသည်မှာ တစ်ဦးနှင့်

[၃] Adapted from the Glossary of Curriculum Terminology (2013), International Bureau of Education (IBE), UNESCO

တစ်ဦး အပြန်အလှန်မှီခို ဆောင်ရွက်ရခြင်းနှင့် တစ်ဦးချင်းစီ၏ တာဝန်ယူမှု တာဝန်ခံမှု ရှိရခြင်း - စသည်တို့ ဖြစ်သည်။[၄]

- **ပြဿနာဖြေရှင်းခြင်း။** ဤအပိုင်းတွင် ပြဿနာကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပြဿနာ၏ အကြောင်းရင်းခံအား ဆုံးဖြတ်ခြင်း၊ အဖြေတစ်ခုရရန်အတွက် ဦးစားပေး အစီအစဉ် သတ်မှတ်ခြင်းနှင့် ပြောင်းလဲအသုံးပြုနိုင်သော နည်းလမ်းများ ရွေးချယ်ဖော်ထုတ်ခြင်းနှင့် အဖြေကို အကောင်အထည်ဖော်ဆောင်ခြင်းတို့ ဖြစ်ပါသည်။ ဆရာလမ်းညွှန်တွင် ပါဝင်သော သင်ယူမှု အကြောင်းအရာများနှင့် လုပ်ငန်းများသည် ကျောင်းသားများ၏ ပြဿနာဖြေရှင်းခြင်း ကျွမ်းကျင်မှုများကို သင့်တော်သလို အသုံးချနိုင်ရန် အခွင့်အလမ်း များကို ပေးထားပါသည်။

## သင်ရိုးရည်ရွယ်ချက် နှင့် ရေးသားဖော်ပြပုံ

ဤသင်ရိုးသည် ပညာရေးကောလိပ်ကျောင်းသားများအား မူလတန်းကလေးများ၏ နေ့စဉ် ဘဝအတွက် ဘဝတွက်တာကျွမ်းကျင်စရာများကို ဖြည့်ဆည်းပေးနိုင်ရန် ဖြစ်သည်။ ဘဝတွက်တာကျွမ်းကျင်စရာများသည် လူ့အဖွဲ့အစည်းအတွင်း နေထိုင်ကြသော လူသားများ အတွက် နေ့စဉ်တွေ့ကြုံရသော ပြဿနာများကို ဖြေရှင်းနိုင်ပြီး ကျန်းမာပျော်ရွှင်သော ဘဝများ ရရှိနိုင်ရန် လိုအပ်သော အသိပညာ၊ နားလည်မှုနှင့် သဘောထားများ ဖြစ်ကြသည်။ ဘဝတွက်တာ ကျွမ်းကျင်စရာ တတ်ကျွမ်းမှုကိုးခုဖြစ်သည့် မြန်မာ့အခြေခံပညာ သင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသော ၂၁-ရာစုကျွမ်းကျင်မှုများ- ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးခြင်း၊ လေးနက်စွာ ဆန်းစစ်ဝေဖန်စဉ်းစားခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ မိမိကိုယ်ကို သိရှိနားလည်ခြင်း၊ ဆက်သွယ်ပြောဆိုခြင်း၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ဆက်ဆံခြင်း၊ ကိုယ်ချင်းစာတရားထားခြင်း၊ စိတ်လှုပ်ရှားမှုနှင့် စိတ်ဖိစီးမှုကို ထိန်းချုပ်တတ်ခြင်းတို့ကို ကျောင်းသားများသည် စူးစမ်းလေ့လာကြရပါမည်။ သင်တန်းတွင် ပညာရေး (ကျွန်ုပ်တို့ဘာကို သင်ကြားရမလဲ) နှင့် သင်နည်းစနစ် (ကျွန်ုပ်တို့ဘယ်လို သင်ကြားပေးရမလဲ) နှစ်ခုစလုံးကို သင်ကြားပေးမည်ဖြစ်သည်။

[၄] Lejenue's Collaborative Learning for Educational Achievement (1999)

မူလတန်းကျောင်းသားများ သင်ယူရာတွင် ကူညီထောက်ပံ့ပေးနိုင်သော သင်ယူမှုလုပ်ငန်းများအား မည်သို့ဖန်တီးမည်၊ မည်သို့ချဉ်းကပ်သင်ကြားပေးမည် ဆိုသည်နှင့် ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ် စစ်ဆေးအကဲဖြတ်ရာတွင် အသုံးပြုနိုင်သော နည်းပညာအမျိုးမျိုးကို အကျွမ်းတဝင် သိရှိလာမည်ဖြစ်သည်။ လေးနှစ်ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်အရ ပထမနှစ်နှင့် ဒုတိယနှစ်သင် ကျောင်းသားများသည် ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်၏ အခြေခံ အသိပညာများကို တိုးတက်မြင့်မားအောင် ပြုလုပ်ရန်နှင့် ဘဝတွက်တာကျွမ်းကျင်စရာများ သင်ကြားရေးအတွက် အခြေခံ သင်ကြားရေးနည်းလမ်းဆိုင်ရာ အသိပညာများ ဖွံ့ဖြိုးတိုးတက် စေရန်အတွက် လုပ်ဆောင်ကြရန် မျှော်လင့်ပါသည်။ တတိယနှစ်နှင့် စတုတ္ထနှစ်တို့တွင် ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်ဆိုင်ရာ အသိပညာတို့ကိုပိုမိုနက်နဲကျယ်ပြန့်စွာ နားလည်သဘောပေါက်ပြီး၊ မူလတန်းဘဝတွက်တာ ကျွမ်းကျင်စရာ သင်ရိုးညွှန်းတမ်း၊ သင်ကြားပို့ချမှုနှင့် စစ်ဆေးအကဲဖြတ်မှုတို့ကို လည်းကောင်း ပိုမိုစနစ်ကျစွာ တတ်မြောက်ကြပါလိမ့်မည်။

## အခြေခံပညာသင်ရိုးညွှန်းတမ်း ရည်မှန်းချက်များ

ဤဘာသာရပ်ကို ပညာရေးကောလိပ် လုပ်ငန်းခွင်အကြို ဆရာအတတ်သင် ပညာရေး၏ သင်ရိုးတွင် ထည့်သွင်းထားခြင်းမှာ မြန်မာနိုင်ငံ အခြေခံပညာရေးတွင် ဖော်ပြထားသည့် အတိုင်း ဘဝတွက်တာကျွမ်းကျင်စရာသင်ရိုးကို ထိရောက်ပိုင်နိုင်စွာ သင်ကြားနိုင်သည့် ဆရာများ ဖြစ်လာစေရန် ကြိုတင်ပြင်ဆင်ပေးရန်ဖြစ်သည်။ ထိုကဲ့သို့သော မူလတန်းပြဆရာများ ဖြစ်ရန်အတွက် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပိုင်နိုင်မှုသည် အလယ်တန်း အဆင့်ရှိရမည် ဖြစ်သည်။ (ပညာရေးကောလိပ် သင်ရိုးညွှန်းတမ်း အညွှန်းဘောင် ၂၀၁၈)

## အခြေခံပညာမူလတန်းအဆင့် ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်သင်ကြားခြင်း ရည်ရွယ်ချက်များ

- တစ်ကိုယ်ရေသန့်ရှင်းခြင်း၊ အစားအစာများကို မျှတစွာစားသုံးခြင်းနှင့် ရောဂါ ကာကွယ်ခြင်း စသည့် အလေ့အကျင့်ကောင်းများကို သိရှိလိုက်နာလုပ်ဆောင်ခြင်းဖြင့် **ကျန်းမာစွာနေထိုင်တတ်ရန်**
- မိမိပတ်ဝန်းကျင်တွင်အကောင်းမြင်သဘောထားဖြင့်သင့်လျော်စွာပြောဆိုဆက်သွယ်တတ်သော **လူမှုဆက်ဆံရေး ကျွမ်းကျင်မှုများ ရရှိလာရန်**
- ဘေးအန္တရာယ်အမျိုးမျိုးနှင့် **သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကြောင့်** ဖြစ်လာနိုင်သော အကျိုးဆက်များ လျော့ကျစေပြီး **သင့်လျော်စွာ တုံ့ပြန်တတ်ရန်**
- ဘဝတွက်တာကျွမ်းကျင်စရာ သင်ခန်းစာများကို လေ့ကျင့်သင်ယူခြင်းဖြင့် (ပြဿနာဖြေရှင်းခြင်း၊ တီထွင်ကြံဆတတ်ခြင်း၊ လေးနက်စွာဆန်းစစ်ဝေဖန်တတ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ ဆက်သွယ်ခြင်း၊ မိမိကိုယ်ကိုယ် သိရှိနားလည်ခြင်း၊ တစ်ဦးနှင့်တစ်ဦးအပြန်အလှန်ဆက်ဆံခြင်း၊ ကိုယ်ချင်းစာတရား ထားတတ်ခြင်း၊ စိတ်လှုပ်ရှားမှုနှင့်စိတ်ဖိစီးမှုကို ထိန်းချုပ်တတ်ခြင်း စသည့်) **ဘဝတွက်တာ ကျွမ်းကျင်မှုများဖွံ့ဖြိုးလာရန်**

## ဇယား (က)။ ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်၊ ဆရာများအတွက် အဓိက တတ်ကျွမ်းမှု စံသတ်မှတ်ချက်များ

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| (က-၁) ကျောင်းသားများ မည်သို့ သင်ယူသည်ကို သိသည်။ | (က) (၁.၁) ကျောင်းသားများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေစွာ မည်သို့ သင်ယူကြသည်ဆိုသည်ကို နားလည်သဘောပေါက်ကြောင်း ပြသသည်။ | (က) (၁.၁.၁) ကျောင်းသားများ၏ သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများသည် သူတို့၏ သင်ယူမှုအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှု ရှိကြောင်း ဥပမာဖြင့်ဖော်ပြသည်။<br><br>(က) (၁.၁.၂) ကျောင်းသားများ၏ သိမှုဆိုင်ရာဖွံ့ဖြိုးမှု၊ ဘာသာစကားဆိုင်ရာဖွံ့ဖြိုးမှု၊ ပေါင်းသင်းဆက်ဆံရေး ဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှား ခံစားမှုဖွံ့ဖြိုးမှုများနှင့် ကာယဖွံ့ဖြိုးမှုများအရ သင်ယူမှု လုပ်ငန်းများကို ပြင်ဆင်သည်။ |
| (က-၄)- သင်ရိုးညွှန်းတမ်း အကြောင်းကို သိသည်။ | (က) (၄.၁) အခြေခံပညာ သင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘောပေါက်ကြောင်းပြသသည်။ | (က) (၄.၁.၂) သင်ရိုးညွှန်းတမ်း၏ လိုအပ်ချက်များကို ထင်ဟပ်စဉ်းစားပြီး ဆီလျော်သော သင်ကြား၊ သင်ယူမှု လုပ်ငန်းများနှင့် သင်ထောက်ကူ ပစ္စည်းများပါဝင်သော သင်ပြမှုပုံစံများကို ပြင်ဆင်ရေးဆွဲသည်။<br><br>(က) (၄.၁.၃) မူလတန်းသင်ရိုးညွှန်းတမ်း၏ စစ်ဆေးအကဲဖြတ်ခြင်း ဆိုင်ရာ မူများကိုဖော်ပြသည်။ |
| (က-၅) ဘာသာရပ် အကြောင်းအရာကို သိသည်။ | (က) (၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်းအရာကို နားလည် သဘောပေါက်ကြောင်း ပြသသည်။ | (က) (၅.၁.၁) အတန်းအဆင့်များ အလိုက်သင်ကြားသော ဘာသာရပ်ဆိုင်ရာ အဓိက အသိသညာများ၊ ကျွမ်းကျင်မှုများ၊ နည်းလမ်းများနှင့် အသုံးချမှုများကို ဖော်ပြသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| (ခ-၁) သင်ကြားမှု နည်းဗျူဟာ အမျိုးမျိုးကို အသုံးပြု၍ သင်ရိုးညွှန်းတမ်း အကြောင်း အရာကို သင်ကြားသည်။ | (ခ) (၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။ | (ခ) (၁.၁.၁) ရည်မှန်းထားသည့် သင်ယူမှုရလဒ်များနှင့် သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများကို ရှင်းရှင်းလင်းလင်း ရှင်းပြသည်။ |
| | (ခ) (၁.၂) သင်ကြားသင်ယူမှုတွင် ပညာရေးဆိုင်ရာ နည်းပညာများနှင့် နည်းဗျူဟာအမျိုးမျိုးကို အသုံးပြု သင်ကြားနိုင်စွမ်း ရှိကြောင်းပြသည်။ | (ခ) (၁.၂.၁) အတန်းတွင်းအခြေအနေ၊ အတန်းအရွယ်အစား၊ အတန်းအမျိုးအစားတို့ အတွက် သင့်လျော်ကိုက်ညီသော သင်ကြား နည်းများ၊ သင်ယူမှု နည်းဗျူဟာများကို အသုံးပြုသည်။<br><br>(ခ) (၁.၂.၂) ဘာသာရပ် နယ်ပယ်အသီးသီးတွင် ကျောင်းသားများ သင်ယူမှုကို အထောက်အကူပြုစေမည့် အရေးအဖတ်နှင့် အခြေခံ အတွက်အချက်ကို တတ်မြောက်စေမည့် သင်ကြားနည်း နည်းဗျူဟာများဆိုင်ရာ အသိပညာများကို အသုံးပြုသည်။<br><br>(ခ) (၁.၂.၃) ကျောင်းသားများအတွက် လက်တွေ့လုပ်ငန်းများ မှတစ်ဆင့် ဘာသာရပ်ဆိုင်ရာ ဆက်စပ်နေသော အကြောင်းအရာ၊ အသိသညာများကို စူးစမ်းရှာဖွေနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| | (ခ) (၁.၃) ကျောင်းသားများ၏ သင်ယူနိုင်မှုစွမ်းရည်၊ အတွေ့အကြုံတို့နှင့် ကိုက်ညီသော သင်ပြမှုပုံစံကို ကောင်းမွန်စွာ ရေးဆွဲပြင်ဆင်နိုင်ကြောင်းပြသည်။ | (ခ) (၁.၃.၁) စာသင်ချိန်အားလုံးကို ထိရောက်စွာ အသုံးပြုနိုင်ရန် သင်ခန်းစာကို ဖွဲ့စည်းပြင်ဆင်သည်။<br><br>(ခ) (၁.၃.၂) ကျောင်းသားများ သင်ယူမှုတွင် စိတ်ဝင်စားမှုရှိရန်၊ ၎င်းတို့၏ သင်ယူလိုစိတ်ကို လှုံ့ဆော်နိုင်ရန်၊ ယခင်သင်ယူပြီးသော အကြောင်းအရာများကို သင်ယူမှု အသစ်များနှင့် ချိတ်ဆက်နိုင်ရန် သင်ခန်းစာကို နိဒါန်းပျိုးပေးသည်။<br><br>(ခ) (၁.၃.၃) ကျောင်းသားများ၏ စိတ်ဝင်စားမှုများ၊ အတွေ့အကြုံများကို တုံ့ပြန်ပေးနိုင်ပြီး၊ သင်ယူမှုနယ်ပယ်များကို ပေါင်းစပ်မှုရှိသည့် အစီအစဉ်တကျရှိသော၊ ထိထိမိမိအလေးထားသော သင်ယူမှု အတွေ့အကြုံများကို ကြိုတင်ပြင်ဆင်သည်။<br><br>(ခ) (၁.၃.၄) သင်ယူရမည့် အသိသညာများကို နိဒါန်းပျိုး သရုပ်ဖော်နိုင်ရန် မေးခွန်းမေးနည်းများနှင့် ဥပမာများကို အသုံးပြုသည်။ |
| (ခ-၂) ကျောင်းသား များ၏ သင်ယူမှုကို စစ်ဆေး အကဲဖြတ်ခြင်း၊ လေ့လာကြီး ကြပ်ခြင်းနှင့် အစီရင်ခံခြင်း | (ခ) (၂.၁) ကျောင်းသား၏ သင်ယူမှုကို လေ့လာ ကြီးကြပ် တည့်မတ်ပေးရန် နှင့်စစ်ဆေးအကဲဖြတ်နိုင်ရန် စွမ်းရည်များကို ပြသသည်။ | (ခ) (၂.၁.၂) သင်ခန်းစာများ ပြင်ဆင်ရန် စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိလာသော သတင်းအချက်အလက်များကို အသုံးပြုသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| | (ခ) (၂.၂)<br>စစ်ဆေးအကဲဖြတ်မှု<br>မှတ်တမ်း (အသေးစိတ်)<br>ထားရှိပြီး၊<br>ထိုစစ်ဆေးအကဲဖြတ်ခြင်းမှ<br>ရရှိသော သတင်းအချက်<br>အလက်များကို<br>ကျောင်းသားများ သင်ယူမှု<br>တိုးတက်ရေးအတွက်<br>လမ်းညွှန်သဖွယ် အသုံးပြုနိုင်<br>ကြောင်း ပြသည်။ | (ခ)(၂.၂.၁) ကျောင်းသားများ၏သင်ယူ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို တိကျ မှန်ကန်စွာ မှတ်တမ်းထားသည်။<br><br>(ခ)(၂.၂.၂) ကျောင်းသားများ၏သင်ယူ တိုးတက်မှုကို လေ့လာကြီးကြပ်တည့်မတ် ပေးနိုင်ရန်၊ မှတ်တမ်းထားနိုင်ရန်၊ သင်ရိုးညွှန်းတမ်း ရေးဆွဲရေးအစီအစဉ်များ နှင့်ပတ်သက်၍ သတင်းအချက်အလက်များ ပေးနိုင်ရန် အမျိုးမျိုးသော စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများကို အသုံးပြုသည်။<br><br>(ခ)(၂.၂.၃) ကျောင်းသားများ၏ သင်ယူမှု၊ တိုးတက်မှု အခြေအနေများနှင့် ပေါက်မြောက်အောင်မြင်မှုများကို မိဘများ၊ အခြားပညာပေးသူများနှင့် ဆက်သွယ်ပြောဆိုသည်။ |
| (ခ-၃) ကျောင်းသား များ၏ သင်ယူမှုကို အထောက် အကူပြုသော၊ ဘေးကင်းလုံခြုံ စိတ်ချမှုရှိသော ပတ်ဝန်းကျင်ကို ဖန်တီးပေးသည်။ | (ခ) (၃-၁) ကျောင်းသား အားလုံးအတွက် ဘေးကင်းလုံခြုံမှုရှိပြီး ထိရောက်မှုရှိသော သင်ယူမှုဝန်းကျင်ကို ဖန်တီးနိုင်စွမ်း ရှိကြောင်း ပြသည်။ | (ခ) (၃.၁.၁) သင်ယူမှုလုပ်ငန်းများတွင် ကျောင်းသား အားလုံး ပါဝင်ဆောင်ရွက်မှု အသေအချာရှိစေရေးအတွက် စာသင် ခန်းနေရာအနေအထား၊ အတန်းတွင်းရှိ ပစ္စည်းများနှင့် ရင်းမြစ်များကို စီမံအသုံးပြု သည်။<br><br>(ခ) (၃.၁.၂) တစ်ဦးနှင့်တစ်ဦးအချင်းချင်း အပြန်အလှန် ဆက်သွယ်နိုင်ရန်နှင့် တစ်ဦး ချင်း လွတ်လပ်စွာသော်လည်းကောင်း၊ အသင်းအဖွဲ့ဖြင့်သော်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ကျောင်းသား များကို အားပေးသည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| | | (ခ) (၃.၁.၃) စာသင်ခန်းနှင့် ကျောင်းအတွင်း ကျောင်းသားများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာမှုနှင့် ဘေးကင်း လုံခြုံမှု အသေအချာရှိစေရန် ကျန်းမာရေး အလေ့အကျင့်ကောင်း များနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများကို တိုးမြှင့် ဆောင်ရွက်သည်။ |
| | (ခ) (၃.၂) ကျောင်းသားများ ၏အပြုအမူများကို စီမံခန့်ခွဲရန် နည်းဗျူဟာများ သုံး၍ ဖြေရှင်းနိုင်စွမ်း ရှိကြောင်း ပြသည်။ | (ခ) (၃.၂.၂) ကျောင်းသားများအား တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားစွာ တန်ဖိုးထားပြီး ဆက်ဆံရန်နှင့် ဘေးကင်းလုံခြုံရန်အားပေးသည်။ |
| (ဃ-၁) မိမိ၏ သင်ကြားရေး လက်တွေ့ဆောင်ရွက်မှု များကို ပြန်လည် ထင်ဟပ်သုံး သပ်သည်။ | (ဃ) (၁.၁) မိမိ၏ လက်တွေ့သင်ကြားမှုနှင့် ကျောင်းသားများ၏ သင်ယူမှုအပေါ် ယင်းတို့၏ အကျိုးသက်ရောက်ပုံကို ပုံမှန် ထင်ဟပ်စဉ်းစား သုံးသပ်သည်။ | (ဃ) (၁.၁.၃) ဆရာတစ်ယောက်အနေဖြင့် မိမိတို့၏ ဆရာအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်ပယ်များ ဖော်ထုတ်နိုင်ရန် အတွေ့အကြုံများ၊ လုပ်ငန်းဆောင်ရွက်မှုများကို ပုံမှန်ထင်ဟပ်သုံးသပ်သည်။ |
| (ဃ-၂) သင်ကြားရေး လက်တွေ့ကျင့်သုံးမှုများ တိုးတက်မြင့်မားရေး အတွက် လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်း ဆောင်ရွက်သည်။ | (ဃ) (၂.၁) အခြားဆရာများ ထံမှ သင်ယူခြင်းဖြင့် လည်းကောင်း၊ သင်ကြားရေး အတတ်ပညာဆိုင်ရာ စွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများအားဖြင့် လည်းကောင်း၊ မိမိ၏ လက်တွေ့သင်ကြားမှုများ ကို တိုးတက်စေသည်။ | (ဃ) (၂.၁.၁) လေ့လာကြီးကြပ်သူများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် လက်တွေ့သင်ကြားမှုများကို ဆွေးနွေးသည်။ အပြုသဘောဆောင်သော သုံးသပ်အကြံ ပြုချက်များကို စိတ်ဆန္ဒထက်သန်စွာ လက်ခံရယူသည်။<br><br>(ဃ) (၂.၁.၃) ဆရာတစ်ယောက်အနေဖြင့် မိမိ၏ ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက် ချမှတ် ဆောင်ရွက်သည်။ |

| တတ်ကျွမ်းမှု စံသတ်မှတ်ချက် | အနိမ့်ဆုံးလိုအပ်ချက်များ | အညွှန်းကိန်းများ |
|---|---|---|
| | | (ဃ) (၂.၁.၄) အသိအမှတ်ပြုထားသော ဆရာအတတ်ပညာအဖွဲ့အစည်းများနှင့် ကျောင်းအုပ်စုများက ဆောင်ရွက်သည့် ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်သည်။ |

*ရင်းမြစ်။* မြန်မာနိုင်ငံဆရာများအတွက် တတ်ကျွမ်းမှု စံ သတ်မှတ်ချက် အညွှန်းဘောင် (TCSF)၊ လုပ်ငန်းခွင်၌ စတင် တာဝန်ထမ်းဆောင်သော ဆရာများ၊ အင်္ဂလိပ်ဘာသာမူကြမ်း (၃.၂)၊ (၂၀၁၉ မေလ) (စာ ၃၀ မှ ၃၆ အထိ)

## အရွယ်ရောက်သူ လူငယ်များအား သင်ကြားပို့ချခြင်း

သင်၏စာသင်ခန်းအတွင်းရှိ ကျောင်းသားများသည် အရွယ်ရောက်သူ လူငယ်များ ဖြစ်ကြသည်။ အထောက်အထားများအရ ယင်းလူငယ်များသည် အောက်ပါအခြေအနေများတွင် အကောင်းဆုံး သင်ယူကြသည်။

- ဘာသာရပ်ပါအကြောင်းအရာများသည် ယင်းတို့၏ ယခင်ကရှိပြီးသားအသိ၊ အတွေ့အကြုံများနှင့် ချိတ်ဆက်မှုရှိသောအခါ
- အတန်းတွင်း၊ အတန်းပြင် သင်ယူမှုများတွင်တက်ကြွစွာ ပါဝင်ရန် အခွင့်အလမ်းရသောအခါ နှင့်
- မိမိ၏ သင်ယူမှုကို မိမိတာဝန်ယူရပြီး လေးနက်စွာ စဉ်းစားတွေးခေါ်ရသည့် ကျွမ်းကျင်မှု၊ ပေါင်းသင်းဆက်ဆံပြောဆိုရသော ကျွမ်းကျင်မှုများ ဖွံ့ဖြိုးစေအောင် ပြုလုပ်စေသောအခါ တို့တွင်ဖြစ်သည်။

သင်ယူရမည့် အကြောင်းအရာများကို အမျိုးမျိုးသော သင်ကြားသည့်ပုံစံများ၊ သင်ယူနည်းများသည် အရွယ်ရောက်သူ လူငယ်များအား သင်ကြားသည့် သဘောတရားများမှ 'အလေ့အကျင့်ကောင်း' များကို ဤဆရာလမ်းညွှန်တွင် အဆိုပြုထားသည်။

### ၁။ ဆီလျော်မှုရှိပါစေ။

အရွယ်ရောက်သူ လူငယ်များသည် ဦးတည်ချက်ရည်မှန်းချက်ပန်းတိုင်ရှိပြီး လက်တွေ့ကျလေ့ရှိသည်။ ၎င်းတို့၏ သင်ယူမှုများသည် နေ့စဉ်ဘဝတွင်အဘယ်ကဲ့သို့ အရေးပါကြမည်ဆိုသည်ကို နားလည်သဘောပေါက်လိုကြသည်။ ဆိုလိုသည်မှာ ကျောင်းသားများ သင်ခန်းစာကို သင်ယူလိုက်ခြင်းအားဖြင့် မည်သည့်အရာများကို တတ်မြောက်သွားမည်၊ အဘယ်ကြောင့် သင်ယူရန်လိုအပ်သည် ဆိုသည့်အချက်နှင့် ပတ်သက်၍ တိကျရှင်းလင်းမှုရှိသော ပန်းတိုင်နှင့် ရည်မှန်းချက်များရှိရန် အရေးကြီးသည်။ ကျောင်းသားများသည် ယင်းတို့၏ အနာဂတ် အသက်မွေးမှုလုပ်ငန်းနှင့် ယခုသင်ယူနေသော အကြောင်းအရာများသည် တစ်ခုနှင့်တစ်ခု ဆက်နွှယ်ပတ်သက်နေသည်ကို သိမြင်ရန်လိုအပ်သည်။ ကျောင်းသားများ ယခုသင်ယူနေသည်များသည် သို့မဟုတ် တစ်ဦးချင်း သင်ယူနေခြင်းများသည် ဆရာဖြစ်လာမည့် ၎င်းတို့အတွက် အဘယ်မျှ အသုံးဝင်သည်ကို ရှင်းလင်းစွာပြောပြရပါမည်။

## ၂။ သင့်ကျောင်းသားများ၏ နောက်ခံဘဝအခြေအနေများကိုသိပါ။

သင်၏ ကျောင်းသားများသည် အနည်းဆုံး(၁၈)နှစ် ဘဝအတွေ့အကြုံများနှင့် အတူ ရောက်ရှိလာကြမည်ဖြစ်သည်။ ဘာသာရပ်ပါ အကြောင်းအရာ သင်ခန်းစာများသည် ကျောင်းသားများ သင်ယူပြီးစီးခဲ့သည့် ပညာရေးအဆင့်နှင့် ၎င်းတို့နေ့စဉ်ဘဝအဖြစ်အပျက်များကို ထင်ဟပ်နေစေသင့်ပါသည်။ အရွယ်ရောက်သူ လူငယ်များ၏ အတွေ့အကြုံနှင့် ဗဟုသုတများကို တန်ဖိုးထားခြင်းအားဖြင့် လေးစားမှုပြပေးရန်လိုသည်။ သင်ယူမှုအပေါ် နားလည်သဘောပေါက်စေရန်နှင့် သင်ခန်းစာအကြောင်းအရာကို ဆက်စပ်နိုင်စေရန် ကျောင်းသားများ၏ လက်တွေ့ဘဝ အတွေ့အကြုံများ၊ သင်ယူခဲ့သော အသိပညာဗဟုသုတများအား သင်ခန်းစာ၏ မည်သည့်နေရာနှင့် ချိတ်ဆက်ပေးရမည်ကို ရှာဖွေရပါမည်။

## ၃။ စူးစမ်းလေ့လာဖော်ထုတ်မှုကိုအားပေးပါ။

အရွယ်ရောက်သူ လူငယ်များဖြစ်သည့် ကျောင်းသားများသည် ယင်းတို့၏ သင်ယူမှုများကို ကိုယ်တိုင်လမ်းညွှန်မှုတို့ဖြင့် လုပ်ဆောင်နိုင်စွမ်း ရှိကြပါသည်။ ပြဿနာဖြေရှင်းခြင်းနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းလိုအပ်သော သင်ယူမှု လုပ်ငန်းများသည် ကျောင်းသားများအား သင်ခန်းစာအကြောင်းအရာများကို လေးနက်စွာနှင့် အဓိပ္ပာယ်ရှိစွာ ဆက်စပ်နိုင်ရန် ကူညီပေးသည်။ ဤသို့ပြုလုပ်ရန် ကျောင်းသားများအား အုပ်စုလိုက်ဆွေးနွေးစေခြင်းများ၊ လက်တွေ့ဘဝနှင့် ဆက်စပ်သော လေ့ကျင့်မှုများနှင့် အခြားသူများကိုသင်ပြပေးရန် အခွင့်အလမ်းများပေးပြီး တက်ကြွစွာ ပါဝင်လာစေရန် နည်းလမ်းများကိုရှာဖွေပါ။ ဤသို့ပြုလုပ်ပေးခြင်းသည် သင့်ကိုယ်သင် ဆရာတစ်ဦးအနေဖြင့်ထက် ပံ့ပိုးကူညီသူတစ်ဦးအဖြစ် တွေးမိစေနိုင်ပါသည်။ စာသင်ခန်း အတွင်းရှိ ကျောင်းသားများအား ၎င်းတို့စိတ်ဝင်စားသောအရာကိုရှာဖွေစေပြီး တွေ့ရှိသွားသော စိတ်ဝင်စားမှုနောက်လိုက်၍ သင်ယူမှုကို ကိုယ်တိုင်ဦးစီး ဦးဆောင်ပြုလျက် သင်ယူစေခြင်းမျိုးကို တိုက်တွန်းအားပေးနိုင်ပါသည်။

## စာသင်ခန်းအတွင်း ကျား၊ မ ရေးရာ တန်းတူညီမျှမှုနှင့် လူတိုင်းပါဝင်မှု

စာသင်ခန်းအတွင်း ကျား၊ မ ရေးရာ ခွဲခြားမှုမရှိဘဲ တန်းတူဆက်ဆံခြင်းကို တက်ကြွစွာ ဖော်ဆောင်ခြင်းသည် သင်ကြားမှုတွင် မရှိမဖြစ် အရေးပါသော အင်္ဂါရပ်တစ်ခုဖြစ်သည်။ သင်ယူမှုနည်းလမ်းများနှင့် အထောက်အကူပေးသော ရင်းမြစ်များကို စဉ်းစားရာတွင် အောက်ပါ အချက်များကို ထည့်သွင်းစဉ်းစားသင့်သည်။ **ကျောင်းသားအားလုံး၏ စိတ်ထဲတွင် ကျား၊ မ ခွဲခြားမှုမရှိဘဲ မိမိတို့၏လုပ်ဆောင်မှုများကို တန်းတူညီမျှ တန်ဖိုးထားခံရသည်။ မိမိတို့သည် သင်ယူမှုအခွင့်အလမ်းများကို ညီမျှစွာရကြသည်** ဟူသောခံစားချက်များကို ပေးနိုင်သည့် အပြုသဘောဆောင်ပြီး လုံခြုံစိတ်ချရသော သင်ယူမှုဝန်းကျင်ဖြစ်လာစေရန် ပံ့ပိုးကူညီပေးခြင်း ဖြစ်သည်။

ပညာရေးကောလိပ် ဆရာတစ်ဦးအနေဖြင့် မိမိတို့ကျောင်းသားများ၏ သင်ယူမှု အခွင့်အလမ်းများ ညီတူညီမျှရရှိရေး သာမကဘဲ ၎င်းတို့ကိုယ်တိုင် ကျား၊မ ရေးရာ ခွဲခြားမှုမရှိဘဲ တန်းတူဆက်ဆံခြင်း၏ အရေးကြီးပုံကို တန်ဖိုးထားတတ်လာပြီး ထိုအသိ သဘောထားများကို ၎င်းတို့၏ လေ့ကျင့် သင်ကြားခြင်းများတွင် အသေအချာထည့်သွင်း စဉ်းစားကြစေရန်မှာလည်း ပညာရေးကောလိပ် ဆရာများ၏ တာဝန်ပင်ဖြစ်ပါသည်။ စာသင်ခန်းအတွင်းတွင် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ဖွံ့ဖြိုးလာသော ကျား၊ မ တန်းတူရေးဆိုင်ရာ အသိပညာ၊ စိတ်သဘောထား တန်ဖိုးထားမှုနှင့် ကျွမ်းကျင်မှုများသည် ကျောင်းသားများ၏ အနာဂတ်အပြုအမူများအပေါ် ရေရှည်သက်ရောက်မှု ရှိနိုင်ပါသည်။ ထို့ပြင် အောင်မြင်သောဘဝများဖြင့် ရှင်သန်နိုင်မည့် အရည်အသွေးများအပေါ်ထိ အကျိုးသက်ရောက်မှုများရှိပါသည်။

ဆရာကိုယ်တိုင် မိမိတို့၏ ကျား၊ မ ဆိုင်ရာ ဘက်လိုက်မိသော အပြုအမူများ၊ အပြောအဆို စကားအသုံးအနှုန်းများကိုလည်း သတိပြုမိပါစေ။ မိမိ၏ လုပ်ဆောင်မှုများ၊ မိမိအသုံးပြုသော သင်ကြားသင်ယူမှုနည်းလမ်းများကို ပြန်လည်ဆင်ခြင်သုံးသပ်ပါ။ စာသင်ခန်းအတွင်း ကျား၊ မ တန်းတူ ညီမျှမှုနှင့် လူတိုင်းပါဝင်မှုရှိကြောင်း သေချာစေရန် ဤနည်းလမ်းများကို ထည့်သွင်းစဉ်းစားပါ။

- ကျား၊ မ အမည်တပ်ပြီး ခေါ်ခြင်း၊ ပြောခြင်း ကြိမ်နှုန်း ညီမျှပါစေ။ အမည်မသိသူများ အကြောင်းပြောပါက သူ၊ သူမ ဟူသော နာမ်စားကို တစ်လှည့်စီ သုံးပါ။

- ကိုးကားချက်များသုံးပါက ကျား နှင့် မ နှစ်ဖက်လုံးမှ ပြောကြားသည့် အမြင်နှစ်မျိုးလုံး ပါပါစေ။
- ရုပ်ပြပုံများ အသုံးပြုပါက ကျား နှင့် မ နှစ်မျိုးလုံး ညီမျှစွာ အသုံးပြုပါ။ လက်ရှိ ကျား၊ မ ရေးရာ တရားသေ မှတ်ယူထားသည်များကို အားမပေးမိရန် သတိပြုပါ။
- စာသင်ခန်းအတွင်းတွင် ကျား၊ မ ရေးရာ သာတူညီမျှမှုနှင့် လူတိုင်းအတွက်အကျုံးဝင်သော ဘာသာစကားကို အသုံးပြုပါ။ သင်၏ကျောင်းသားများကိုလည်း ထိုနည်းတူ ကျင့်သုံးရန် ပြောပါ။
- ကျောင်းသားများအား ကျား၊ မ ရေးရာသဘောကို သတိပြုမိရန်၊ ကျား၊ မ ရေးရာ ဘက်လိုက်ခြင်း သဘောထားများကို မြင်လာအောင် မီးမောင်းထိုးပြပါ။ ကျောင်းသားများ အား မိမိတို့၏ အပြုအမူများကို ပြန်လည် သုံးသပ်ရန် အားပေးပါ။
- ဘာသာရပ်မျိုးစုံကို သင်ကြားသည့်အခါ ကျောင်းသားများ၊ ကျောင်းသူများနှင့် ပြောဆို ဆွေးနွေးရာတွင် တန်းတူညီမျှမှု ရှိပါစေ။ ဥပမာ- မေးခွန်းမေးသောအခါ၊ မိမိဆန္ဒအလျောက် လုပ်လိုသူများရွေးသောအခါ၊ လုပ်ငန်းခေါင်းဆောင် ရွေးသောအခါ၊ ချီးကျူးအသိအမှတ်ပြု စကားပြောသောအခါ၊ မျက်လုံးချင်း ဆုံကြည့်သောအခါ သို့မဟုတ် ကျောင်းသားအမည် များကို မှတ်မိအောင်ပြုလုပ်သည့်အခါများ၌ပင် ညီမျှမှုရှိပါစေ။
- အတန်းတွင်း၌ ပို၍နှုတ်ဆိတ်နေတတ်သော ကျောင်းသားဖြစ်ပါက ကျား၊ မ မရွေးဘဲ အားပေးကူညီ ပံ့ပိုးပေးပါ။
- ကျားရော၊ မ ပါ ညီမျှစွာ ပါဝင်လုပ်ဆောင်မှုကို အထောက်အကူဖြစ်စေသော သင်ကြား သင်ယူမှု နည်းလမ်းများနှင့် စစ်ဆေးအကဲဖြတ်ခြင်း ချဉ်းကပ်နည်းများ ဥပမာ- အုပ်စုလုပ်ငန်း၊ သရုပ်ဆောင် သင်ကြား သင်ယူခြင်း၊ အုပ်စုဆွေးနွေးခြင်းများကို အသုံးပြုပါ။ ကျောင်းသားအားလုံး၏ သင်ယူမှုလိုအပ်ချက်များ၊ သင်ယူပုံဟန်များကို ထည့်သွင်းစဉ်းစားပြီး၊ ကျောင်းသားရော ကျောင်းသူများပါ တက်ကြွစွာ ပါဝင်လုပ်ဆောင်ရန် အခွင့်အလမ်းပေးပါ။ တစ်ဦးတစ်ယောက်တည်းက လွှမ်းမိုးထားမှု မရှိအောင် လုပ်ငန်းများကို စီမံခန့်ခွဲပေးရပါမည်။
- ဘာသာရပ်တိုင်းတွင် ကျောင်းသားများက မိမိတို့၏ လုပ်ဆောင်မှုများနှင့် ပတ်သက်ပြီး မျှော်မှန်းချက်များ ချမှတ်ရာတွင် ကျားနှင့် မ တန်းတူ ချမှတ်နိုင်ရန် ပြုလုပ်ပေးပါ။
- အတန်းတွင်း၌ အုပ်စုဖွဲ့ခြင်း၊ ထိုင်ခုံစီစဉ်ခြင်း၊ အတန်းကိုအလှဆင်ခြင်းများ ပြုလုပ်ရာတွင် ကျား၊ မ ရေးရာ အလေးထား သိရှိနားလည် သတိပြုမိပြီး ညီမျှမှုရှိစေရန် ပြုမူဆောင်ရွက် ရပါမည်။

စာသင်ခန်းအတွင်း အသုံးပြုသည့် ဘာသာစကား၊ ယဉ်ကျေးမှု ဓလေ့များအရ အမျိုးသားများနှင့် အမျိုးသမီးများအပေါ် မျှော်မှန်းထားသော စံသတ်မှတ်ချက်များ၊ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများမှ တစ်ဆင့် ကျား၊ မ ရေးရာ တရားသေမှတ်ယူထားခြင်းများအား အမှုမဲ့အမှတ်မဲ့ ပြန်လည်အားပေးမှုကို ဖြစ်စေတတ်ပါသည်။ သို့ဖြစ်၍ ကျား၊ မ အားလုံးပါဝင်သော စာသင်ခန်းဝန်းကျင်တစ်ခုကို အားပေးဖော်ဆောင်ခြင်းဖြင့် အခြေခံပညာ စာသင်ခန်းများအတွင်း ကျောင်းသား ကျောင်းသူတို့၏ ကျား၊ မ တန်းတူ သာတူညီမျှမှုကို ကောင်းမွန်စွာ အထောက်အကူပြုသည့် ကျား၊ မ ရေးရာ အလေးထား သိရှိနားလည်မှုကို ထည့်သွင်းစဉ်းစား လုပ်ဆောင်သည့် အလေ့အကျင့်များ တည်ဆောက်မှုကို အားပေးကူညီရပါမည်။

## သင်ကြား သင်ယူမှုနည်းလမ်းများကို စုစည်းပေးထားသော သင်ထောက်ကူသေတ္တာ

ဤဆရာလမ်းညွှန်စာအုပ်တွင် ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာတစ်ခုစီအတွက် အကြံပြု ထားသော သင်ယူမှုလုပ်ငန်းများ ပါဝင်သည်။ အဆိုပါ သင်ယူမှုလုပ်ငန်းများကို သင်ခန်းစာပြင်ဆင် ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍တင်ပြထားခြင်းဖြစ်သည်။ သို့သော် ကျောင်းသားများ ရရှိစေလိုသည့် အသိပညာ၊ ကျွမ်းကျင်မှုများနှင့် သဘောထားများ တိုးတက်ဖွံ့ဖြိုးစေရန် ဆရာလမ်းညွှန်ပါ အကြံပြုချက်များ အတိုင်း တစ်သဝေမတိမ်း လိုက်နာလုပ်ဆောင်ရန်မဟုတ်ပါ။ သင်ကြားရမည့် ကျောင်းသားများ၏ နောက်ခံအကြောင်းအရာနှင့် လိုအပ်ချက်အရ အသင့်လျော်ဆုံးဖြစ်မည့် သင်ခန်းစာများ၊ သင်ကြားနည်းများကို အသုံးပြုရန် တိုက်တွန်းပါသည်။

အောက်ဖော်ပြထားသော သင်ယူမှုလုပ်ငန်းများကို ဤလမ်းညွှန်စာအုပ်တွင် အသုံးပြုထားပါသည်။ သင်၏ သင်ခန်းစာများ ပြင်ဆင်ရာတွင်လည်းကောင်း၊ သင်ခန်းစာများကို အဆင်ပြေအောင် ပြုပြင်ရာတွင်လည်းကောင်း အထောက်အကူဖြစ်စေရန် အသုံးပြုနိုင်ပါသည်။ ဤသင်ကြား သင်ယူမှု နည်းလမ်းများသည် ပြီးပြည့်စုံပြီဟု မဆိုနိုင်ပါ။ သင့်အနေဖြင့် အခြားသင်ကြားပို့ချမှုနှင့် သင်ယူမှုဆိုင်ရာနည်းလမ်းများကို ဉာဏ်ဖွင့်စဉ်းစားကြည့်ရန် ဆန္ဒရှိပါက http://www.theteachertoolkit.com/index.php/tool/all-tools သို့မဟုတ် အခြားအလားတူ ဝက်ဘ်ဆိုက်ဒ်များသို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## လုပ်ငန်းတာဝန်များ (Assignments)

ကျောင်းသားများအားပေးနိုင်သော လုပ်ငန်းတာဝန်များတွင် ပုံစံတကျ သီကုံးရေးသားမှုများ၊ ကျောင်းသားတစ်ဦးချင်းစီ၏ ဆောင်ရွက်မှုကို စုစည်းထားသော သင်ယူမှုအထောက်အထား မှတ်တမ်း (Portfolios)၊ ပြန်လည်သုံးသပ်ချက်နေ့စဉ်မှတ်တမ်း(ဂျာနယ်)များ ပါဝင်နိုင်သည်။ အခြားသော ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းငယ်များလည်း ပါဝင်နိုင်သည်။ ဥပမာ-ဖတ်ထားသော စာများအပေါ် မေးသောမေးခွန်းများကို ဖြေဆိုခြင်းကဲ့သို့သော အိမ်စာအလုပ်များဖြစ်သည်။ လုပ်ငန်းတာဝန်များသည် ကျောင်းသားများအား ယခင်က သင်ကြားခဲ့ပြီးဖြစ်သော အကြောင်းအရာများအား ပြန်လည်သုံးသပ်ရန်အတွက် အားပေးကူညီပေးသည်။ လုပ်ငန်းတာဝန်များသည် ကျောင်းသားများအား ရှေ့ဆက်သင်ယူမှုများအတွက် ပြင်ဆင်ရန် အထောက်အကူ ဖြစ်စေနိုင်ပါသည်။ ဥပမာ- သင်ခန်းစာ မသင်ကြားမီ ဆရာက ကျောင်းသားများအား ကျောင်းသားကိုင် စာအုပ်ပါ ထိုသင်ခန်းစာကို ကြိုတင်ဖတ်ရန်မှာကြားခြင်း။

## ဖြစ်ရပ် လေ့လာခြင်း (Case studies)

ဖြစ်ရပ်များလေ့လာခြင်းများအားဖြင့် ကျောင်းသားများသည် ၎င်းတို့သင်ယူထားသည့် အချက်များကို ဇာတ်လမ်းများ၊ ဇာတ်ကွက်ဖြစ်ရပ်များတွင် အသုံးချကြရသည့်အတွက်ကြောင့် ကျောင်းသားများ၏ ပြဿနာဖြေရှင်းနိုင်ခြင်း စွမ်းရည်နှင့် ဝေဖန်သုံးသပ် တွေးခေါ်နိုင်ခြင်း အလေ့အကျင့်ဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်လာစေသည်။ ပထမဦးစွာ ကျောင်းသားများသည် ဖြစ်ရပ်များကို ဖတ်ကြသည်။ ထို့နောက် ဇာတ်ကွက်နှင့် ပတ်သက်၍ မေးထားသော အဖွင့်မေးခွန်းတစ်ခု သို့မဟုတ် မေးခွန်းများကို ဖြေဆိုရန် ဆွေးနွေး ကြသည်။ အများအားဖြင့် ကျောင်းသားများသည် ဖြစ်ရပ်များတွင်တင်ပြထားသော ပြဿနာအတွက် အဖြေများကို အဆိုပြုရလေ့ရှိကြသည်။

## ဦးဆောင်ညွှန်ကြားသော လုပ်ငန်းများ (Directed activities)


ဤလုပ်ငန်းများသည် ဆရာက ချမှတ်ပေးသောလုပ်ငန်းများဖြစ်ကြပြီး ကျောင်းသားများက တစ်ဦးချင်း ဆောင်ရွက်ရသော လုပ်ငန်းများဖြစ်သည်။ ဥပမာ-လက်တွေ့တန်းပြလေ့ကျင့်နေချိန် အတွင်းတွင် အခြေခံပညာ ကျောင်းမှ ဆရာတစ်ဦးဦးကို တွေ့ဆုံမေးမြန်းသောလုပ်ငန်းများ

သို့မဟုတ် သင်နည်းတစ်ခုအား တစ်ဦးတည်း သုတေသနပြုလုပ်ခြင်း လုပ်ငန်းများဖြစ်သည်။ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ရသော လုပ်ငန်းများ၏ နောက်ဆက်တွဲအနေဖြင့် ကျောင်းသားများအား ၎င်းတို့ သင်ယူခဲ့သည်များ၊ အချင်းချင်းထံမှ သင်ယူခဲ့သည်များကို ပြန်လည်မျှဝေရန် အခွင့်အလမ်း ပေးသည့်အနေဖြင့် အနီးကပ် ဆွေးနွေးသင်ကြားခြင်း (ကျူတိုရီရယ်များ)၊ ဆွေးနွေးပွဲများ၊ နီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးသည်။

## ပြခန်းလှည့်လည်ကြည့်ရှုသင်ယူခြင်း (Gallery walk)

ဤလုပ်ငန်းတွင် ကျောင်းသားများသည် အုပ်စုလိုက် ဆွေးနွေးဖြေဆိုသောလုပ်ငန်း သို့မဟုတ် ပိုစတာတစ်ခုစီကိုပြုလုပ်ကြပြီး နေရာအသီးသီးတွင် ချိတ်ဆွဲပြသကြသည်။ အုပ်စုများအလိုက် ပိုစတာများကို လှည့်လည်ကြည့်ရှုကြပြီး သုံးသပ်ချက်၊ ဝေဖန်ချက်၊ မေးခွန်း သို့မဟုတ် အကြောင်းအရာကို ထပ်ဆောင်း ဖြည့်စွက်ချက်များ ရေးကြသည်။


သင်သည် ကျောင်းသားများ၏ လုပ်ဆောင်ထားမှုများအား ပြသထားပြီး အလားတူ လုပ်ငန်းမျိုးကို ပြုလုပ်နိုင်သည်။ တစ်ဦးချင်း သို့မဟုတ် အုပ်စုလိုက် လုပ်ဆောင်ထားသော ပိုစတာများကို အခန်းပတ်လည်တွင် ပြသထားနိုင်သည်။ ကျောင်းသားများက လှည့်ပတ်ကြည့်ပြီး ၎င်းတို့ မေးလိုသော မေးခွန်းများ၊ ဝေဖန်ချက်များကို ပိုစတာပေါ်တွင်ရေးကြသည်။




## ဂရပ်ဖစ်ပုံများ အသုံးပြုသင်ယူခြင်း (Graphic organisers)

ရုပ်ပုံများဖြင့်စုစည်းဖော်ပြခြင်းသည် ကျောင်းသားများအား ဉာဏ်ဖွင့်စဉ်းစားစေပြီး ၎င်းတို့၏ အတွေးများ၊ စိတ်ကူးများကို ပိုမိုလွယ်ကူစွာ နားလည်လာစေရန် စုစည်းရာ၌ အထောက်အကူပြုသည့် ရိုးရှင်းပြီး ထိရောက်မှုရှိသော နည်းလမ်းတစ်ခုဖြစ်သည်။ ရုပ်ပုံများဖြင့် စုစည်းဖော်ပြခြင်းကို ဉာဏ်ဖွင့်စဉ်းစားရန်၊ အစီအစဉ်ပြုလုပ်ရန်၊ ပြဿနာဖြေရှင်းရန်နှင့် ဆုံးဖြတ်ချက်ချရန် မည်သည့် သင်ခန်းစာတွင်မဆို အသုံးပြုနိုင်သည်။ အသုံးများသော ရုပ်ပုံများဖြင့်စုစည်းဖော်ပြခြင်းအချို့ကို သင်၏ ဆရာလမ်းညွှန်စာအုပ်တွင် တွေ့ရပါမည်။

- **စိတ်ကူးပုံဖော်ခြင်း (Mind Mapping/ Concept Map)**
  စိတ်ကူးပုံဖော်ခြင်းကို အသိပညာများ (concepts)၊ စိတ်ကူးများ တစ်ခုနှင့်တစ်ခု မည်သို့ ဆက်စပ်နေကြောင်းကို မြင်သာအောင်ပြပေးခြင်းဖြစ်သည်။ ဉာဏ်ဖွင့်စဉ်းစားပြီး ရရှိလာသော အချက်အလက်များကို စုစည်းရန် အသုံးဝင်သည်။ စိတ်ကူးပုံဖော်ခြင်းကို ပုံစံအမျိုးမျိုးဖြင့် ပြနိုင်သည်။ ခက်ခဲမှုအဆင့်အမျိုးမျိုးဖြင့်လည်း ပြနိုင်သည်။ ရှေးဦးစွာကျယ်ပြန့်သော ယေဘုယျကျသည့် ခေါင်းစဉ်နှင့်စပြီး ထိုအကြောင်းအရာ၏ ခေါင်းစဉ်ခွဲလေးများ သို့မဟုတ် ပိုမိုအသေးစိတ်သော အသိပညာများကို ကွန်ရက်ပုံစံဖြင့် ဆက်သွယ်သည်။ အောက်တွင် ရိုးရှင်းသော စိတ်ကူးပုံဖော်ခြင်းကို တင်ပြထားပါသည်။



- **ဗင်ပုံဖြင့်သင်ကြားသင်ယူခြင်း (Venn diagram)**
  မတူသော အကြောင်းအရာ သို့မဟုတ် စိတ်ကူးနှစ်ခု (က) နှင့် (ခ) ကို နှိုင်းယှဉ်လိုသောအခါ Venn ပုံစံကားချပ်ကို သုံးသည်။ စက်ဝိုင်းနှစ်ခုထပ်နေသောနေရာသည် (က)နှင့် (ခ) တို့၏တူနေသော လက္ခဏာများ ဖြစ်ကြသည်။ထပ်မနေသောနေရာများမှာ (က)နှင့် (ခ) တို့၏ သီးသန့်ကိုယ်ပိုင် လက္ခဏာများ ဖြစ်ကြသည်။




- **သိခြင်း၊ သိလိုခြင်း၊  သိနားလည်သွားခြင်း (KWL Chart)**
  ဤနည်းလမ်းသည် ယူနစ်တစ်ခု၊ သင်ခန်းစာတစ်ခုကို မသင်မီ၊ သင်နေဆဲ၊ သင်ပြီးချိန်များတွင် အကြောင်းအရာ၊ သတင်းအချက်အလက်များကိုစုစည်းနိုင်ရန် ကျောင်းသားများအား ကူညီပေးနိုင်သည်။ ကျောင်းသားများအား သင်ခန်းစာခေါင်းစဉ် အသစ်တစ်ခုကို စိတ်ဝင်စားလာစေရန် ယခင်က သိပြီးသော အချက်များကို နှိုးဆွပေးသည်။ အခန်း၏ သင်ယူမှု ဦးတည်ချက်များ (unit objectives)ကို ပြောပြပြီး ကျောင်းသားများ၏သင်ယူမှုကို ကြီးကြပ်ပေးသည်။  ဤနည်းကို အုပ်စုလုပ်ငန်း၊ အတန်းလုပ်ငန်း သို့မဟုတ် တစ်ဦးချင်း လုပ်ငန်းအဖြစ် ပေးနိုင်သည်။ သင်ခန်းစာ သို့မဟုတ် အခန်းတစ်ခန်း(unit)ကို မသင်မီ ကျောင်းသားများအား ပထမကော်လံနှစ်ခုတွင် မိမိတို့ သိပြီးသည့် အကြောင်းအရာနှင့် သိလိုသောအကြောင်းအရာများကိုဖြည့်ပါစေ။ သင်ခန်းစာ သို့မဟုတ် အခန်း(unit)ကို သင်ပြီးချိန်တွင် ၎င်းတို့ သင်ယူတတ်မြောက်သွားသော အချက်များကို ဖြည့်ရပါမည်။

| K<br>သိပြီးအချက်များ | W<br>သိလိုသောအချက်များ | L<br>သိနားလည်သွားသော အချက်များ |
|---|---|---|
| | | |

- **တီပုံဇယားကွက် (T Chart)**
  တီပုံဇယားကွက်ကားချပ်သည် ကျောင်းသားများအား ခေါင်းစဉ်တစ်ခုကို ရှုထောင့်နှစ်မျိုးမှ ကြည့်တတ်ရန် ကူညီပေးသည်။ ဥပမာ - ကောင်းသောအကျိုးဆက်များနှင့် ဆိုးသော အကျိုးဆက်များ သို့မဟုတ် မှန်ကန်သော အချက်နှင့် ထင်မြင်ချက်။

| ခေါင်းစဉ်(၁) | ခေါင်းစဉ်(၂) |
|---|---|
| | |

**အုပ်စုလုပ်ငန်း (Group work)**

အုပ်စုလုပ်ငန်းဆိုသည်မှာ ကျောင်းသားများအား လုပ်ငန်းတစ်ခုအပေါ် ပူးပေါင်းလုပ်ဆောင်စေခြင်းကို ဆိုလိုသည်။ ဥပမာ-အောက်တွင်ဖော်ပြထားသော ဖြတ်ဆက်လုပ်ငန်းကိုကြည့်ပါ။ အုပ်စုလုပ်ငန်းသည် ကျောင်းသားများ တက်ကြွစွာသင်ယူနိုင်မှုကို ဖြစ်စေသည်။ အုပ်စုလုပ်ငန်းသည် ကျောင်းသားများအား လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်း၊ ဆက်သွယ်ပြောဆိုခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်း ကျွမ်းကျင်မှုများကို လေ့ကျင့်ပေးသည်။ ကျောင်းသားများသည် အုပ်စုအတွင်းမေးခွန်းများ ဖြေခြင်း၊ တင်ပြရန်ဖန်တီး တီထွင်ခြင်း၊ သင်ပြမှုပုံစံရေးခြင်းဖြစ်ရပ်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ သရုပ်ဆောင်ခြင်းဖြင့် သင်ယူခြင်းနှင့် အခြားသော သင်ယူမှုလုပ်ငန်းများကိုပြုလုပ်ကြသည်။ အုပ်စုဝင်များအားလုံး အုပ်စုလုပ်ငန်းတွင် နှစ်မြုပ်ပြီး ပါဝင်လုပ်ဆောင်လာကြစေရန် တစ်ဦးချင်းစီ တာဝန်ယူရမည့် လုပ်ငန်းများကိုခွဲခြားပေးနိုင်ပါသည်။ ဥပမာ - မှတ်တမ်းတင်သူ၊ တင်ပြသူ၊ အုပ်စုခေါင်းဆောင်စသည်အားဖြင့် သတ်မှတ်တာဝန်ပေးနိုင်သည်။

## ဖြတ်ဆက်လုပ်ငန်းပေးခြင်း (Jigsaw)

ဖြတ်ဆက်လုပ်ငန်းတွင် အုပ်စုငယ်လေးများသည် သင်ခန်းစာခေါင်းစဉ်မှ အပိုင်းတစ်ပိုင်းကို ကျွမ်းကျင်သူများဖြစ်ကြပြီး ထိုကျွမ်းကျင်သောအပိုင်းကို အချင်းချင်းပြန်လည်သင်ပြပေးရသော လုပ်ငန်းဖြစ်သည်။ ဤသို့ ပြုလုပ်ရခြင်းက ကျောင်းသားများအား အခြားသူများနှင့်အတူ အလုပ် လုပ်နိုင်သည့် အခွင့်အလမ်းကိုရရှိစေပြီး မတူကွဲပြားသော ရှုထောင့်အမြင်များကို တွေ့မြင်နိုင်သည်။ ကျောင်းသားတစ်ဦးစီသည် အခြားတစ်ယောက်၏ သင်ယူမှုအတွက် တာဝန်ရှိသလို ကျောင်းသား များက အုပ်စုအဖွဲ့ဝင်တစ်ဦးစီတွင် အုပ်စုအား အထောက်အကူပြုပေးရန် အရေးပါသည်ကို သိမြင် လာသည့်အတွက်ကြောင့် ဤဖြတ်ဆက်သင်နည်းသည် အထူးထိရောက်မှု ရှိနေခြင်းဖြစ်သည်။ ဤနည်းအားဖြင့် ကျောင်းသားများသည် ဆက်သွယ်ပြောဆိုခြင်း၊ ပြဿနာဖြေရှင်းခြင်းနှင့် ဝေဖန် ပိုင်းခြား စဉ်းစားခြင်းအပါအဝင် အရေးကြီးသော ကျွမ်းကျင်မှုစွမ်းရည် အများအပြားကို အသုံးပြုရန် လေ့ကျင့်ရပါမည်။

## ဟောပြောပို့ချခြင်း(Lecture)

ဟောပြောပို့ချချက်များသည် အဓိကအားဖြင့် ဟောပြောပို့ချသူနှင့် ကျောင်းသားများ အုပ်စုအကြား တစ်လမ်းသွား ဆက်သွယ်မှုများ ဖြစ်သည်။ ဤဟောပြောပို့ချချက်များသည် အကြောင်းအရာသစ်များ ကို တိုက်ရိုက်သင်ကြားမှုအတွက် အသုံးဝင်သည်။ ဟောပြောပို့ချမှု ပြုလုပ်နေစဉ် အတောအတွင်း ၌ပင် သင်သည် ကျောင်းသားများအား မေးခွန်းများမေးရန်၊ မေးခွန်းများကိုဖြေကြားရန် အခါ အား လျော်စွာ ရပ်နားစေခြင်းဖြင့် လည်းကောင်း၊ သို့မဟုတ် ကျောင်းသားအား အကြောင်းအရာအပေါ်တွင် စဉ်းစားသုံးသပ်စေခြင်းများ ပြုလုပ်စေခြင်းဖြင့် လည်းကောင်း ပါဝင်ပတ်သက်မှု ရှိစေနိုင်သည်။

## အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားခြင်း (Micro-teaching)

အုပ်စုငယ်ဖြင့် စမ်းသပ်သင်ကြားနေစဉ်အတွင်း ကျောင်းသားတစ်ဦး၊ သို့မဟုတ် ကျောင်းသားအုပ်စု ငယ်တစ်ခုသည် ၎င်းတို့အချင်းချင်း သင်ခန်းစာအားလုံး သို့မဟုတ် အစိတ်အပိုင်းကို သင်ကြား ကြသည်။ ယင်းနောက် ၎င်းတို့သည် လက်တွေ့ကျွမ်းကျင်မှုစွမ်းရည်များ တိုးတက်စေရန်နှင့် ၎င်းတို့ ၏ သင်ယူတတ်မြောက်ထားသည်များကို အသုံးချရန် သင်ခန်းစာအသေးစားအပေါ် အကြံပြု

သုံးသပ်ချက်များရယူကြပြီး အုပ်စုငယ်ဖြင့်စမ်းသပ်သင်ကြားခြင်း အတွေ့အကြုံများအပေါ် ပြန်လည်ထင်ဟပ်သုံးသပ်ကြသည်။ အုပ်စုငယ်ဖြင့်စမ်းသပ်သင်ကြားမှုသည် လက်တွေ့ပြုလုပ်ရန် သင်ခန်းစာလေ့လာမှုနှင့် နေရာချထားသောကျောင်းများတွင် လက်တွေ့သင်ကြားရေးများအတွက် ပြင်ဆင်ရန် အရေးပါသော အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။ ဤသင်ကြားနည်းသည် ဆရာများ အဓိက သင်ကြားလေ့ကျင့်ရမည့်များကို လေ့ကျင့်ရန် အခွင့်အလမ်းပေးသည်။ ဥပမာ-အဖွင့်မေးခွန်း များ မေးခြင်း သို့မဟုတ် ကျောင်းသားများအား အပြုသဘောဆောင်သောအကြံပြုသုံးသပ်ချက် များပံ့ပိုးခြင်းဖြစ်သည်။

## နမူနာလုပ်ပြခြင်း (Modelling)

နမူနာလုပ်ပြခြင်းဆိုသည်မှာ ကျောင်းသားများက အသိပညာအသစ် သို့မဟုတ် ချဉ်းကပ်နည်း အသစ်တစ်ခုကို လေ့လာကြည့်ရှုသင်ယူနိုင်ရန် ဆရာကနမူနာသင်ပြခြင်းဖြစ်သည်။ ဆရာတစ်ဦး အနေဖြင့် သင်နှစ်သက်သော သင်ယူမှုလုပ်ငန်း သို့မဟုတ် သင်ပြနည်းတစ်ခုကို နှုတ်ကပြောပြ သည်ထက် လက်တွေ့သရုပ်ပြခြင်းဖြစ်သည်။

ယင်းနောက် နမူနာသင်ပြခြင်းအပေါ် ဆွေးနွေးခြင်း ဖြစ်သည်။ ဆရာက သင်ယူမှုလုပ်ငန်း သို့မဟုတ် သင်ပြနည်းကို မည်သို့တင်ပြခဲ့သည်၊သင်ယူသူအနေဖြင့် ကျောင်းသားများအပေါ် မည် သည့်သက်ရောက်မှုရှိခဲ့သည် ဆိုသည့်အချက်အပေါ် ဆက်လက် ဆွေးနွေးစေနိုင်ပါသည်။ ဤ နည်းလမ်းက သင်ကြားပို့ချမှုတွင် နမူနာ လုပ်ပြခြင်းနည်း၏ အခန်းကဏ္ဍကိုမီးမောင်းထိုးပြခြင်း ဖြစ်သည်။ ပညာရေးကောလိပ်ကျောင်းသားများအား အနာဂတ်တွင် ၎င်းတို့ သင်ကြားပို့ချမည့် အခြေခံပညာရေးကျောင်းသားများအတွက် မည်သို့ဆက်စပ်အသုံးပြုနိုင်သည်ကို ထင်ဟပ်သုံးသပ် ရန် အားပေးသည်။

## ကြည့်ရှုလေ့လာခြင်း (Observation)

ကျောင်းသားများသည် အချင်းချင်း သို့မဟုတ် ကျွမ်းကျင်သူဆရာများထံမှ စာသင်ကြားပို့ချမှုကို ကြည့်ရှုလေ့လာနိုင်သည်။ ယင်းနောက်ကြည့်ရှုလေ့လာခဲ့မှုများကို အဓိပ္ပာယ်ရှိစေရန် လေးနက်စွာ ပြန်လည်သုံးသပ်စဉ်းစားရသော ဆွေးနွေးပွဲများတွင် ဆွေးနွေးကြသည်။ သင်သည် ကျောင်းသား တစ်ဦး၏ သင်ခန်းစာတစ်ခုလုံး သို့မဟုတ် အစိတ်အပိုင်းတစ်ခု သင်ကြားခြင်းကိုကြည့်ရှုလေ့လာ

နိုင်သည်။ ယင်းနောက် ကျောင်းသားများ၏ စဉ်းစားတွေးခေါ်မှုနှင့် လေ့ကျင့်သင်ကြားမှုများကို လေ့လာစူးစမ်းရန်နှင့် ထိုသို့စဉ်းစားခြင်းနှင့် လေ့ကျင့်ခြင်း ဖွံ့ဖြိုးတိုးတက်စေရန် ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်သည်။ ဤနည်းလမ်းသည် စာတွေ့နှင့် လက်တွေ့အကြား ဆက်စပ်မှု ပြပေးရန်နှင့် ကျောင်းသားများအား ၎င်းတို့၏ တိုးတက်မှုများအပေါ် တိကျသောစစ်ဆေးအကဲဖြတ် ခြင်းများ လုပ်ဆောင်ရာတွင် ကူညီပံ့ပိုးရန် အလွန်ကောင်းမွန်သော အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။

## လက်တွေ့လုပ်ဆောင်ခြင်းများ (Practicals)

လက်တွေ့လုပ်ဆောင်ခြင်းများတွင် ဆရာအဖြစ် သင်လုပ်ဆောင်သော သရုပ်ပြ သင်ကြားမှုများ ဥပမာ- သိပ္ပံစမ်းသပ်မှုဆိုင်ရာ လက်တွေ့လုပ်ဆောင်မှုနှင့် ကျောင်းသားများ ဦးဆောင်ခြင်း သို့မဟုတ် ပါဝင်သော လက်တွေ့လုပ်ဆောင်သင်ကြားမှုများ ဥပမာ- သင်္ချာဆိုင်ရာ စူးစမ်းရှာဖွေမှုနှင့် ထိုလုပ်ငန်း ပြုလုပ်ရန် လိုအပ်သော လုပ်ငန်းပေးစာရွက်တို့ပါဝင်သည်။ ဤနည်းလမ်းသည် ကျောင်းသားများအား သင်ယူမှုလုပ်ငန်း အမျိုးမျိုးသည် မူလတန်းကျောင်းသားများအား မည်သို့ သင်ယူတတ်မြောက်စေကြောင်းကို နားလည်ရန် အထောက်အပံ့ပေးသည်။ လက်တွေ့ လုပ်ဆောင် ခြင်းများက ကျောင်းသားများအား သဘောတရား (Theory)နှင့် ဆရာများအနေဖြင့် ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်လာသော အလေ့အကျင့် (Practice)များကို ဆက်စပ်ပေးရာတွင် အထောက်အကူ ဖြစ်စေသည်။

## စာဖတ်အဖွဲ့များ (Reading groups)

စာဖတ်အုပ်စုတစ်ခုသည် ပြဋ္ဌာန်းစာတစ်အုပ်၊ အများအားဖြင့် ပညာရေးစာတမ်းတစ်ခုအား အဓိပ္ပာယ်ဖွင့်ဆိုပြီး ခွဲခြမ်းစိတ်ဖြာ လေ့လာသော အုပ်စုငယ်တစ်ခုဖြစ်သည်။ ကျောင်းသားများ အနေဖြင့် စာဖတ်အုပ်စုသို့ မလာမီ ယင်းစာတမ်း၏ အကြောင်းအရာများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် စာတမ်းကို ကြိုတင်၍ထုတ်ပေးထားရပါမည်။ ကျောင်းသားတစ်ဦးအား စာတမ်းကို အုပ်စုသို့ တင်ပြစေပြီး ယင်းစာတမ်းအပေါ် ဝိုင်းဝန်းဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ကြသည်။ ဤနည်းလမ်း သည် ကျောင်းသားများအား ပညာရေးဆိုင်ရာ အရေးအသားနှင့် ရင်းနှီးကျွမ်းဝင်မှု ရှိစေသကဲ့သို့ စာတမ်းတွင်ပါဝင်သော စိတ်ကူးအတွေးအခေါ်များနှင့်လည်း အကျွမ်းတဝင်ရှိစေရန် အထောက်အကူပြုပေးသည်။ ဆွေးနွေးမှုများသည် စာတမ်းများ၏ အကြောင်းအရာ၊ တင်ပြမှု သို့မဟုတ် ရေးသားသည့်နည်းစနစ်အပေါ် အလေးပေးဆွေးနွေးခြင်းဖြစ်သည်။

## သရုပ်ဆောင်သင်ကြား သင်ယူခြင်း (Role-playing)

သရုပ်ဆောင်ခြင်းသည် ကျောင်းသားများအား အခြားလူများနှင့် အပြန်အလှန်ပြောဆို ဆက်ဆံခြင်း၊ မတူကွဲပြားသော နည်းလမ်းများကို စမ်းသပ်ကြည့်ရန် ပုံစံတူပြုလုပ်ထားသော အခင်းအကျင်း ဇာတ်ကွက်များတွင် ပါဝင်သရုပ်ဆောင်ရင်း အခြေအနေ အစစ်အမှန်များကို စူးစမ်းဖော်ထုတ်ခွင့် ပေးသော နည်းလမ်းတစ်ခု ဖြစ်သည်။ ဤနည်းလမ်းက ကျောင်းသားများအား ဖြစ်လေ့ရှိသော စိန်ခေါ်မှုအခက်အခဲများအကြား အလုပ်လုပ်ရန် သို့မဟုတ် တိကျသော ရှုထောင့်အမြင်ဖြင့် သင်ကြားပို့ချမှုများကို လုံခြုံ၍ အထောက်အပံ့ပြုသော ပတ်ဝန်းကျင်တစ်ခုတွင် လုပ်ဆောင်ခွင့် ရရှိစေပေသည်။

## ကိုယ်တိုင်လေ့လာသင်ယူခြင်း (Self-study)

ကိုယ်တိုင်လေ့လာမှုတစ်ခုတွင် ကျောင်းသားများသည် ဆရာအားကြီးကြပ်လမ်းညွှန်သူတစ်ဦး အနေဖြင့် သဘောထားလျက် ၎င်းတို့ကိုယ်တိုင်သင်ယူမှုများအတွက် တာဝန်ယူကြခြင်းဖြစ်သည်။ ဤနည်းလမ်းသည် စာသင်ခန်းအတွင်း မျက်နှာချင်းဆိုင်၍ ပညာရေးကောလိပ် အခြေပြု အနီးကပ်သင်ယူမှုကို ပံ့ပိုးပေးပြီး သင်ယူမှုအသစ်ကို ပုံစံသွင်းရန်နှင့် အားဖြည့်ပေးရန်အတွက် အရေးကြီးပါသည်။ ကိုယ်တိုင်လေ့လာမှုကို ဘာသာရပ် ခေါင်းစဉ်နယ်ပယ်နှင့် ဆက်စပ်သည်များကို ဖတ်ရှုခြင်းနှင့် လက်တွေ့လုပ်ဆောင်မှုအတွက် စီမံကိန်း ရေးဆွဲစီစဉ်ခြင်း (Action Plan) ကဲ့သို့သော ပုံစံအမျိုးမျိုးဖြင့် လုပ်ဆောင်နိုင်ပါသည်။ ကိုယ်တိုင်လေ့လာမှုတွင် ပညာရေး အထူးပြုနယ်ပယ်ဆိုင်ရာကို စဉ်းစားရန် အချိန်လည်းပါဝင်သည်။

## နီးနှောဖလှယ်ပွဲများ (Seminars)

နီးနှောဖလှယ်ပွဲများသည် အုပ်စုငယ်စုစည်းထားသော ပုံစံများဖြစ်သည်။ ယင်းပွဲများတွင် မေးခွန်းများကို ဆန်းစစ် ဖော်ထုတ်ဆွေးနွေးကြသည်။ အမြင်များအပေါ် အခြေအတင်ဆွေးနွေးကြပြီး ပိုင်းခြားစိတ်ဖြာလေ့လာကြသည်။ ကျောင်းသားများသည် နီးနှောဖလှယ်ပွဲ မကျင်းပမီ ကြိုတင်ပြင်ဆင်သည့် အလုပ် သို့မဟုတ် ကြိုတင်စာဖတ်ခြင်းများကို အပြီးအစီး လုပ်ဆောင်ထား လေ့ရှိသည်။ ဆရာတစ်ဦးအနေဖြင့် ဦးဆောင်မည်ဆိုပါက နီးနှောဖလှယ်ပွဲကို ဦးဆောင်နေချိန်တွင်

ကျောင်းသားများ အားလုံးက ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြရန် မျှော်လင့်ထားရပါမည်။ နီးနောဖလှယ်ပွဲများ ပြုလုပ်ခြင်းသည် ကျောင်းသားများ ရင်းနှီးကျွမ်းဝင်ပြီးသော အကြောင်းအရာများကို ပိုမိုလေးနက်စွာ စဉ်းစားခြင်း ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ရန် အလွန်ကောင်းမွန်သော နည်းလမ်းဖြစ်သည်။

## တွေး-တွဲ-မျှဝေသင်ယူခြင်း (Think-Pair-Share)

တွေး-တွဲ-မျှဝေခြင်းသည် ရိုးရှင်းပြီး သင်ယူသူများ မေးခွန်းတစ်ခုကိုဖြေရန် သို့မဟုတ် ပြဿနာတစ်ခုကိုဖြေရှင်းရန် အတူတကွဆောင်ရွက်သော နည်းလမ်းဖြစ်သည်။ သင်၏အတန်းတွင် တွေး-တွဲ-မျှဝေခြင်း ကို အသုံးပြုရန် အောက်ပါအဆင့်များကို ဆောင်ရွက်ပါ။

၁။ တွေးပါ။ ။သင်မည့်အကြောင်းအရာနှင့် ပတ်သက်သော တိကျသည့်မေးခွန်းတစ်ခုကို မေးခြင်းဖြင့် အစပြုပါ။ ကျောင်းသားများအား ထိုမေးခွန်းနှင့်ပတ်သက်ပြီး ၎င်းတို့ သိထားပြီးသော သို့မဟုတ် သင်ယူခဲ့ပြီးသော အကြောင်းကို စဉ်းစားပါစေ။

၂။ ယှဉ်တွဲပါ။ ။အတန်းဖော်နှင့် နှစ်ဦးတစ်တွဲ သို့မဟုတ် အုပ်စုငယ်ဖွဲ့ပါစေ။

၃။ မျှဝေပါ။ ။မိမိ၏အဖော်နှင့် နှစ်ဦးတစ်တွဲ သို့မဟုတ် အုပ်စုငယ်အတွင်း မျှဝေပါစေ။ မေးခွန်းနှင့် ပတ်သက်၍ အခြားသူများ၏အတွေးများကို ဆွေးနွေးပါစေ။ ဆရာက ဆွေးနွေးပွဲကို တစ်တန်းလုံးပုံစံဖြင့် ချဲ့ထွင်သွားနိုင်ပါသည်။

## အနီးကပ်ဆွေးနွေးသင်ကြားခြင်း (Tutorials)

အနီးကပ်ဆွေးနွေးသင်ကြားခြင်းသည် ဆရာနှင့်ကျောင်းသား တစ်ဦးချင်း သို့မဟုတ် ဆရာနှင့် အုပ်စုငယ်လိုက် တွေ့ဆုံမှုဖြစ်သည်။ အနီးကပ်ဆွေးနွေးသင်ကြားခြင်းသည် တစ်ဦးတစ်ယောက်ချင်း အသေးစိတ်ဆွေးနွေးမှုနှင့် စိတ်ကူးအတွေးအခေါ်ဖော်ထုတ်ရှာဖွေမှုကို ပြုလုပ်နိုင်သည်။ ယင်းတို့သည် လူမှုရေးထိန်းကျောင်းမှု သို့မဟုတ် ပညာရပ်ဆိုင်ရာ ကိစ္စများကို အဓိကထား ဆွေးနွေးသည်။ အခြားဖြစ်နိုင်သော ဆွေးနွေးမှုများမှာ ပညာရပ်ဆိုင်ရာ အကြောင်းအရာနှင့် ပတ်သက်၍ အခက်အခဲတွေ့နေသူ ကျောင်းသားများအား ထောက်ပံ့ကူညီရန် (သို့) အတန်းတွင်း သင်ယူမှုတွင် ပျက်ကွက်ခဲ့သူများကို ထောက်ပံ့ကူညီရာတွင် အသုံးပြုနိုင်သည်။

### အင်တာနက်အွန်လိုင်း စာမျက်နှာများအသုံးပြုခြင်း (Virtual Learning Environment-VLE)

ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလျက်ရှိသော ဤကိရိယာသည် အပိုဆောင်းသင်ယူရန်နှင့် ကိုယ်တိုင်သင်ယူရန် သင်ကြားပို့ချရေး နည်းလမ်းတစ်ခုဖြစ်သည်။ ဤသင်ကြားနည်းတွင် လုပ်ငန်းများ၊ သင်ယူမှုစွမ်းရည်များ၊ ဝက်ဘ်ဆိုက်ဒ်နှင့်ချိတ်ဆက်မှုလင့်(ခ်)များကို မျှဝေပေးထားပြီး ဝီကီ၊ ဖိုရမ်နှင့် ဝက်ဘ်ဆိုက်ဒ်ကဲ့သို့သော ကိရိယာအမျိုးမျိုးကို အသုံးပြု၍ နားလည်သိရှိရန် စူးစမ်းဖော်ထုတ်ကြသည်။ အင်တာနက် အွန်လိုင်း စာမျက်နှာများ၊ အွန်လိုင်းစာကြည့်တိုက် အသုံးပြုခြင်းနည်းလမ်းဖြင့် သင်ကြားသင်ယူမှု အထောက်အကူ ပစ္စည်းများ၊ ရင်းမြစ်များကို ရရှိနိုင်သည်။

### အလုပ်ရုံဆွေးနွေးပွဲများ (Workshops)

အလုပ်ရုံ ဆွေးနွေးပွဲများမှာ အုပ်စုလိုက် ဆွေးနွေးမှုများ ဖြစ်ကြသည်။ ယင်းဆွေးနွေးပွဲများတွင် ကျောင်းသားများသည် အကြောင်းအရာသစ်အပေါ် မိမိတို့၏ နားလည်သဘောပေါက်မှုနှင့် လေ့ကျင့်မှုများ တိုးတက်ဖွံ့ဖြိုးစေရန် ပါဝင်ဆောင်ရွက်ကြသည်။ ဤနည်းလမ်းသည် ပူးပေါင်းလုပ်ဆောင်မှု၊ ဆွေးနွေးမှုနှင့်အတူ ဆရာ၏ သင်ကြားပို့ချမှုလည်း ပါဝင်သည်။ အလုပ်ရုံဆွေးနွေးပွဲတွင် ခေါင်းစဉ်တစ်ခုကို အသေးစိတ် ဆွေးနွေးမှုများနှင့် သင်ယူနေသည်များကို အသုံးချရန်၊ လေ့ကျင့်နိုင်ရန်အတွက် ကျောင်းသားများအား အခွင့်အရေးပေးသည်။

### စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ချဉ်းကပ်နည်းများအတွက် သင်ထောက်ကူသေတ္တာ

သင်ခန်းစာတစ်ခုကို မသင်ယူမီ၊ သင်ယူနေဆဲ၊ သင်ယူပြီးချိန်များတွင် ကျောင်းသားများ၏ သင်ယူမှုကိုကြီးကြပ်ပေးရန် မတူညီသော နည်းလမ်းများစွာရှိပါသည်။ ဤဆရာလမ်းညွှန်စာအုပ်တွင် စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ချဉ်းကပ်မှု အမျိုးမျိုးကို ဖော်ပြထားသည်။ ကျောင်းသားများအား ၎င်းတို့၏သင်ယူမှုကို နှုတ်အားဖြင့် သို့မဟုတ် စာအားဖြင့် အကဲဖြတ်သုံးသပ်ချက်များ ပေးခြင်းသည် သင်ယူနေစဉ် စစ်ဆေးအကဲဖြတ်ခြင်း၏ အရေးကြီးသော အပိုင်းဖြစ်ကြောင်း သတိထားရန် ဖြစ်ပါသည်။ ဆရာ၏ အကဲဖြတ်သုံးသပ်ချက် ပေးခြင်းသည် ကျောင်းသားများ၏ သင်ယူမှု တိုးတက်လာခြင်းနှင့် အနာဂတ်လုပ်ငန်းအပေါ် ကူညီထောက်ပံ့နိုင်ခြင်းကို ပေးသည်။ သင်ယူနေစဉ် စစ်ဆေးအကဲဖြတ်ခြင်းအား ပရောဂျက်လုပ်ငန်း သို့မဟုတ် စာမေးပွဲကြီး၊ အစမ်းစာမေးပွဲများနှင့် စစ်ဆေးသော သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း မတိုင်မီ ကျောင်းသားများအား လေ့ကျင့်ရန် အခွင့်အလမ်းပေးခြင်း ဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်။

ဤဆရာလမ်းညွှန်တွင် ဖော်ပြထားသော အသုံးများသည့် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများမှာ-

## သရုပ်ပြသင်ကြားခြင်း (Demonstration)

သရုပ်ပြသင်ကြားခြင်းဆိုသည်မှာ ကျောင်းသားများအား ၎င်းတို့သင်ယူနေသော ကျွမ်းကျင်မှုများကို ဆရာအားပြသစေခြင်းဖြစ်သည်။ ဥပမာ- ကျောင်းသားများအား ကနည်းတစ်ခုကို ကပြစေခြင်း၊ သိပ္ပံလက်တွေ့စမ်းသပ်ချက်၏ အဆင့်တစ်ဆင့် သို့မဟုတ် ကာယပညာမှ လှုပ်ရှားမှုတစ်ခုကို ပြုလုပ်စေခြင်းတို့ဖြစ်သည်။ သရုပ်ပြခြင်းကို ကြည့်ရှုလေ့လာပြီး ကျောင်းသား၏ တိုးတက်မှုကို ကြီးကြပ်ပေးခြင်းနှင့် ပိုမိုတိုးတက်လာစေရန် အကြံပေးခြင်းများ ပြုလုပ်ပေးနိုင်သည်။ သင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း ချဉ်းကပ်မှုများ အနေနှင့် ဆရာကကျောင်းသား၏ သရုပ်ပြမှုအပေါ် ပေးသော သုံးသပ်ချက်သည် ထိုကျောင်းသား၏ကျွမ်းကျင်မှု တိုးတက်စေရန်ကူညီထောက်ပံ့ပေးသည်။

## အိမ်စာအလုပ်ပေးခြင်း (Homework assignments)

ကျောင်းသားများအား အကြောင်းအရာကိုဖတ်ပြီး မေးခွန်းဖြေစေခြင်း သို့မဟုတ် ထပ်ဆောင်း ဖတ်စရာများဖတ်စေခြင်းစသည့် အိမ်စာလုပ်ငန်းပေး၍ စစ်ဆေးခြင်းသည် ကျောင်းသားများ သင်ယူမှု လမ်းကြောင်းမှန်ကန်ခြင်း ရှိ၊ မရှိ ကို ကြီးကြပ်ပေးသော နည်းလမ်းကောင်း တစ်ခုဖြစ်သည်။ ပေးသောအိမ်စာအလုပ် အလိုက် အဖြေများကို တစ်တန်းလုံးနှင့်ဆွေးနွေးခြင်း၊ ပြီးမြောက်မှုကို စစ်ဆေးပေးခြင်း၊ သုံးသပ်ချက်များရေးပေးခြင်းများ ပြုလုပ်နိုင်သည်။

## နေ့စဉ်မှတ်တမ်း(ဂျာနယ်)ရေးသားခြင်း/ ပြန်လည်သုံးသပ်ရေးသားခြင်း (Journal log/ reflection papers)

ကျောင်းသားများက မိမိတို့၏ဆရာအတတ်ပညာဖွံ့ဖြိုးမှု တိုးတက်မှုအပေါ် ခံစားချက်နှင့် အတွေးများကို နေ့စဉ်မှတ်တမ်း(ဂျာနယ်) ရေးခြင်းဖြစ်သည်။ ကျောင်းသားများသည် ဆရာတစ်ဦး ဖြစ်လာရန်အတွက် မိမိတို့၏တိုးတက်မှုများကို ထင်ဟပ်သုံးသပ်ခြင်းအားဖြင့် မိမိတို့၏သင်ယူမှုကို လေးနက်စွာစဉ်းစားစေရန် နေ့စဉ်မှတ်တမ်း (ဂျာနယ်)နှင့် ပြန်လည်ထင်ဟပ်စဉ်းစားခြင်းစာတမ်း များက ကူညီပေးသည်။ မိမိတို့၏ သင်ယူမှုကို သိရှိခြင်းဖြင့် ထင်ဟပ်သုံးသပ်ခြင်းသည် သင်ယူနေသောဘာသာရပ်နှင့် အခြားဘာသာရပ်များ ကိုဆက်စပ်နိုင်ရန်၊ ကြုံတွေ့လာသော

ပြဿနာများကို ဖြေရှင်းနိုင်ရန်နှင့် အတွေ့အကြုံမှသင်ယူတတ်ရန် ကူညီပေးသည်။ ကျောင်းသားများက နေ့စဉ်မှတ်တမ်း (ဂျာနယ်)နှင့် ပြန်လည်ထင်ဟပ် စဉ်းစားခြင်းစာတမ်းများကို ပြင်ဆင်ရာတွင် ဆရာများက အလေးထား ဆင်ခြင် သုံးသပ်သင့်သော နယ်ပယ်များကို အကြံပေး နိုင်ပါသည်။

## ကြည့်ရှုလေ့လာခြင်း (Observation)

ပုံစံတကျမဟုတ်သော ကြည့်ရှုလေ့လာခြင်းတွင် အတန်းတွင်းလှည့်လည်ခြင်း၊ အုပ်စုများ ဆွေးနွေးနေစဉ် နားထောင်ခြင်းနှင့် မျက်လုံးချင်းဆုံအောင်ကြည့်ခြင်းတို့သည် ကျောင်းသားများ အကြောင်းအရာအား နားလည်မှုရှိပါသလားဆိုသည်ကို ယေဘုယျအားဖြင့် သိနိုင်သော နည်းလမ်းကောင်းများ ဖြစ်ကြသည်။ ပိုမိုပုံစံကျသော ကြည့်ရှုလေ့လာခြင်းတွင် ကျောင်းသား၏ အဖြေများ သို့မဟုတ် တင်ပြခြင်းကို စစ်ဆေးရန် အချက်များပါသော စာရင်း/ ပုံစံ (Checklist) သို့မဟုတ် အမှတ်ပေးရန် စံသတ်မှတ်ချက်များပါသော စာရင်း/ ပုံစံ (Criteria) ကိုအသုံးပြုပြီး ကြည့်ရှုလေ့လာစစ်ဆေးသည်။ ထို့နောက် ကြည့်ရှုလေ့လာခဲ့သော တွေ့ရှိချက်များအပေါ်အခြေခံပြီး တုံ့ပြန်သုံးသပ်ချက်များကို ပေးသည်။

## အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း(Peer Assessment)

ကျောင်းသားများအား မိမိတို့အချင်းချင်း၏ အလုပ်ကို အကဲဖြတ်သုံးသပ်စေခြင်း သို့မဟုတ် အကဲဖြတ်ထင်မြင်ချက်ပေးစေခြင်းအား အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်း ဟုခေါ်သည်။ အချင်းချင်း စစ်ဆေးအကဲဖြတ်သည့် နည်းလမ်းများတွင် ကျောင်းသားများက စံသတ်မှတ်ချက် များအပေါ် အခြေခံပြီး အချင်းချင်း တုံ့ပြန်အကြံပြုချက်များ ပေးနိုင်ရန် စစ်ဆေးရန် အချက်များ ပါသော စာရင်း (Checklist) သို့မဟုတ် အမှတ်ပေးစံများပါသော ဇယား (Rubric) လိုအပ်ပါသည်။ အုပ်စုငယ်ဖြင့် စမ်းသပ် သင်ကြားချိန်အတွင်း ကျောင်းသားများအချင်းချင်း အပြန်အလှန် ကြည့်ရှုလေ့လာပြီး ကြည့်ရှုလေ့လာသည့်ပုံစံကို ဖြည့်ခြင်းသည်လည်း အချင်းချင်းစစ်ဆေး အကဲဖြတ်ခြင်း ပုံစံတစ်ခု ဖြစ်သည်။

### တင်ပြခြင်း (Presentation)

တင်ပြခြင်းသည် သရုပ်ပြသင်ကြားခြင်းနှင့် ဆင်တူဖြစ်သည်။ သို့သော် ကျောင်းသားများဘက်မှ ကြိုတင်ပြင်ဆင်မှုများ ပို၍ ပြုလုပ်ရသည်။ အုပ်စု သို့မဟုတ် တစ်ဦးချင်းစီအား ၎င်းတို့၏ လုပ်ငန်းကို သင်ခန်းစာပြီးဆုံးချိန်တွင် တင်ပြစေခြင်းသည် နားလည်မှုကို စစ်ဆေးရန်၊ အသိမှားများကို ပြင်ပေးရန်နှင့် တုံ့ပြန်အကြံပြုချက်ပေးရန် အကောင်းဆုံးအခွင့်အလမ်း ဖြစ်သည်။

### စီမံချက်များ (Projects)

စီမံချက်များသည် ကျောင်းသားများ တစ်ဦးချင်း သို့မဟုတ် အုပ်စုလိုက် ပူးပေါင်း၍ ပြီးဆုံးအောင် ဆောင်ရွက်ရသော လုပ်ငန်းများ ဖြစ်သည်။ ဤလုပ်ငန်းများသည် ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ အသိပညာနားလည်မှုနှင့် လုပ်ငန်းပြုလုပ်ရင်း တတ်မြောက်သွားသော ဒီဇိုင်းဆွဲခြင်း၊ လိုအပ်သော အစီအစဉ်များ ပြုလုပ်ခြင်းနှင့် စီမံချက်လုပ်ငန်းများ ပြုစုခြင်း မှတစ်ဆင့် တတ်ကျွမ်းမှုများကို ပြသခွင့် ရရှိစေသည်။ ကျောင်းသားများသည် ခေါင်းစဉ်တစ်ခု သို့မဟုတ် နေ့စဉ်ဘဝ ပြဿနာတစ်ခုကို စူးစမ်းရှာဖွေလေ့လာရန် စီမံချက်/ ပရောဂျက်တစ်ခု ပြီးဆုံးသည်အထိ အချိန်အတန်ကြာအောင် ဆောင်ရွက်ကြရသည်။ ဆရာသည် အမှတ်ပေးစံများပါသောဇယား (Rubric) အပါအဝင် စီမံချက်လုပ်ငန်းများ ပြီးစီးစေရန် ကျောင်းသားများအား ညွှန်ကြားချက်များ ထောက်ပံ့ပေးကြရန် မေတ္တာရပ်ခံပါသည်။

### အမေးအဖြေများ (Question and answer)

ကျောင်းသားများသည် သင်ယူနေသော အကြောင်းအရာကို နားလည်သဘောပေါက်မှု ရှိသည်၊ မရှိသည်ကို သိရှိရန် အပိတ်မေးခွန်းနှင့် အဖွင့်မေးခွန်းများမေးခြင်းသည် ကျောင်းသားများ၏ သင်ယူမှုကို ကြီးကြပ်ပေးရန် ကောင်းမွန်သော နည်းလမ်းတစ်ခု ဖြစ်သည်။ အမေးအဖြေများ ပြုလုပ်နေစဉ် မတူညီသော ကျောင်းသားအမျိုးမျိုးအား အဖြေပေးရန် ဖိတ်ခေါ်ပါ။ မှန်ကန်သော အဖြေတစ်ခုသာရှိသည့် အပိတ်မေးခွန်းကိုမေး၍ ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးနိုင်သကဲ့သို့တစ်ခုထက်ပိုသော အဖြေများ ပေးနိုင်သည့် မေးခွန်းများကို မေးခြင်းဖြင့် ကျောင်းသားများ၏

စဉ်းစားတွေးခေါ်မှုကို ပိုမိုဖြစ်ထွန်းစေပြီး လေးနက်စွာ ဆွေးနွေးမှုကို လေ့ကျင့်ပေးနိုင်သည်။

**ဉာဏ်စမ်းမေးခွန်း (Quiz)**

ကျောင်းသားများ၏ အသိပညာဗဟုသုတကို စမ်းသပ်စစ်ဆေးရန် ဉာဏ်စမ်းမေးခွန်းတိုများ မေးနိုင်ပါသည်။ ဉာဏ်စမ်းမေးခွန်းများကို အတန်းအတွင်းတွင် တစ်တန်းလုံးလုပ်ငန်းအနေဖြင့်သော်လည်းကောင်း၊ အတန်းချိန်ပြင်ပတွင် ဖြေဆိုစေခြင်းဖြင့်သော်လည်းကောင်း စစ်ဆေးနိုင်ပါသည်။ ဉာဏ်စမ်းမေးခွန်းများကို သင်ယူပြီး စစ်ဆေးအကဲဖြတ်ခြင်း သို့မဟုတ် စာမေးပွဲကြီးအတွက် လေ့ကျင့်ပေးသော နည်းလမ်းတစ်ခုအဖြစ်လည်း သုံးနိုင်သည်။

**မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း (Self-assessment)**

ဤအကဲဖြတ်ခြင်းသည် ကျောင်းသားများက ၎င်းတို့၏ အားသာချက်၊ အားနည်းချက်များကို ကိုယ်တိုင် စစ်ဆေးအကဲဖြတ်ခြင်း ဖြစ်သည်။ ယင်းဖြစ်စဉ်သည် ကျောင်းသားများအတွက် လိုအပ်နေသေးသော အသိပညာ၊ ကျွမ်းကျင်မှုများကို နားလည်သဘောပေါက်စေပြီး ၎င်းတို့ကို ဖြည့်ဆည်းပေးရန်အတွက် အစီအစဉ်များ ချမှတ်ရန် ကူညီပေးသည်။ မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား မိမိ၏ သင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မိမိကိုယ်တိုင် တာဝန်ယူတတ်စေရန် အားပေးသော နည်းလမ်း ဖြစ်သည်။ အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်းကဲ့သို့ပင် ကျောင်းသားများအား ၎င်းတို့ လုပ်ဆောင်ရမည့် လုပ်ငန်း သို့မဟုတ် တတ်မြောက်ထားရမည့် ကျွမ်းကျင်မှုများအား မည်သို့ အသုံးချရမည်နှင့် စစ်ဆေးအကဲဖြတ် စံသတ်မှတ်ချက်များကို နားလည်ရန်နှင့် အသုံးပြုတတ်စေရန် ဆရာက ကူညီပြသပံ့ပိုးပေးရန် လိုအပ်ပါလိမ့်မည်။

**ရေးဖြေစာမေးပွဲများ (Written examinations)**

ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ အခြေခံအသိပညာနှင့် သင်ယူရမည်များ (ဘာသာရပ်) ကို သင်ယူနေစဉ်အတွင်း သက်ဆိုင်ရာ သင်ကြားနည်းအတတ်ပညာများကို ပြန်လည်ထင်ဟပ်သုံးသပ်မှုတို့ကို စစ်ဆေးရန် ရေးဖြေစာမေးပွဲများကို ပုံမှန်အားဖြင့် စာသင်နှစ်ဝက်အဆုံးတိုင်းတွင် ကျင်းပပါသည်။

## သင်ခန်းစာတစ်ခုကို သင်ယူတတ်စေရန် ကူညီပံ့ပိုးပေးရာ၌ ကျင့်သုံးသင့်သော ယေဘုယျ နည်းလမ်းများ

ဤဆရာလမ်းညွှန်တွင် အကြံပြုထားသော သင်ယူမှုနည်းလမ်းအချို့သည် သင့်အတွက် အသစ်အဆန်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့ဖြစ်၍ ကျောင်းသားများအား ရရှိသွားစေလိုသော သင်ယူမှုရလဒ်များကို ရရှိနိုင်စေရန် အဆိုပါသင်ယူမှုနည်းလမ်းများကို သင်ခန်းစာများတွင် မည်သို့ အသုံးပြုရမည် ဆိုသည်နှင့်ပတ်သက်၍ ဆရာသည် သေချာစွာဂရုတစိုက်စီစဉ်ရန် အချိန်ယူသင့်ပါကြောင်း အကြံပြုလိုပါသည်။

အောက်ဖော်ပြပါအချက်များသည် ကျောင်းသားများ သင်ယူရေးတွင် အထောက်အကူ ဖြစ်စေရန် အကူအညီ ပေးနိုင်ရေးအတွက် ဖြည့်စွက်အကြံပြုချက်အချို့ ဖြစ်ပါသည်။

သင်ကြားပို့ချမှု မပြုလုပ်မီ သင်သည် အောက်ပါအချက်များကိုလုပ်ဆောင်နိုင်ပါသည်။

- သင်ကြားပို့ချရန် သင်ခန်းစာပါ အကြောင်းအရာပမာဏ အနည်းငယ်ကိုရွေးချယ်ပါ။ မှတ်သားထားရမည့် အချက်မှာ ယေဘုယျအားဖြင့် မိနစ် ၅၀ စာသင်ချိန်၏ (၃)ပုံ (၁) ပုံကိုသာ သင်ခန်းစာပါ အကြောင်းအရာ သင်ကြားပို့ချရန် အသုံးပြုသင့်သည်ကို သတိရပါ။ သို့မှသာလျှင် ကျောင်းသားများ သင်ကြားသည့် အကြောင်းအရာများ၊ ကျွမ်းကျင်မှုစွမ်းရည်များကို လေ့ကျင့်နိုင်ရန် လုံလောက်သောအချိန်ကို ရရှိမည်ဖြစ်ပြီး သင်ခန်းစာများကို ပို၍ နက်နဲစွာ နားလည်သဘောပေါက်နိုင်မည်ဖြစ်သည်။
- သင်ခန်းစာအကြောင်းအရာမှ ကျောင်းသားများသင်ယူရန် အရေးအပါဆုံးဟု ထင်မြင်ယူဆသော အဓိကအချက်များကို မှတ်စုရေးထားပါ။ အတန်းတွင်း သင်ကြားပို့ချမှုများ ပြုလုပ်သည့်အခါ ယင်းအဓိကအချက်များကို မပျက်မကွက် ဆွေးနွေးမိစေရန် အဆိုပါမှတ်စုကို ကိုးကားပါ။
- အကြောင်းအရာကို မည်သို့သင်ကြားပို့ချပေးမည်ဆိုသည်နှင့် သင်ယူမှုလုပ်ငန်းများကို မည်သို့ ဆောင်ရွက်မည် ဆိုသည့်အချက်နှင့် ပတ်သက်၍ ရှင်းလင်းသေချာအောင် လုပ်ဆောင်ပါ။ လိုအပ်ပါက ဤလမ်းညွှန်စာအုပ်ပါ အကြံပြုချက်များကို ကိုးကားပါ။ အခြားဆရာများနှင့်လည်း တိုင်ပင်ဆွေးနွေးပါ။ သင်၏ စာသင်ခန်း အခြေအနေနှင့်

ကိုက်ညီသော သင်ယူမှုလုပ်ငန်းများကို ကောင်းစွာလုပ်ဆောင်နိုင်ရန် အကြံပြုထားသော သင်ယူမှုအဆင့်များကို လွတ်လပ်စွာ ပြောင်းလဲမှု ပြုလုပ်နိုင်သည်။

- သင်ယူမှုလုပ်ငန်းတစ်ခုစီအတွက် တစ်ဆင့်ပြီးတစ်ဆင့် မည်သို့လုပ်ဆောင်ရမည်ကို ကျောင်းသားများ နားလည်နိုင်စေရန် ညွှန်ကြားချက်များကို ရှင်းလင်းစွာ ရေးသားပြင်ဆင်ထားပါ။ ဤညွှန်ကြားချက်များကို ပါဝါပွိုင့်ပြင်ဆင်၍ဖြစ်စေ၊ လက်ကမ်းစာစောင်အနေဖြင့်ဖြစ်စေ၊ သင်ပုန်းပေါ်တွင် စာဖြင့် ရေးသား၍လည်း ပြသနိုင်ပါသည်။ ညွှန်ကြားချက်များကို ကျောင်းသားများအားလုံး ဖတ်ရှုနိုင်လောက်သည့် စာလုံးကြီးကြီးဖြင့် ရေးပါ။
- ညွှန်ကြားချက်များကို ဖြည်းဖြည်းနှင့်မှန်မှန် တစ်ဆင့်ပြီးတစ်ဆင့် နှုတ်ဖြင့်ရှင်းပြနိုင်ရန် ကြိုတင်လေ့ကျင့်ထားနိုင်ပါသည်။ ဤသို့လေ့ကျင့်ထားခြင်းသည် လုပ်ငန်းမစတင်မီ ကျောင်းသားများအား ညွှန်ကြားချက်များကိုရှင်းပြရန်အတွက် အဆင်သင့်ဖြစ်စေပါလိမ့်မည်။ ကျောင်းသားများသည်လည်း သူတို့ မည်သည့်အရာအား ပြုလုပ်ရမည် ဆိုသည်ကို နားလည်သဘောပေါက်ကြမည်ဖြစ်သည်။ ဤသို့ ကြိုတင်လေ့ကျင့်ခြင်းကို မိတ်ဆွေတစ်ဦး (သို့မဟုတ်) လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့် ပြုလုပ်နိုင်ပါသည်။ ထို့ပြင် မည်သည့်အကြောင်းအရာများကို ပိုမိုရှင်းလင်းစွာ ရှင်းပြရန် လိုအပ်သည်များရှိပါက အကြံပြုပြောဆိုရန် ၎င်းတို့အားတောင်းဆိုပါ။
- အချိန်ရပါက သင်ယူမှုလုပ်ငန်း လုပ်ဆောင်နေစဉ်အတွင်း ကျောင်းသားများအား လုပ်ဆောင်စေလိုသော လုပ်ငန်းလုပ်ဆောင်ပုံကို နမူနာသရုပ်ပြရန် ပြင်ဆင်ပါ။ ဤနမူနာလုပ်ဆောင်ပြမှုတွင် အခြားဆရာတစ်ဦး သို့မဟုတ် နှစ်ဦးအား ကျောင်းသားများအဖြစ် ပါဝင်စေပြီး အချိန်တို သရုပ်ဆောင်သင်ကြားသင်ယူမှု (short role-play) ကို လုပ်ဆောင်နိုင်ပါသည်။ ဤသို့ လုပ်ဆောင်မှုသည် ကျောင်းသားများအား သူတို့ မည်သည့်အရာကို လုပ်ဆောင်သင့်ကြောင်း တိကျစွာ တွေ့မြင်နိုင်စေမည် ဖြစ်သည်။
- အကယ်၍ သင်ယူမှုလုပ်ငန်းပြီးဆုံးချိန်တွင် ကျောင်းသားများအား တစ်စုံတစ်ခု ပြုလုပ်ဖန်တီးစေရန် မျှော်မှန်းထားသည်ဆိုပါက သင့်အနေဖြင့် နမူနာတစ်ခု (သို့) လုပ်ငန်းအပြီးရရှိမည့်ရလဒ်တစ်ခုကို ပြင်ဆင်ထားရပါမည်။ ဤသည်မှာ ကျောင်းသားများလုပ်ငန်းပြုလုပ်နေစဉ်အတွင်း ၎င်းတို့အနေဖြင့် မည်သည့်အရာကို ဖန်တီးရမည်ကို ရည်ရွယ်ထားသင့်ကြောင်းကို ပြသနိုင်ရန်၊ သိရှိစေရန်အတွက် ဖြစ်ပါသည်။

စာသင်ခန်းအတွင်း သင်ခန်းစာမစမီ (သို့မဟုတ်) သင်ယူမှုလုပ်ငန်းတစ်ခုခု မပြုလုပ်မီ အောက်ပါ အချက်များကို အသုံးပြုနိုင်မည်ဆိုပါက များစွာ အထောက်အကူ ဖြစ်စေနိုင်ပါသည်။

- လုပ်ဆောင်ရန် ညွှန်ကြားထားသောအလုပ်များကို ကျောင်းသားများ လုပ်ဆောင်နိုင်ရန် လိုအပ်သည်များနှင့် သင်ယူမှုဆိုင်ရာ အထောက်အကူပြု ပစ္စည်းများကိုပေးဝေပါ။ အွန်လိုင်း စာကြည့်တိုက်အား ကောင်းစွာအသုံးချရန်နှင့် လိုအပ်သော သင်ကြားသင်ယူမှု အထောက် အကူပစ္စည်းများကို အွန်လိုင်းစာကြည့်တိုက် (သို့) အွန်လိုင်းမှ ရယူရန် ကျောင်းသားများအား တိုက်တွန်းပါ။
- သင်ခန်းစာအကြောင်းအရာများကို သင်ကြားပို့ချရာတွင် သင်လုပ်ဆောင်စေလိုသော သင်ယူမှုလုပ်ငန်းနှင့် ပတ်သက်သည့် ညွှန်ကြားချက်များကို ကျောင်းသားများအား နားလည်စေရန် ရှင်းလင်းသောညွှန်ကြားချက်များကို နှုတ်အားဖြင့်ဖြစ်စေ၊ စာအားဖြင့် ဖြစ်စေ ပေးပါ။
- ကျောင်းသားများ လုပ်ဆောင်သင့်သည်များကို အချိန်တိုသရုပ်ဆောင်သင်ကြားသင်ယူ ခြင်းနည်း (short role-play) ကို အသုံးပြုပြီး နမူနာလုပ်ပြပါ။
- အတန်းမစမီသင်ပြင်ဆင်ထားသော သင်ယူမှုရလဒ် နမူနာပုံစံကို ကျောင်းသားများအား ပြသပါ။
- သင်ယူမှုလုပ်ငန်းအား မည်သို့ပြုလုပ်ရမည်ဆိုသော ညွှန်ကြားချက်များအား နားလည် ကြောင်း သေချာစေရန် ကျောင်းသားတစ်ဦး (သို့မဟုတ်) နှစ်ဦး၊ သုံးဦးအား ၎င်းတို့နားလည် သလို ကိုယ်ပိုင်စကားအသုံးအနှုန်းဖြင့် အတန်းသို့ ပြန်လည် ရှင်းပြစေပါ။
- ကျောင်းသားများအား လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ရန် အချိန်မည်မျှ ရမည်ဖြစ်ကြောင်း ပြောပြထားပါ။

စာသင်ချိန်အတွင်း အောက်ပါအချက်များကို ဆောင်ရွက်ခြင်းဖြင့် သင်ကြားသင်ယူမှုကို အထောက် အကူ ဖြစ်စေနိုင်ပါသည်။

- သင် ပို့ချသင်ကြားပေးသော သင်ခန်းစာအကြောင်းအရာများ သို့မဟုတ် ကျောင်းသားများ လုပ်ဆောင်နေသော သင်ယူမှုလုပ်ငန်းအား ၎င်းတို့ နားလည်သဘောပေါက်မှု ရှိသည်၊ မရှိသည်ဟု ယူဆရသော လက္ခဏာသွင်ပြင်များကို အကဲခတ်ကြည့်ပါ။ အကယ်

၍ အချို့အချက်များသည် ကျောင်းသားများအတွက် နားလည်ရန်ခက်ခဲနိုင်သည်ဟု သံသယဖြစ်ပါက ၎င်းခက်ခဲသော သတင်းအချက်အလက်များကို အခြားမတူကွဲပြား သော နည်းလမ်းဖြင့်ရှင်းပြပေးခြင်း (သို့မဟုတ်) ထိုသတင်းအချက်အလက်များကို တစ်ပိုင်းစီခွဲထုတ်ပြီး အပိုင်းလိုက်ရှင်းပြခြင်းကို ပြုလုပ်နိုင်သည်။

- စာသင်ခန်း၏နေရာအနှံ့လှည့်လည်သွားလာပြီး အောက်ပါတို့ကိုလုပ်ဆောင်နိုင်ပါသည်။
  - ကျောင်းသားများအားလုံး ပါဝင်လုပ်ဆောင်နေကြောင်း သေချာပါစေ။
  - ကျောင်းသားများတွင် မေးစရာမေးခွန်းများရှိလျှင် ဖြေဆိုပေးပါ။
  - ကျောင်းသားများတွင် သင်ယူမှုလုပ်ငန်းစဉ်များ လုပ်ဆောင်ရန် လိုအပ်သည် များအားလုံးရှိနေကြောင်း သေချာပါစေ။
  - ကျောင်းသားများသည် သင်ယူမှုလုပ်ငန်းများအား ညွှန်ကြားထားသည့်အတိုင်း လုပ်ဆောင်နေခြင်း ရှိ၊ မရှိ လေ့လာကြည့်ခြင်းအားဖြင့် ကျောင်းသားများ၏ နားလည် သဘောပေါက်မှုကို စစ်ဆေးအကဲဖြတ်ပါ။
- ကျောင်းသားများအား မေးခွန်းများမေးရန် တိုက်တွန်းအားပေးပါ။
- အကယ်၍ နားလည်မှုလွဲနေကြောင်း စုံစမ်းသိရှိရလျှင် ထိုကျောင်းသားအား တိုက်ရိုက် ပြောဆိုရှင်းလင်းပါ။ ကျောင်းသားအားလုံး အကျိုးရှိမည့် အချက်ဖြစ်ပါက ကျောင်းသား အားလုံးကို အာရုံစိုက်ရန် ပြောပြီး ကျောင်းသားတိုင်းသိအောင် ရှင်းပြပေးပါ။
- သင်ခန်းစာများ ရှေ့မဆက်မီ 'ရပ်တန့်ပါ၊ စဉ်းစားပါ' ညွှန်ကြားချက်ဇယားကွက်တွင် ပါရှိသည့် အလေးပေးသိစေလိုသော အချက်များကို ကျောင်းသားများ ကောင်းစွာ သင်ယူနေကြောင်းကို သေချာစေရန်အတွက် ဖြစ်သည်။

အတန်းပြီးဆုံးချိန်တွင် အောက်ပါ အချက်များ လုပ်ဆောင်ခြင်းဖြင့် အထောက်အကူ ဖြစ်စေနိုင် ပါသည်။

- သင်ခန်းစာသင်ယူမှု ပြီးဆုံးချိန်တွင် ကျောင်းသားများအနေဖြင့် မည်မျှနားလည်သွား သည်ကို ဆန်းစစ်အကဲခတ်ပါ။ ဤသို့ပြုလုပ်ခြင်းသည် သင်ခန်းစာကို အကျဉ်းချုပ်ရန် အခွင့်အလမ်းကို ရစေပြီး၊ ကျောင်းသားများ၏ သင်ယူမှုရလဒ် ပေါက်မြောက်မှုကိုလည်း အချုပ်အားဖြင့် စစ်ဆေးအကဲဖြတ်နိုင်သည်။ ဤသင်ခန်းစာသင်ကြားသင်ယူမှုက ဆရာများ အတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်များနှင့် ကိုက်ညီအောင် မည်သို့ ထောက်ပံ့ပေး ကြောင်းကိုလည်း နားလည်သဘောပေါက်စေပါသည်။

- သင်ကြားပို့ချပေးထားသော အကြောင်းအရာများထဲမှ ကျောင်းသားများအား ၎င်းတို့ စိတ်ဝင်စားသည်ဟု ယူဆမှတ်ယူသော သို့မဟုတ် ၎င်းတို့ကို အံ့အားသင့်စေသော အချက် တစ်ခုကို ပြန်လည် ဝေမျှ ရှင်းလင်းစေခြင်းဖြင့် ၎င်းတို့၏ နားလည်သဘောပေါက်မှုကို အကဲဖြတ်နိုင်သည်။
- လတ်တလော သင် ပို့ချသင်ကြားပေးထားသော သင်ခန်းစာ အကြောင်းအရာအပေါ် မေးခွန်းများမေးရန်နှင့် ဝေဖန်သုံးသပ်မှုများပြုလုပ်ရန် ကျောင်းသားများကို တိုက်တွန်း အားပေးနိုင်သည်။
- ကျောင်းသားတစ်ဦး သို့မဟုတ် နှစ်ဦးတို့အား သင်ယူမှုလုပ်ငန်းပြုလုပ်ချိန်အတွင်း ၎င်းတို့ လုပ်ဆောင်ခဲ့သည်များကို ပြန်လည် မျှဝေ ရှင်းလင်းပေးရန် ညွှန်ကြားပါ။ အကယ်၍ သင်ယူမှုလုပ်ငန်းသည် သင်ကြားသင်ယူမှုပြီးနောက် ရရှိလာမည့်ရလဒ်အတွက် ပြင်ဆင် လုပ်ဆောင်ခြင်း မဟုတ်ပါက ကျောင်းသားတစ်ဦး သို့မဟုတ် နှစ်ဦးတို့အား ဤလုပ်ငန်းမှ ၎င်းတို့ သင်ယူရရှိခဲ့သော အရာများကို ဖော်ပြပေးရန်ညွှန်ကြားပါ။
- ကျောင်းသားတစ်ဦးစီမှ ၎င်းတို့၏ သင်ယူမှုလုပ်ငန်း သို့မဟုတ် အတွေးစိတ်ကူးများကို ဝေမျှတင်ပြပြီးပါက ၎င်းတို့ ဝေမျှပေးလိုက်သော အကြောင်းအရာမှ အတန်းသို့ အလေးပေး ဖော်ပြလိုသည့် ရှုထောင့်တစ်ခု သို့မဟုတ် နှစ်ခုကိုရွေးချယ်ပါ။ သင်ရွေးချယ်သော အချက်များသည် သင်ယူမှုလုပ်ငန်းနှင့်ပတ်သက်ပြီး ကျောင်းသားများအားလုံး သင်ယူ မှတ်သားစေလိုသည့် အဓိကအချက်များ ဖြစ်သင့်သည်။

စာသင်ခန်းအတွင်းတွင် ကျောင်းသားများ လွတ်လပ်စွာ မေးခွန်းများမေးနိုင်သော၊ ၎င်းတို့၏ အတွေးအမြင်များကို မျှဝေပေးနိုင်သော၊ လုံခြုံစိတ်ချမှုရှိသော သင်ယူမှုဝန်းကျင်တစ်ခုကို ဖန်တီး တည်ဆောက်ရန် ဟူသောအရေးကြီးသည့် အခန်းကဏ္ဍတစ်ခုကို ဆရာတစ်ဦးအနေဖြင့် လုပ်ဆောင်ရန် တာဝန်ရှိပါသည်။ သင်၏ အကြံပြုချက်နှင့် ဝေဖန်သုံးသပ်ချက်များသည် ကျောင်းသားများအား မြန်မာနိုင်ငံ၏ ကလေးသူငယ်များနှင့် လူငယ်များ၏ သင်ယူမှုနှင့် ဘက်စုံ ဖွံ့ဖြိုးမှုကို ထောက်ပံ့မှု ပေးနိုင်သည့် ဆရာများ ဖြစ်လာစေရန် ကူညီထောက်ပံ့ပေးနိုင်မည် ဖြစ်ပါ သည်။

## မာတိကာအကြောင်းအရာ

**ဇယား (ခ)။ ပထမနှစ်၊ ဒုတိယစာသင်နှစ်ဝက်၊ ဘဝတွက်တာကျွမ်းကျင်စရာ၊ မာတိကာအကြောင်းအရာ**

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ တတ် ကျွမ်းမှုစံ | စာ သင် ချိန် |
|---|---|---|---|---|---|
| ၄။ လူမှုဘဝမှာ ကျွမ်းကျင်စရာ နယ်ပယ် | ၄.၁။ လူမှုဘဝမှာ ကျွမ်းကျင်စရာ တတ်ကျွမ်းမှုများကို သင်ယူခြင်း | ၄.၁.၁။ လူမှုဆက်ဆံရေး နှင့် စိတ်လှုပ်ရှားမှု ဆိုင်ရာ ဖွံ့ဖြိုး တိုးတက်ခြင်း နယ်ပယ် | • လူမှုဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်း နယ်ပယ်အကြောင်း ရှင်းပြတတ်မည်။ | က (၄.၁)<br>က (၅.၁)<br>ခ (၁.၁) | ၁ |
| | | ၄.၁.၂။ စိတ်လှုပ်ရှားမှု ဆိုင်ရာ ဉာဏ်ရည် | • လူမှုဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်း နယ်ပယ်မှ စိတ်လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှုများကို ဖော်ထုတ်တတ်မည်။ | က (၄.၁)<br>က (၅.၁)<br>ခ (၁.၁) | ၁ |
| | | ၄.၁.၃။ လူမှုဆက်ဆံရေး ဆိုင်ရာ ကျွမ်းကျင်မှုများကို စာသင်ခန်း အတွင်း အသုံးချခြင်း။ | • လူမှုဆက်ဆံရေး ဆိုင်ရာ ကျွမ်းကျင်မှုများကို စာသင်ခန်းအတွင်း မည်သို့ အသုံးချနိုင်ကြောင်း ရှင်းပြတတ်မည်။<br>• လူမှုဆက်ဆံရေး ဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်စေသည့် ကစားနည်းတစ်ခု ကိုဖန်တီးတတ်မည်။ | က (၄.၁)<br>က (၅.၁)<br>ခ (၁.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ တတ်ကျွမ်းမှုစံ | စာသင်ချိန် |
|---|---|---|---|---|---|
| ၄။ လူမှုဘဝမှာ ကျွမ်းကျင်စရာ | ၄.၂။ လူမှုဘဝမှာ ကျွမ်းကျင်စရာများကို ပြန်လည်သုံးသပ်ခြင်းနှင့် အသုံးချခြင်း | ၄.၂.၁။ မူလတန်း လူမှုဘဝမှာ ကျွမ်းကျင်စရာ နယ်ပယ် သင်ခန်းစာများ | • မူလတန်း လူမှုဘဝမှာ ကျွမ်းကျင်စရာနယ်ပယ်၏ သင်ခန်းစာများတွင် ရည်မှန်းချက်များ၊ သင်ယူမှုအဆင့်များနှင့် သင်ယူမှုလုပ်ငန်းများ အကြား ချိတ်ဆက်မှုကို ရှင်းပြတတ်မည်။ | က (၄.၁)<br>က (၅.၁)<br>ခ (၁.၁) | ၁ |
| | | ၄.၂.၂။ သင်ခန်းစာ သင်ပြမှုပုံစံတစ်ခု ဖွဲ့စည်းထားပုံ | • လူမှုဘဝမှာ ကျွမ်းကျင်စရာ နယ်မှ သင်ခန်းစာသင်ပြမှု ပုံစံတစ်ခု၏ ဖွဲ့စည်းထားပုံကို ခွဲခြမ်းစိတ်ဖြာပြတတ်မည်။<br>• သင်ယူမှုလုပ်ငန်းများ သည် ဘဝတွက်တာ ကျွမ်းကျင်စရာ တတ်ကျွမ်းမှု ကိုးခုမှ မည်သည့် တတ်ကျွမ်းမှုများ ရရှိသည်ကို ဖော်ပြတတ်မည်။ | က (၄.၁)<br>က (၅.၁)<br>ခ (၁.၁) | ၁ |
| ၅။ သဘာဝ ဝန်းကျင် ထိန်းသိမ်းလို့ လိုက်လျော ညီထွေ နေထိုင်စို့ နယ်ပယ် | ၅.၁။ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက် ရေးနှင့် သဘာဝဘေး အန္တရာယ် လျှော့ချရေး အကြောင်း သင်ယူခြင်း | ၅.၁.၁။ ပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်မှု | • သဘာဝပတ်ဝန်းကျင်အား မည်သို့ ထိန်းသိမ်းစောင့်ရှောက် ရမည် ဖြစ်ကြောင်း ရှင်းပြတတ်မည်။ | က (၄.၁)<br>က (၅.၁)<br>ခ (၁.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ တတ် ကျွမ်းမှုစံ | စာ သင် ချိန် |
|---|---|---|---|---|---|
| | | ၅.၁.၂။ သဘာဝ ဘေးအန္တရာယ် ဖြစ်နိုင်ခြေ လျှော့ချခြင်း | • သဘာဝဘေးအန္တရာယ် ဖြစ်နိုင်ခြေလျှော့ချရေး ၏ အဓိပ္ပာယ်ကို ရှင်းပြတတ်မည်။<br>• ကလေး အရွယ်လိုက် ဖွံ့ဖြိုးခြင်းဆိုင်ရာ သီအိုရီများကို မူလတန်းအဆင့် သဘာဝဝန်းကျင် ထိန်းသိမ်းခြင်းနှင့် ဘေးအန္တရာယ် ဖြစ်နိုင်ခြေလျှော့ချခြင်း သင်ခန်းစာများ သင်ကြားရာတွင် မည်သို့ ထည့်သွင်းစဉ်းစား နိုင်ကြောင်း ဥပမာများ ပေးတတ်မည်။ | က (၄.၁)<br>က (၅.၁)<br>ခ (၁.၁) | ၁ |
| | | ၅.၁.၃။ ဘေး အန္တရာယ် ကျရောက်ပြီးနောက် ကျောင်းသားများ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာပျော်ရွှင်ရေး | • ဘေးအန္တရာယ် ကျရောက်ပြီးနောက် စိတ်ဒဏ်ရာရနေသော ကျောင်းသားများအား ကူညီပေးနိုင်မည့် နည်းလမ်းများကို ဖော်ထုတ်တတ်မည်။<br>• ဘေးအန္တရာယ် ကျရောက်ပြီးနောက် စိတ်ဒဏ်ရာရနေသော ကျောင်းသားတစ်ဦး အကြောင်း ဖြစ်ရပ်ကို ဖန်တီးရေးသားတတ်မည်။ | က (၄.၁)<br>က (၅.၁)<br>ခ (၁.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ့တတ်ကျွမ်းမှုစံ | စာသင်ချိန် |
|---|---|---|---|---|---|
| | ၅.၂။ သဘာဝဝန်းကျင် ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ် လျော့ချရေးအကြောင်း အသုံးချခြင်းနှင့် ပြန်လည် သုံးသပ်ခြင်း | ၅.၂.၁။ သဘာဝဝန်းကျင် ထိန်းသိမ်းလို့ လိုက်လျောညီ ထွေနေထိုင်စို့ နယ်ပယ်၏ သင်ခန်းစာ သင်ပြမှုပုံစံ ဖွဲ့စည်းထားပုံ | • သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်မှုနှင့် သဘာဝ ဘေးအန္တရာယ် ဖြစ်နိုင်ခြေ လျော့ချရေး အကြောင်း သင်ကြားပို့ချခြင်း၏ ရည်မှန်းချက်များ၊ သင်ယူမှုအဆင့်များ နှင့် သင်ယူမှုလုပ်ငန်းများ အကြား ချိတ်ဆက်မှုကို ရှင်းပြတတ်မည်။<br>• သဘာဝ ဝန်းကျင်ထိန်းသိမ်းလို့ လိုက်လျောညီထွေ နေထိုင်စို့ နယ်ပယ်၏ သင်ယူမှုဖြစ်စဉ်နှင့် ဖွဲ့စည်းပုံကို ခွဲခြမ်းစိတ်ဖြာ တတ်မည်။ | က (၄.၁)<br>က (၅.၁)<br>ခ (၁.၁) | ၁ |

| အခန်းများ | အခန်းငယ်များ | သင်ခန်းစာများ | မျှော်မှန်းထားသော သင်ယူမှုရလဒ်များ | ဆရာ တတ် ကျွမ်းမှုစံ | စာ သင် ချိန် |
|---|---|---|---|---|---|
| ၆။ စစ်ဆေး အကဲဖြတ် ခြင်း | ၆.၁။ ဘဝတွက်တာ ကျွမ်းကျင်စရာ စစ်ဆေး အကဲဖြတ်ခြင်း | ၆.၁.၁။ ဘဝတွက်တာ ကျွမ်းကျင်စရာ စစ်ဆေး အကဲဖြတ်ခြင်း ဆိုသည်မှာ | • ဘဝတွက်တာ ကျွမ်းကျင်စရာ စစ်ဆေး အကဲဖြတ်ခြင်းဆိုသည်ကို ဖော်ထုတ်တတ်မည်။ | က (၅.၁)<br>ခ (၁.၁) | ၁ |
| | | ၆.၁.၂။ ဘဝတွက်တာ ကျွမ်းကျင်စရာ စစ်ဆေး အကဲဖြတ်ခြင်း ပုံစံများ | • ဘဝတွက်တာ ကျွမ်းကျင်စရာ စစ်ဆေး အကဲဖြတ်ရာတွင် အသုံးပြုသော နည်းလမ်း များနှင့် မေးခွန်းပုံစံများကို ရှင်းပြတတ်မည်။ | က (၄.၁)<br>က (၅.၁)<br>ခ (၁.၁)<br>ခ (၂.၁)<br>ခ (၂.၂) | ၁ |
| | | ၆.၁.၃။ မူလတန်း ဘဝတွက်တာ ကျွမ်းကျင်စရာ စစ်ဆေး အကဲဖြတ်ခြင်း | • စစ်ဆေးအကဲဖြတ်သော နည်းလမ်းများကို ရှင်းပြနိုင်ပြီး မူလတန်းဘဝတွက်တာ ကျွမ်းကျင်စရာ သင်ခန်းစာများကို စစ်ဆေးအကဲဖြတ်ရာတွင် အသုံးပြုနိုင်သော ကြည့်ရှုလေ့လာ စစ်ဆေးခြင်း ပုံစံတစ်ခုကို ဖန်တီးတတ်မည်။ | က (၄.၁)<br>က (၅.၁)<br>ခ (၁.၁)<br>ခ (၂.၁)<br>ခ (၂.၂) | ၁ |
| စုစုပေါင်း စာသင်ချိန် | | | | | ၁၂ |

အခန်း ၄

# လူမှုဘဝမှာ ကျွမ်းကျင်စရာနယ်ပယ်

ဘဝတွက်တာကျွမ်းကျင်စရာများဘာသာရပ်၏ လူမှုဘဝမှာ ကျွမ်းကျင်စရာနယ်ပယ်၌ ပါဝင်သော သင်ယူမှု အကြောင်းအရာများသည် စဉ်းစားတွေးခေါ်ခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ၊ လူမှုပေါင်းသင်း ဆက်ဆံရေး ကျွမ်းကျင်မှုများနှင့် စိတ်လှုပ်ရှားခံစားမှုများကို ထိန်းချုပ်နိုင်သည့် ကျွမ်းကျင်မှုများကို ပေါင်းစပ်ထားခြင်း ဖြစ်သည်။ ဤစွမ်းရည်များသည် ဆရာအတတ်သင်ယူသူ ကျောင်းသားများအား လေးနက်စွာ ပိုင်းခြား ဝေဖန်စဉ်းစားခြင်း၊ တီထွင်ကြံဆစဉ်းစားခြင်း၊ ပြဿနာဖြေရှင်းခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း ကဲ့သို့သော စဉ်းစားခြင်း ကျွမ်းကျင်မှုများ တိုးတက် မြင့်မားစေရန် အထောက်အကူပြုသည်။ ထို့အပြင် မိမိတို့၏ ခံစားချက်များ၊ အတွေးများနှင့် မျှဝေလိုသော သတင်းစကားများကို အခြားသူများနှင့် ဆက်သွယ်ပြောဆိုရာတွင် ပြုလွယ် ပြောင်းလွယ်သော နှစ်လိုဖွယ်ကောင်းသည့် ပြုမူပြောဆိုပုံတို့ကို ထိန်းသိမ်းနိုင်ခြင်းအားဖြင့် နေ့စဉ်ဘဝ၏ လိုအပ်မှုနှင့် စိန်ခေါ်မှုများကို ထိရောက်စွာကိုင်တွယ်နိုင်စေရန်လည်း ပံ့ပိုးပေးသည်။ ဤကျွမ်းကျင်မှုများသည် အိမ်၊ ကျောင်း၊ လုပ်ငန်းခွင်နှင့် လူမှုအသိုင်းအဝိုင်းတို့တွင် အောင်မြင်သော လူမှုဆက်ဆံရေး တည်ဆောက်နိုင်ရန် အခြေခံများပင်ဖြစ်သည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- လူမှုဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှု ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်း နယ်ပယ်အကြောင်း ရှင်းပြတတ်မည်။
- လူမှုဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်း နယ်ပယ်မှ စိတ်လှုပ်ရှားမှု ဆိုင်ရာ ကျွမ်းကျင်မှုများကို ဖော်ထုတ်တတ်မည်။

- လူမှုဆက်ဆံရေးဆိုင်ရာ ကျွမ်းကျင်မှုများကို စာသင်ခန်းအတွင်း မည်သို့အသုံးချနိုင်ကြောင်း ရှင်းပြတတ်မည်။
- လူမှုဆက်ဆံရေးဆိုင်ရာ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေသည့် ကစားနည်းတစ်ခုကို ဖန်တီးတတ်မည်။
- မူလတန်း လူမှုဘဝမှာ ကျွမ်းကျင်စရာနယ်ပယ်၏ သင်ခန်းစာများတွင် ရည်မှန်းချက်များ၊ သင်ယူမှု အဆင့်များနှင့် သင်ယူမှုလုပ်ငန်းများအကြား ချိတ်ဆက်မှုကို ရှင်းပြတတ်မည်။
- လူမှုဘဝမှာ ကျွမ်းကျင်စရာနယ်ပယ်မှ သင်ခန်းစာသင်ပြမှုပုံစံတစ်ခု၏ ဖွဲ့စည်းထားပုံကို ခွဲခြမ်းစိတ်ဖြာပြတတ်မည်။
- သင်ယူမှုလုပ်ငန်းများသည် ဘဝတွက်တာကျွမ်းကျင်စရာ တတ်ကျွမ်းမှု ကိုးခုမှ မည်သည့် တတ်ကျွမ်းမှုများ ရရှိသည်ကို ဖော်ပြတတ်မည်။

# ၄.၁။ လူမှုဘဝမှာ ကျွမ်းကျင်စရာ တတ်ကျွမ်းမှုများကိုသင်ယူခြင်း

လူမှုဘဝမှာ ကျွမ်းကျင်စရာ တတ်ကျွမ်းမှုများသင်ယူခြင်းသည် အချက်အလက်ပြည့်စုံသော ဆုံးဖြတ်ချက်များ ချမှတ်ရခြင်း၊ ပြဿနာများကို ဖြေရှင်းခြင်း၊ လေးနက်စွာ ပိုင်းခြားဝေဖန်ခြင်းနှင့် ဖန်တီး တီထွင်စဉ်းစားခြင်း၊ ထိရောက်စွာ ဆက်သွယ်ပြောဆိုခြင်း၊ အခြားသူများနှင့် ပြေပြစ်သော ဆက်ဆံမှုများ တည်ဆောက်ခြင်း၊ မိမိ၏ ခံစားချက်ကို သတိဖြင့်ထိန်းလျက် အပြုသဘော ဆောင်သော ရလဒ်ကောင်းများပေါ်ထွက်လာအောင် မိမိ၏ စိတ်ခံစားချက်များကို ထိန်းချုပ် စီမံရာတွင် အထောက်အကူဖြစ်စေပါသည်။ လူမှုဘဝမှာ ကျွမ်းကျင်စရာ တတ်ကျွမ်းမှုများကို ဘဝ၏ အရေးပါဆုံးသော အင်္ဂါရပ်များဖြစ်သည်ဟု သတ်မှတ်ကြသည်။ ကလေးငယ်များက ၎င်းတို့ ပတ်ဝန်းကျင်ရှိ လူများ၏ အပြုအမူများကို သတိပြုလေ့လာပြီး အတုယူ လေ့ကျင့်ကြသည်။ ဤသို့ပြုမူကြခြင်းသည် အပေါ်ယံ ယဉ်ကျေးသော အပြုအမူမျှသာ သင်ယူမိခြင်း မဟုတ်ဘဲ လူများကို နက်နဲစွာနားလည် သဘောပေါက်နိုင်စွမ်းရှိခြင်း ဖြစ်ပါသည်။ မည်သည့်အရာများက လူများကို စိတ်ဓာတ်တက်ကြွစေသည်။ မည်သည့်အရာက လူများကို စိတ်သောကဖြစ်စေသည် ဆိုသည့် အကြောင်းများကို သဘောပေါက်နိုင်စွမ်းရှိခြင်း ဖြစ်ပါသည်။ ထိုသို့သဘောပေါက်နိုင်ရန် လူများ၏ မျက်နှာရိပ် မျက်နှာရိပ်ကဲ၊ ကိုယ်လက်အမူအရာ သို့မဟုတ် အသံနေအသံထား အနိမ့်အမြင့်၊ စကားပြောနေစဉ်အတွင်း နှုတ်ဆိတ်သွားသည့် အခိုက်အတန့် စသည်တို့မှ အဓိပ္ပာယ် ကောက်ယူနိုင်သည့်စွမ်းရည်တို့ လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ပြောဆိုရာတွင် ကိုယ်အမူအရာပြ ပြောဆိုဆက်သွယ်ခြင်းဖြင့်လည်း ဆက်သွယ်ပြောဆိုနေကြသောကြောင့် ဖြစ်သည်။

# ၄.၁.၁။
# လူမှုဆက်ဆံရေး နှင့်စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်းနယ်ပယ်

## မျှော်မှန်းထားသော သင်ယူမှုရလဒ်

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- လူမှုဆက်ဆံရေး နှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်းနယ်ပယ်အကြောင်း ရှင်းပြ တတ်မည်။

**ရရှိသွားမည့် တတ်ကျွမ်းမှုများ-**

(က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့်သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘောပေါက်ကြောင်း ပြသသည်။

(က)(၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ)(၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိ ကြောင်းပြသည်။

**အချိန်** - မိနစ် (၅၀)ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ-** ၃-၂-၁ လေ့ကျင့်ခန်း၊ တွေး-တွဲ-မျှဝေသင်ယူခြင်း၊ မေးခွန်းများတီထွင်ဖန်တီးခြင်း၊ အဖွင့်မေးခွန်း၊ အနှစ်ချုပ်ခြင်း၊ ဆင်တူသောဥပမာနှင့် နှိုင်းယှဉ်ပြခြင်း၊ အုပ်စုလုပ်ငန်း၊ တင်ပြခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ-** ကျောင်းသားများသည် သင်ခန်းစာ ၄.၁.၁ လူမှုဆက်ဆံရေး နှင့်စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်းနယ်ပယ်ကို ကြိုတင်ဖတ်ရှုကြရန်ဖြစ်သည်။

**လိုအပ်သောရင်းမြစ်များ-**ကျောင်းသားကိုင်စာအုပ်တွင် ပါသော လုပ်ငန်းပေးစာရွက်ဇယားကွက်များ။

**သင်ယူမှုလုပ်ငန်းများ**

**သင်ယူမှုလုပ်ငန်း (၁) - ၃.၂.၁ လေ့ကျင့်ခန်း (၁၅ မိနစ်)**

၁။ ကျောင်းသားများအား လူမှုဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ပတ်သက်၍ ၎င်းတို့၏စဉ်းစားမိသော ထင်မြင်ချက်(၃)ခုကို ရေးသားစေပါ။ အဆိုပါအချက် (၃) ချက်သည် မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ အရေးမကြီးပါ။ လောလောဆယ်တွင် ၎င်းတို့၏ စိတ်ကူးများကို ဉာဏ်ဖွင့်စဉ်းစားစေခြင်း သာဖြစ်သည်။

၂။ ကျောင်းသားများအား လူမှုဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှု စွမ်းရည်များနှင့်ပတ်သက်၍ ၎င်းတို့ သိလိုသောမေးခွန်း(၂)ခုကို ရေးသားစေပါ။ အဆိုပါ မေးခွန်း(၂)ခုသည် ၎င်းတို့မသိသော အကြောင်းအရာ တစ်ခုဖြစ်မည်။ ၎င်းတို့အဖို့မသေချာ မရေရာဖြစ်နေသော အကြောင်းအရာ တစ်ခုဖြစ်မည်။ သို့တည်းမဟုတ် ၎င်းတို့သဘောမပေါက် နားမလည်သော အကြောင်းအရာ တစ်ခုလည်း ဖြစ်နိုင်သည်။ သို့တည်းမဟုတ် လူမှုဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ စွမ်းရည်များနှင့် စပ်လျဉ်း၍ ၎င်းတို့စိတ်ထဲသို့ ရောက်ရှိလာသည့် "ဘာကြောင့် ဒီအကြောင်းအရာက ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရဲ့ သင်ခန်းစာ တစ်ခု ဖြစ်နေတာလဲ" ဟူသော မေးခွန်းမျိုး ဖြစ်နိုင်သည်။

၃။ ကျောင်းသားများအား နှိုင်းယှဉ်ချက် (analogy) တစ်ခုကိုရေးသားစေပါ။ လူမှုဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှုစွမ်းရည်များဆိုသည်မှာ........ နှင့် တူသည် စသည်ဖြင့် ရေးသားစေရန် ဖြစ်သည်။

### ရပ်တန့်ပါ။ စဉ်းစားပါ။

နှိုင်းယှဉ်ချက် ပြုလုပ်ခြင်းသည် မတူကွဲပြားသောအရာ သို့မဟုတ် အယူအဆ(၂)ခုကို နှိုင်းယှဉ်ပြီး ၎င်းတို့(၂)ခုအကြား တူညီမှုများကို ကြည့်ရှုခြင်း ဖြစ်သည်။ ဥပမာ - "စာမေးပွဲဖြေဆိုခြင်းသည် အပြေးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းနှင့် အလားသဏ္ဍာန်တူသည်"။ သို့မဟုတ် "အယူအဆသစ် တစ်ခုကိုသင်ယူရခြင်းသည် ဦးနှောက်အတွင်းတွင် စိတ်ဖြင့် ကျွမ်းဘားကစားခြင်းနှင့် တူသည်"။ သို့မဟုတ် "လက်မလည်အောင် ရောင်းနေရသည့်ဆိုင်တွင် အလုပ်လုပ်ရခြင်းသည် နေ့စဉ်ဆင်နွှဲနေရသည့် တိုက်ပွဲတွင်ပါဝင်နေရခြင်းနှင့် တူသည်"။ သို့မဟုတ် "စာမေးပွဲဖြေဆိုခြင်းသည် အန္တရာယ်ရှိသောတောင်ကို တက်ရခြင်းနှင့်တူသည်"။

အကြောင်းအရာအသစ်တစ်ခုကိုမသင်မီ ထိုအကြောင်းအရာနှင့်ပတ်သက်၍ အနည်းငယ် သိထားပါက ဤလေ့ကျင့်ခန်းသည် သင်ယူသူများအတွက် အလွန်ကောင်းသော လေ့ကျင့်ခန်းတစ်ခုဖြစ်သည်။ ကျောင်းသားများအား လူမှုဆက်ဆံရေးကျွမ်းကျင်မှုနှင့် ပတ်သက်ပြီး ၎င်းတို့၏စိတ်ကူးနှင့် အတွေးများကို စုစည်းစေပါသည်။ သင်ခန်းစာ သင်ပြီးသောအခါ ဤလေ့ကျင့်ခန်းကိုပြန်လုပ်စေခြင်းဖြင့် သင်ယူထားသည်များကို ပြန်လည် ထင်ဟပ်သုံးသပ်စေပါသည်။

### စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုလုပ်ငန်း(၁)ကို လုပ်ဆောင်နေစဉ် သင်ယူနေစဉ်စစ်ဆေးခြင်းများကို ပြုလုပ်နိုင်ပါသည်။ ကျောင်းသားများသည် လူမှုဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှု စွမ်းရည်များနှင့်ပတ်သက်သော ၎င်းတို့၏ စိတ်ကူးအယူအဆများကို ပြောပြနိုင်ကြပါသလား။ ကျောင်းသားအချို့သည် ထိုသို့ စဉ်းစားပုံမျိုး အတွေ့အကြုံ ရှိကောင်းမှ ရှိပေမည်။ ပထမဆုံး သင်ခန်းစာ ဖြစ်သောကြောင့် ညာဏ်ဖွင့်ဆွေးနွေးခြင်းတွင် ပါဝင်ဆွေးနွေးကြရန် ဆရာက အားပေးရပါမည်။ နှိုင်းယှဉ်ချက်တစ်ခု ပြုလုပ်တတ်ရန် ဆရာက ဥပမာနှင့် သဲလွန်စ များများပေးရန် လိုကောင်းလိုပါမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများက လူမှုဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှု စွမ်းရည်များနှင့်ပတ်သက်သော ၎င်းတို့၏ စိတ်ကူးအယူအဆများကို ပေးရပါမည်။ မေးခွန်းများလည်း မေးကြရပါမည်။ လူမှုဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှု စွမ်းရည်များကို အခြားအရာများနှင့် နှိုင်းယှဉ်ပေးကြရပါမည်။

## သင်ယူမှုလုပ်ငန်း (၂) - အုပ်စုဖြင့်လုပ်ငန်း (၂၀ မိနစ်)

(၁) ကျောင်းသားများအား "လူမှုဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာစွမ်းရည်များ" အပေါ် ပြန်လည်သုံးသပ်ရန် အချိန်ပေးပါ။

(၂) ကျောင်းသားများအား မူလတန်းအဆင့် ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ် သင်ကြားရခြင်း၏ ယေဘုယျရည်ရွယ်ချက်များတွင် ဖော်ပြထားသော ဘဝတွက်တာ ကျွမ်းကျင်စရာ အခြေခံကျွမ်းကျင်မှု (၉)ရပ်ကို "လူမှုဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှု စွမ်းရည်များ" နှင့်ယှဉ်တွဲကြည့်ပြီး ဆွေးနွေးကြပါစေ။

(၃) လူမှုဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှု စွမ်းရည်တစ်ခုတွင် ဘဝတွက်တာကျွမ်းကျင်စရာများ တစ်ခုထက် ပိုနိုင်ကြောင်း သတိပေးပါ။

(၄) ကျောင်းသားများအား ၎င်းတို့၏ကျောင်းသားကိုင်စာအုပ်ရှိ အလုပ်မှတ်တမ်းစာရွက်တွင် အဆိုပါ ဆွေးနွေးချက်များကို ရေးသားဖြည့်စွက်ပါစေ။

(၅) အုပ်စုတစ်ခုကို ၎င်းတို့၏ထင်မြင်ယူဆချက်များအား ရှင်းလင်းပြစေပါ။

(၆) ရှင်းလင်းတင်ပြချက်များကို သင်ပုန်းပေါ်တွင်မှတ်တမ်းတင်ပါ။

(၇) ရှင်းလင်းတင်ပြချက်များအပေါ်အခြေခံလျက် အတန်းလိုက်ဆွေးနွေးမှုကိုဦးဆောင်ပါ။ အခြား အုပ်စုများကို သဘောတူ၊ မတူ မေးမြန်းခြင်း၊ အချက်အလက်များထပ်ဖြည့်စေခြင်း သို့မဟုတ် သဘောမတူရခြင်း၏ အကြောင်းအရင်းများကို ဖော်ပြဆွေးနွေးပါစေ။

(၈) အားလုံး၏သဘောတူညီမှုရယူပြီးနောက် ဆွေးနွေးချက်များကို အနှစ်ချုပ်ပေးပါ။

ဇယား ၄.၁။ လူမှုဆက်ဆံရေး နှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ စွမ်းရည်များနှင့် ဘဝတွက်တာ ကျွမ်းကျင်စရာ တတ်ကျွမ်းမှု (၉) ခုကိုယှဉ်တွဲပေးရန် လုပ်ငန်းပေးစာရွက် [သင်ယူမှုလုပ်ငန်းလမ်းညွှန် နမူနာ (ကြောင်းကျိုးဆက်စပ်သောအဖြေများကိုလက်ခံပေးပါ။)]

| လူမှုဆက်ဆံရေး နှင့် စိတ်လှုပ်ရှားမှုဆိုင်ရာစွမ်းရည် | ဘဝတွက်တာကျွမ်းကျင်စရာ တတ်ကျွမ်းမှု (၉) ခု |
|---|---|
| • မိမိကိုယ်ကို သိရှိမှု | မိမိကိုယ်ကို သိရှိနားလည်ခြင်း |
| • မိမိကိုယ်ကို တည့်မတ်ပေးနိုင်မှု | စိတ်လှုပ်ရှားမှုနှင့်စိတ်ဖိစီးခံရမှုများကို ထိန်းချုပ်တတ်ခြင်း |
| • လူမှုဆက်ဆံရေး အသိနှင့် အုပ်စုတွင်ပါဝင်လုပ်ဆောင်ခြင်း | ကိုယ်ချင်းစာတရားထားတတ်ခြင်း<br>ဆက်သွယ်ခြင်း<br>တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆက်ဆံခြင်း |
| • ဆက်ဆံရေးစွမ်းရည် | တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆက်ဆံခြင်း<br>စိတ်လှုပ်ရှားမှုနှင့်စိတ်ဖိစီးခံရမှုများကို ထိန်းချုပ်တတ်ခြင်း<br>ဆက်သွယ်ခြင်း |
| • ပြဿနာဖြေရှင်းခြင်းနှင့် ငြိမ်းချမ်းစွာပဋိပက္ခဖြေရှင်းမှု | လေးနက်စွာဆန်းစစ်ဝေဖန်ခြင်း<br>တီထွင်ကြံဆတတ်ခြင်း<br>ပြဿနာဖြေရှင်းခြင်း<br>ဆုံးဖြတ်ချက်ချခြင်း |
| • မိမိနှင့်အခြားသူများအတွက် လူမှုဆက်ဆံရေး တာဝန်နှင့် ပျော်ရွှင်ကျန်းမာမှု | မိမိကိုယ်ကို သိရှိနားလည်ခြင်း<br>ဆက်သွယ်ခြင်း<br>တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆက်ဆံခြင်း<br>ကိုယ်ချင်းစာတရား ထားတတ်ခြင်း<br>စိတ်လှုပ်ရှားမှုနှင့်စိတ်ဖိစီးခံရမှုများကို ထိန်းချုပ်တတ်ခြင်း |

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုလုပ်ငန်း(၂) ကိုလုပ်ဆောင်နေစဉ် သင်ယူနေစဉ်စစ်ဆေးခြင်းများကို ပြုလုပ်နိုင်ပါသည်။ ကျောင်းသားများသည် ဘဝတွက်တာကျွမ်းကျင်စရာ အခြေခံကျွမ်းကျင်မှု (၉)ရပ်ကို လူမှုဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှု စွမ်းရည်များနှင့် ယှဉ်နိုင်ကြပါသလား။ အတန်းကို လှည့်လည်ကြည့်ရှုပြီး အုပ်စုများအား လူမှုဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှုစွမ်းရည် တစ်ခုတွင် ဘဝတွက်တာကျွမ်းကျင်စရာများ တစ်ခုထက်ပိုနိုင်ကြောင်း သတိပေးပါ။ အတန်းဆွေးနွေးပွဲတွင် ကျောင်းသားများအား လူမှုဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှု စွမ်းရည်များနှင့် အကျုံးဝင်နိုင်သော အခြား ဘဝတွက်တာကျွမ်းကျင်စရာများကို စဉ်းစား ဖြေဆိုကြရန် အားပေးပါ။ အဘယ်ကြောင့် အကျုံးဝင်ကြောင်းကိုလည်း အကြောင်းပြချက်များ ပေးကြပါစေ။ သဘောထားကွဲလွဲမှုများ ရှိပါက သဘောတူညီချက်ရသည်အထိ ညှိနှိုင်းပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် ဘဝတွက်တာ ကျွမ်းကျင်စရာ အခြေခံကျွမ်းကျင်မှု (၉)ရပ်ကို လူမှုဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှု စွမ်းရည်များနှင့် နှိုင်းယှဉ်ကြရပါမည်။ ၎င်းတို့၏ ယူဆချက်များကို အကြောင်းပြချက်ပေးပြီး ဆက်စပ်မှုကိုလည်း ရှင်းပြနိုင်ရပါမည်။ အားလုံးသဘောတူညီမှု ရသည်အထိ ဆွေးနွေးကြရပါမည်။

## သင်ယူမှုလုပ်ငန်း (၃) - ၃.၂.၁ လေ့ကျင့်ခန်းအပေါ်ပြန်လည်ထင်ဟပ်သုံးသပ်ခြင်း (၁၀ မိနစ်)

(၁) ကျောင်းသားများအား ညွှန်ကြားချက်များကို တစ်ဦးချင်း လိုက်နာလုပ်ဆောင်ရန်ပြောပါ။

- လူမှုဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှုစွမ်းရည်များအပေါ် မိမိတို့၏အတွေးထင်မြင်ချက် (၃)ခုကိုရေးပါ။

- လူမှုဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှု စွမ်းရည်များနှင့်ပတ်သက်ပြီး မေးချင်သော မေးခွန်း(၂) ခုကိုရေးပါ။
- လူမှုဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှုစွမ်းရည်များကို နှိုင်းယှဉ်ချက်တစ်ခုဖြစ်အောင် ရေးပြပါ။
- အတန်းအား ပြောင်းလဲသွားသော အတွေးများ ထင်မြင်ချက်များကိုမေးပြီး အဘယ်ကြောင့် ထိုသို့ပြောင်းလဲရကြောင်း၊ မည်သည့်အချက်ကပြောင်းလဲစေကြောင်း၊ မည်သည့် အချက်ကအသုံးဝင်ကြောင်းမေးပါ။
- ဆက်လက်၍ ဤသင်ခန်းစာသည် ဆရာတစ်ဦးအနေဖြင့် မည်သို့အသုံးချနိုင်ပါသနည်း၊ နောင်တွင် မည်သည့်အချက်များ ထပ်မံလေ့လာလိုပါသနည်းဟု ကျောင်းသားများအားမေးပါ။

(၂) အတန်းသားများအား မိမိတို့၏ ၃-၂-၁ လေ့ကျင့်ခန်းကို အဖော်တစ်ဦးနှင့်တွဲပြီး မူလအတွေးနှင့် ယခုအတွေးသစ်များမည်သို့ နှင့် အဘယ်ကြောင့် ပြောင်းလဲပုံကို မျှဝေကြပါစေ။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုလုပ်ငန်း (၃) ကိုလုပ်ဆောင်နေစဉ် သင်ယူနေစဉ် စစ်ဆေးခြင်းများကို ပြုလုပ်နိုင်ပါသည်။ ကျောင်းသားများ၏ ပြောင်းလဲသွားသော အတွေးများကို လေ့လာပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် လူမှုဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှု စွမ်းရည်များအပေါ် မိမိတို့၏ အတွေးများကို ပြောပြနိုင်ရပါမည်။ လူမှုဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှု စွမ်းရည်များသည် မည်သည့်အရာနှင့် တူကြောင်း နှိုင်းယှဉ်ပြတတ်ရပါမည်။

## ကျောင်းသားများ၏နားလည်မှုကိုစစ်ဆေးခြင်း( ၅ မိနစ်)

၁။ ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်တစ်ခုသည် လူမှုဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုး တိုးတက်ခြင်း နယ်ပယ်အကြောင်း ရှင်းပြနိုင်ရန်ဖြစ်ကြောင်း သတိပေးပါ။ သင်ခန်းစာ၏ ချိတ်ဆက်မှုများကို တွေ့မြင်ရန် ကျောင်းသားများအားလုံး ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း ကိုလည်းပြောပြပါ။

၂။ ကျောင်းသား၂ဦး ၃ဦးအား "စိတ်လှုပ်ရှားခံစားမှုဆိုင်ရာဉာဏ်ရည်" (Emotional Intelligence) အကြောင်းမည်သူကပထမဦးစွာ စတင်စူးစမ်းဖော်ထုတ်ခဲ့ပါသနည်း၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဉာဏ်ရည်ဆိုသည်မှာ အဘယ်နည်းဟု ဆက်မေးပါ။

၃။ ဤသင်ခန်းစာမှရရှိသွားသော ဆရာများအတွက် စံသတ်မှတ်ထားသော တတ်ကျွမ်းမှုများသည် ဘာသာရပ်ဆိုင်ရာအသိပညာနှင့် သင်ရိုးညွှန်းတမ်းအကြောင်းအရာများနှင့် သက်ဆိုင်ကြောင်း ပြောပြပါ။ အရည်အသွေးပြည့်ဝသော ဆရာများဖြစ်လာစေရန် လူမှုဘဝမှာကျွမ်းကျင်စရာ နယ်ပယ်၏ လူမှုဆက်ဆံရေးနှင့် စိတ်လှုပ်ရှားခံစားမှုများ အကြောင်းကို ပူးပေါင်းလုပ်ဆောင် သင်ယူခဲ့ကြကြောင်း ပြောပြပါ။

၄။ ကျောင်းသား၂ဦး ၃ဦးအား လူမှုဆက်ဆံရေးနှင့် စိတ်လှုပ်ရှားခံစားမှုစွမ်းရည်များနှင့် ဘဝတွက်တာကျွမ်းကျင်စရာ ကျွမ်းကျင်မှု (၉)ခုတို့ဆက်စပ်နေပုံကို ဥပမာတစ်ခုပေးပြီး ပြောပြကြပါစေ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** နိုင်းယှဉ်ချက်များကို လွယ်ကူစွာပြုလုပ်နိုင်သူများအား နောက်ထပ် ဥပမာများ ထပ်လုပ်ကြပါစေ။ အခက်အခဲတွေ့နေသူများအား မြန်မာနိုင်ငံမှ လုတောသားတို့၏ နိုင်းယှဉ်သုံးနှုန်းကြပုံများကို ဥပမာများပေးပြီး ကူညီပါ။

**သင်ယူမှုလုပ်ငန်း ၂။** မိမိကိုယ်မိမိ ယုံကြည်ချက်အားနည်းသူ ကျောင်းသားများအား စိတ်လှုပ်ရှားခံစားမှုစွမ်းရည်များနှင့် ဘဝတွက်တာကျွမ်းကျင်စရာ ကျွမ်းကျင်မှု (၉) ခုတို့ဆက်စပ်နေပုံကို မြင်စေရန် သဲလွန်စပေးသော မေးခွန်းများမေးပြီး ကူညီအားပေးပါ။

**သင်ယူမှုလုပ်ငန်း ၃။** ပြန်လည်ထင်ဟပ်သုံးသပ်စေသော လုပ်ငန်းဖြစ်သောကြောင့် ထက်မြက်သူများက နှိုင်းယှဉ်ချက်များကို လွယ်ကူစွာ ပြုလုပ်နိုင်ကြပေမည်။ ထိုကျောင်းသားများအား ၎င်းတို့၏ နှိုင်းယှဉ်ချက်များကို သရုပ်ဖော်ပုံများနှင့် အတန်းသို့မျှဝေရန် ဖိတ်ခေါ်ပါ။

## ၄.၁.၂။ စိတ်လှုပ်ရှားမှုဆိုင်ရာ ဉာဏ်ရည်

**မျှော်မှန်းထားသော သင်ယူမှုရလဒ်**

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- လူမှုဆက်ဆံရေး နှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်း နယ်ပယ်မှ စိတ်လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှုများကို ဖော်ထုတ်တတ်မည်။

**ရရှိသွားမည့် တတ်ကျွမ်းမှုများ-**

(က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့်သင်ရိုး ဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကိုနားလည် သဘောပေါက်ကြောင်း ပြသသည်။

(က)(၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ)(၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်းပြသည်။

**အချိန်-** မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ-** တွေး-တွဲ-မျှဝေသင်ယူခြင်း၊ အုပ်စုဆွေးနွေးခြင်း၊ တင်ပြခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ**-ကျောင်းသားများသည် သင်ခန်းစာ ၄-၁-၂ **"စိတ်လှုပ်ရှား ခံစားမှုဆိုင်ရာ ဉာဏ်ရည်"** (Emotional Intelligence)**အကြောင်း** ကိုကြိုတင် ဖတ်ရှုကြရန်ဖြစ်သည်။

**လိုအပ်သောရင်းမြစ်များ-** အလေးပေးမီးမောင်းထိုးပြလိုသောအချက်များကို မှတ်တမ်းတင်ပေးရန် သင်ပုန်း။

**သင်ယူမှုလုပ်ငန်းများ**

**သင်ယူမှုလုပ်ငန်း (၁) - နှစ်ယောက်တွဲလုပ်ဆောင်ခြင်း (၃၀ မိနစ်)**

(၁) ကျောင်းသားများအား "စိတ်လှုပ်ရှားခံစားမှုဆိုင်ရာဉာဏ်ရည်" ခေါင်းစဉ်အောက်ရှိ ပုံနှိပ်စာအုပ်ပါ အကြောင်းအရာကို ဖတ်ရှုစေပါ။

(၂) ကျောင်းသားများအား နှစ်ယောက်တစ်တွဲ တွဲပေးပြီး စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဉာဏ်ရည်နှစ်မျိုးအကြောင်း ၎င်းတို့အချင်းချင်းဆွေးနွေးစေပါ။

(၃) ကျောင်းသားများအား ၎င်းတို့သိရှိသော စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဉာဏ်ရည်ရှိသူများကို ဥပမာပေး၍ မျှဝေပါစေ။ အဘယ်ကြောင့်စိတ်လှုပ်ရှားခံစားမှုဆိုင်ရာဉာဏ်ရည်ရှိသူဖြစ်သည်ဟု ထင်ကြောင်းကို ရှင်းပြပါစေ။ မည်သည့် စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဉာဏ်ရည်အမျိုးအစားဖြစ်သည်ကိုလည်း ပြောပြပါစေ။

(၄) ကျောင်းသားများပြောပြသော တစ်ဦးနှင့်တစ်ဦးအပြန်အလှန် ဆက်ဆံမှု (Interpersonal) နှင့် မိမိကိုယ်မိမိသိရှိ နားလည်မှု(Intrapersonal) တို့၏ဥပမာများကို သင်ပုန်းပေါ်တွင် တင်ပေးပါ။

(၅) သင်ယူမှု၊ လူမှုရေးဘဝနှင့် လုပ်ငန်းခွင်တွင် စိတ်လှုပ်ရှားခံစားမှုဆိုင်ရာဉာဏ်ရည်၏ အရေးပါမှုကို မီးမောင်းထိုးပြလျက် ဆွေးနွေးချက်များကို အနှစ်ချုပ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုလုပ်ငန်း (၁)ကို လုပ်ဆောင်နေစဉ် သင်ယူနေစဉ်စစ်ဆေးခြင်းများကို ပြုလုပ်နိုင်ပါသည်။ ကျောင်းသားများသည် နေ့စဉ်ဘဝအတွေ့အကြုံများမှ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဉာဏ်ရည်ရှိသူများကို ဥပမာပေးနိုင်ကြပါသလား။ အတန်းတွင်း လှည့်လည်ပြီး ၎င်းတို့၏ ဘဝအတွေ့အကြုံများမှ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဉာဏ်ရည် ရှိသူများ အကြောင်းမျှဝေရန် အားပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများက နေ့စဉ်ဘဝအတွေ့အကြုံများမှ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဉာဏ်ရည်ရှိသူများကို ဥပမာပေးပြီး မျှဝေကြရန်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၂) - အမျိုးသမီးနှစ်ဦးဇာတ်လမ်း (၁၅မိနစ်)

(၁) ကျောင်းသားများအား ဇာတ်လမ်းကိုဖတ်ပြပါ။

**အမျိုးသမီးနှစ်ဦးဇာတ်လမ်း** [၅]

အမျိုးသမီးတစ်ဦးသည် အခြားမြို့တစ်မြို့သို့ ပြောင်းရွှေ့နေထိုင်ရန် သွားသည်။ မြို့တံခါးပေါက်သို့ ရောက်သောအခါ တံခါးစောင့်က -"အစ်မကြီး လာခဲ့တဲ့ မြို့ကလူတွေက ဘယ်လိုလူ အမျိုးအစားတွေ များလဲ " ဟု သူမအား မေးသည်။

" အင်း..သူတို့က စိတ်ထားမကောင်းကြပါဘူး။ ရန်လိုကြတယ်၊ အတင်းအဖျင်း ပြောတတ်ကြတယ်၊ ပြောရရင်တော့ သဘောကျစရာမကောင်းတဲ့ သူတွေပေါ့ကွယ်။" ဟု သူမကပြန် ဖြေသည်။

ထိုအခါတံခါးစောင့်က"အော်…ဟုတ်လား။ ဒီမြို့မှာလဲ အဲဒီလို မကောင်းတဲ့လူမျိုးတွေကိုပဲ အစ်မကြီးတွေ့ရမှာပါပဲ၊ ဒါကြောင့် ကိုယ့်လမ်းအတိုင်း ကိုယ် ဆက်သွားဖို့ အကြံပြုပါရစေ အစ်မကြီးရေ။ " ဟုပြောသည်။

ဒုတိယမြောက် အမျိုးသမီးတစ်ဦး ရောက်လာပြန်သည်။ တံခါးစောင့်က သူမအား ပထမအမျိုးသမီးအား မေးသည့် မေးခွန်းအတိုင်း မေးမြန်းသည်။ ယင်းမေးခွန်းကို သူမက "ကျွန်မလာခဲ့တဲ့ မြို့ကလူတွေက ကြင်နာစိတ်ရှိပြီး တစ်ဦးကိုတစ်ဦးလည်း စောင့်ရှောက်တတ်ကြတယ်။ သူတို့တွေက ဒုက္ခအခက်အခဲတွေနဲ့ ကြုံတွေ့ရချိန်ဆိုရင် ရဲရင့်ကြတဲ့သူတွေပေါ့၊ ကျွန်မကို အမြဲပဲ မျှဝေပေးတတ်ကြတယ်။ လူစိမ်း ဧည့်သည်တွေကိုလည်း ကြိုဆိုတတ်ကြပါတယ်" ဟုပြန်ဖြေကြားသည်။

ထိုအခါ တံခါးစောင့်က "ဝင်ခဲ့ပါ အစ်မကြီး။ ဘာကြောင့်လဲဆိုတော့ ဒီမြို့မှာလည်း အဲဒီလို ကြိုဆိုပြီး ကူညီတတ်ကြတဲ့သူတွေကို ထပ်ပြီး ကြုံတွေ့ရပါလိမ့်မယ်" ဟုပြောလေသည်။

(၂) ပုံပြင်ဖတ်ပြီးနောက် ၎င်းမှ မည်သည့်အချက်များ သင်ယူရရှိခဲ့သည်ကိုသိရှိရန် အောက်ပါ အဖွင့်မေးခွန်းနှင့် တီထွင်ကြံဆဖြေဆိုရသော မေးခွန်းများကို မေးမြန်းပါ။ ကျောင်းသားများသည် ၎င်းတို့၏ ပုံနှိပ်စာအုပ်ရှိ မေးခွန်းများကို ကြည့်နိုင်ပါသည်။

[၅] Arigatou Foundation/UNESCO/UNICEF (၂၀၀၈)

- တံခါးစောင့်က ပထမ အမျိုးသမီးကိုမြို့ထဲဝင်ရန်ဖိတ်ခေါ်ပါသလား။ အဘယ်ကြောင့်ဟုသင် ထင်ပါသနည်း။
- ဤဇာတ်လမ်းမှ သင်ယူရရှိသော သင်ခန်းစာမှာ အဘယ်အရာနည်း။
- ဤဇာတ်လမ်းနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာဉာဏ်ရည်၊ လူမှုဆက်ဆံရေးဆိုင်ရာ ကျွမ်းကျင်မှုများနှင့် ဆက်စပ်နေသည့် အချက်များကိုဖော်ပြပါ။
- ဤဇာတ်လမ်းအရ လူမှုဆက်ဆံရေးဆိုင်ရာကျွမ်းကျင်မှုများသည် အဘယ်မျှအရေးပါသနည်း။
- အပြုသဘောဆောင်သော စဉ်းစားတွေးခေါ်မှုသည် သင့်အား အခြားသူများနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရန် မည်သို့ ပံ့ပိုးကူညီသနည်း။

(၃) စိတ်လှုပ်ရှားမှုဆိုင်ရာဉာဏ်ရည်အကြောင်းကို အောက်ပါအချက်များပါအောင် အနှစ်ချုပ်ပေးပါ။ လူတို့သည် မိမိစဉ်းစားမှုအပေါ်မူတည်၍ တုံ့ပြန်ပြုမူတတ်ကြသည်။ စိတ်လှုပ်ရှားမှုဆိုင်ရာ ဉာဏ်ရည် ဖွံ့ဖြိုးတိုးတက်စေရန် အပြုသဘော မဆောင်သော ခံစားချက်နှင့် စဉ်းစားတွေးခေါ် မှုများကို အပြုသဘောဆောင်သော ခံစားချက်နှင့် စဉ်းစားတွေးခေါ်မှုများ ဖြစ်လာအောင် ပြောင်းလဲရပါမည်။ အပြုသဘောဆောင်သော ခံစားချက်များအဖြစ်သို့ မည်သို့ပြောင်းလဲနိုင်သည်ကို ဥပမာများပေးလျက် စိတ်လှုပ်ရှားမှုဆိုင်ရာဉာဏ်ရည်၏ အရေးပါပုံကိုအနှစ်ချုပ်ပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

သင်ယူမှုလုပ်ငန်း (၂) ကိုလုပ်ဆောင်နေစဉ် သင်ယူနေစဉ်စစ်ဆေးခြင်းများကို ပြုလုပ်နိုင်ပါသည်။ တံခါးစောင့်က အဘယ်ကြောင့် အမျိုးသမီးနှစ်ဦးအား မတူညီသော တုံ့ပြန်မှုအဖြေများပေးကြောင်း ကျောင်းသားများ စဉ်းစားသိမြင်ကြပါသလား။ လူမှုဆက်ဆံရေးဆိုင်ရာ ကျွမ်းကျင်မှုများနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဉာဏ်ရည်၏အရေးပါမှုကို ကျောင်းသားများ သိမြင်ကြပါရဲ့လားဆိုသည်ကို အကဲဖြတ်ရပါမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများက တံခါးစောင့်က အဘာယ်ကြောင့် အမျိုးသမီးနှစ်ဦးအား မတူညီသော တုံ့ပြန်မှုအဖြေများ ပေးကြောင်းကို စဉ်းစားကြပြီး ၎င်းတို့၏နေ့စဉ်ဘဝတွင် လူမှုဆက်ဆံရေး ဆိုင်ရာကျွမ်းကျင်မှုများနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဉာဏ်ရည်၏အရေးပါမှုကို သဘောပေါက် ကြရပါမည်။

## ကျောင်းသားများ၏နားလည်မှုကိုစစ်ဆေးခြင်း ( ၅ မိနစ်)

၁။ ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်သည် လူမှုဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုး တိုးတက်ခြင်း နယ်ပယ်မှ စိတ်လှုပ်ရှားမှုဆိုင်ရာကျွမ်းကျင်မှုများကို ဖော်ထုတ်နိုင်ရန် ဖြစ်ကြောင်း သတိပေးပါ။

၂။ ကျောင်းသား၂ဦး ၃ ဦးအား မည်သည့် အမျိုးသမီးသည် လူမှုဆက်ဆံရေးနှင့် စိတ်လှုပ်ရှား မှုဆိုင်ရာ ဉာဏ်ရည်ရှိသည်ဟု ထင်ပါသနည်းဟုမေးပြီး ၎င်းတို့၏အဖြေအတွက် အကြောင်းပြချက်များ ပေးကြပါစေ။

၃။ ဤသင်ခန်းစာမှရရှိသွားသော ဆရာများအတွက် စံသတ်မှတ်ထားသော တတ်ကျွမ်းမှုများ သည် ဘာသာရပ်ဆိုင်ရာ အသိပညာနှင့် သင်ရိုးညွှန်းတမ်းအကြောင်းအရာများနှင့် သက်ဆိုင်ကြောင်း ပြောပြပါ။ အရည်အသွေးပြည့်ဝသော ဆရာများဖြစ်လာစေရန် စိတ်လှုပ်ရှားမှုဆိုင်ရာ ဉာဏ်ရည်များ အကြောင်းကို ပူးပေါင်းလုပ်ဆောင်သင်ယူခဲ့ကြ ကြောင်း ပြောပြပါ။

၄။ ကျောင်းသား ၃ဦး ၄ ဦး စိတ်လှုပ်ရှားမှုဆိုင်ရာ ဉာဏ်ရည်တိုးတက်လာစေရန် မည်သို့ပြုလုပ်နိုင်ကြောင်း ဥပမာတစ်ခုပေးကြပါစေ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** လုပ်ငန်းကို လွယ်ကူစွာပြုလုပ်နိုင်သူများအား စိတ်လှုပ်ရှားမှုဆိုင်ရာ ဉာဏ်ရည်ရှိသူများအကြောင်း နောက်ထပ်ဥပမာများ ပေးကြပါစေ။ ဆွေးနွေးသော အကြောင်းအရာများသည် ကျောင်းသားများ၏ နေ့စဉ်ဘဝအတွေ့အကြုံများဖြစ်ကြ၍ အခက်အခဲ တွေ့ကြမည် မဟုတ်ပါ။ နောက်ထပ် ဥပမာများပေးနိုင်ရန် လှုံ့ဆော်ပေးပါ။

**သင်ယူမှုလုပ်ငန်း ၂။** မိမိကိုယ်မိမိ ယုံကြည်ချက်အားနည်းသူ ကျောင်းသားများအား လူမှုဆက်ဆံရေး နှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဉာဏ်ရည်တို့၏ အရေးကြီးပုံကို သေချာစွာ နားလည်မှု ရှိ၊မရှိ စစ်ဆေးကြည့်ပြီး လိုအပ်သလိုကူညီပေးပါ။

# ၄.၁.၃။ လူမှုဆက်ဆံရေးဆိုင်ရာ ကျွမ်းကျင်မှုများကို စာသင်ခန်းအတွင်း အသုံးချခြင်း

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- လူမှုဆက်ဆံရေးဆိုင်ရာကျွမ်းကျင်မှုများကို စာသင်ခန်းအတွင်း မည်သို့ အသုံးချနိုင်ကြောင်း ရှင်းပြတတ်မည်။
- လူမှုဆက်ဆံရေးဆိုင်ရာ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေသည့် ကစားနည်းတစ်ခုကိုဖန်တီးတတ်မည်။

**ရရှိသွားမည့် တတ်ကျွမ်းမှုများ**

(က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့်သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘောပေါက်ကြောင်း ပြသသည်။

(က)(၅.၁) အတန်း(အဆင့်) တစ်ခုစုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ)(၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်းပြသည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ**- တွေးတွဲမျှဝေသင်ယူခြင်း၊ အုပ်စုဆွေးနွေးခြင်း၊ တင်ပြခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ**-ကျောင်းသားများသည် သင်ခန်းစာ ၄.၁.၃ ဗီယာဂျေး ၏ စာသင်ခန်းအတွင်း လူမှုဆက်ဆံရေးဆိုင်ရာ ကျွမ်းကျင်မှုသီအိုရီကို ကြိုတင် ဖတ်ရှုကြရန်ဖြစ်သည်။

**လိုအပ်သောရင်းမြစ်များ-** အလေးပေးမီးမောင်းထိုးပြလိုသော အချက်များကို မှတ်တမ်းတင်ပေးရန် သင်ပုန်း၊ ပုံနှိပ်စာအုပ်မှမေးခွန်းများ။

## သင်ယူမှုလုပ်ငန်းများ

### သင်ယူမှုလုပ်ငန်း (၁) - နှစ်ယောက်တွဲပူးပေါင်းစဉ်းစားနည်း (၂၀ မိနစ်)

(၁) ကျောင်းသားများအား (၆)ယောက်ပါသောအုပ်စုများ ဖွဲ့ပါစေ။

(၂) "ပီယာဂျေး၏ စာသင်ခန်းအတွင်း လူမှုဆက်ဆံရေးဆိုင်ရာ ကျွမ်းကျင်မှုသီအိုရီ" ကိုတစ်ဦးချင်း ပြန်လှန်သုံးသပ်ရန် အချိန်(၅) မိနစ်ပေးပါ။

(၃) ပြန်လှန်သုံးသပ်ပြီးနောက် ကျောင်းသားများအား ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ် သင်ခန်းစာ ၄-၁-၃-ပါ မေးခွန်းများ၏ အဖြေများကို စဉ်းစားပါစေ။ (၁၀မိနစ်)

- "သူတစ်ပါး၏ စိတ်ကိုသိရန်အကဲခတ်ခြင်း" (mind-reading) ဖွံ့ဖြိုးတိုးတက်စေရန် ကလေးများအား မည်သို့ ပြုလုပ်ပေးနိုင်သနည်း။
- ကျောင်းပြင်ပနယ်ပယ်တွင် ကလေးများ၏ လူမှုဆက်ဆံရေး တစ်ခုလုံး ခြုံငုံပြီး ဖွံ့ဖြိုးတိုးတက်စေရန် မိဘများက မည်သို့ပြုလုပ်ပေးသင့်သနည်း။
- ကျွန်ုပ်တို့ အချင်းချင်း မည်သို့ ဆက်သွယ်ကြသနည်း။
- တတိယတန်း ကလေးများသည် အခြားသူများ၏ စိတ်ကိုသိရန် အကဲခတ်နိုင်ကြပါသလား။
- ဆရာသည် ကျောင်းသားများအားလုံးကို စာသင်ခန်းအတွင်း စုပေါင်းလုပ်ငန်းများတွင် ထည့်သွင်းပါဝင်စေရန် အဘယ်ကြောင့်လိုအပ်ပါသနည်း။
- ပီယာဂျေး (Piaget)၏ အဆိုအရ အပြန်အလှန် လူမှုဆက်ဆံရေးသည် ကလေးများအတွက် အဘယ်ကြောင့်အရေးပါသနည်း။

(၄) နှစ်ယောက်တစ်တွဲစီ ၎င်းတို့၏အဖြေများအား စစ်ဆေးကြပါစေ။ (၅မိနစ်)

(၅) မေးခွန်းများအပေါ် ဆွေးနွေးမှုများပြုလုပ်ရာတွင် အတန်းကိုဦးဆောင်ပါ။

(၆) လူမှုဆက်ဆံရေးဆိုင်ရာ ကျွမ်းကျင်မှုသည် သင်ယူမှုလုပ်ငန်းအတွက် မည်မျှ အရေးပါသည်ကို အနှစ်ချုပ်ပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုလုပ်ငန်း (၁) ကို လုပ်ဆောင်နေစဉ် သင်ယူနေစဉ် စစ်ဆေးခြင်းများကို ပြုလုပ်နိုင်ပါသည်။ ကျောင်းသားများသည် အတန်းတွင်း၌ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ဆက်သွယ်ပြောဆိုခြင်းသည် အရေးကြီးကြောင်း သိမြင်သဘောပေါက်ကြပါရဲ့လား။ အတန်းတွင်းဆွေးနွေးခြင်း လုပ်ငန်းတွင် ပါဝင်ကြပြီး တစ်ဦးနှင့် တစ်ဦး မျှဝေကြပါရဲ့လား။ အတန်းတွင်း လှည့်လည်ကြည့်ရှုပြီး နှစ်ဦးတစ်တွဲလုပ်ငန်းနှင့် ဆွေးနွေးပွဲများတွင် ပါဝင်မှုကို စစ်ဆေးအကဲဖြတ်ပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် နှစ်ဦးတွဲပြီး အဖြေများကိုမျှဝေရန်နှင့် အတန်းဆွေးနွေးပွဲတွင် မိမိတို့၏ အတွေးအခေါ်များကို ပါဝင်ဆွေးနွေးကြရန်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၂) - ကစားနည်းတစ်ခုကိုတီထွင်ခြင်း (၂၅ မိနစ်)

(၁) ကျောင်းသားများအား (၆)ယောက်ပါသော အုပ်စုများဖွဲ့ပါစေ။

(၂) အောက်ပါညွှန်ကြားချက်ကိုပေးပါ။

- ကိုယ့်ကိုကိုယ် မူလတန်းဆရာတစ်ဦးလို့ယူဆလိုက်ပါ။
- ကိုယ့်ရဲ့ မူလတန်းကျောင်းသားလေးတွေ လူမှုဆက်ဆံရေးဆိုင်ရာ ကျွမ်းကျင်မှုတွေ တိုးတက်လာစေတဲ့ ကစားနည်းတစ်ခုကို ဖန်တီးတီထွင်ပါ။
- လူမှုဆက်ဆံရေးဆိုင်ရာ ကျွမ်းကျင်မှုထဲမှာ မျက်နှာအမူအရာ၊ ကိုယ်အမူအရာ၊ စကားပြောတာ၊ နာမည်တွေမိတ်ဆက်တာ စတာတွေပါတယ်။
- ကစားနည်းကိုတီထွင်ဖို့ (၁၀ မိနစ်) အချိန်ရမယ်။

(၃) အုပ်စု ၂စု ၃စုအား ၎င်းတို့၏ကစားနည်းကို သရုပ်ပြပါစေ။

(၄) မည်သည့်ကစားနည်းသည် မည်သည့် လူမှုဆက်ဆံရေးကိုဖွံ့ဖြိုးစေကြောင်း ဆွေးနွေးပြီး အနှစ်ချုပ်ပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုလုပ်ငန်း(၂)ကို လုပ်ဆောင်နေစဉ် သင်ယူနေစဉ်စစ်ဆေးခြင်းများကို ပြုလုပ်နိုင်ပါသည်။ ကျောင်းသားများသည် လူမှုဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှုများဆိုင်ရာ ကျွမ်းကျင်မှုများကို ပြန်လည်ထင်ဟပ် သုံးသပ်နိုင်ခြင်းရှိကြပါသလား။ ကစားနည်းကို ဖန်တီးတီထွင်နိုင်ကြပါသလား။ အတန်းတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သလိုကူညီပေးပါ။ ကစားနည်းကို သရုပ်ပြနိုင်ကြပါ သလားဆိုသည်ကိုလည်း အကဲဖြတ်ပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် ကစားနည်းကို ဖန်တီးတီထွင်ပြီး သရုပ်ပြကြရန်ဖြစ်သည်။

## ကျောင်းသားများ၏နားလည်မှုကိုစစ်ဆေးခြင်း ( ၅ မိနစ်)

၁။ ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်သည် လူမှုဆက်ဆံရေးဆိုင်ရာကျွမ်းကျင်မှုများကို စာသင်ခန်းအတွင်း မည်သို့အသုံးချနိုင်ကြောင်း ရှင်းပြနိုင်ရန်နှင့် လူမှုဆက်ဆံရေး ဆိုင်ရာကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေသည့် ကစားနည်းတစ်ခုကိုဖန်တီးနိုင်ရန် ဖြစ်ကြောင်း သတိပေးပါ။

၂။ ကျောင်းသား၂ဦး ၃ဦးအား အခြားသူများ၏စိတ်ကိုသိရန် အကဲခတ်ခြင်းကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရန် အဘယ်ကြောင့် လိုအပ်ပါသနည်းဟုမေးပါ။

၃။ ဤသင်ခန်းစာမှရရှိသွားသော ဆရာများအတွက် စံသတ်မှတ်ထားသော တတ်ကျွမ်းမှုများ သည် ဘာသာရပ်ဆိုင်ရာအသိပညာ၊ သင်ရိုးညွှန်းတမ်းအကြောင်းအရာများနှင့် သက်ဆိုင် ကြောင်း ပြောပြပါ။ အရည်အသွေးပြည့်ဝသော ဆရာများဖြစ်လာစေရန် စာသင်ခန်းအတွင်း လူမှုဆက်ဆံရေးဆိုင်ရာ ကျွမ်းကျင်မှုများကိုသင်ယူခဲ့ကြပြီး လက်တွေ့အသုံးချနိုင်ရန် လေ့ကျင့်ခဲ့ကြကြောင်း ပြောပြပါ။

၄။ ကျောင်းသား၂ဦး ၃ဦးအား လူမှုဆက်ဆံရေးဆိုင်ရာ ကျွမ်းကျင်မှုများနှင့်ပတ်သက်ပြီး နှိုင်းယှဉ်ပြောဆိုရန် (analogy) ဥပမာတစ်ခုပေးကြပါစေ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** မိမိကိုယ်မိမိ ယုံကြည်ချက်အားနည်းသူ ကျောင်းသားများကို သင်ခန်းစာအား ပြန်လှန်လေ့လာသုံးသပ်ချိန်တွင် အကြောင်းအရာအား နားလည်နိုင်စေရန် မေးခွန်းများမေးပြီး သဲလွန်စပေးနိုင်ပါသည်။

**သင်ယူမှုလုပ်ငန်း ၂။** လုပ်ငန်းကို လွယ်ကူစွာပြုလုပ်နိုင်သူများအား ကစားနည်းများကို တစ်ခုထက် ပိုပြီး တီထွင်နိုင်ကြောင်းပြောပြီး အားပေးပါ။

## ပြန်လည်ဆန်းစစ်ရန်မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** လူမှုဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ တတ်ကျွမ်းမှုများသည် ကျောင်းသားများအတွက် အဘယ်ကြောင့် အရေးကြီးပါသနည်း။

**အဖြေ** *အဘယ်ကြောင့်ဆိုသော် ဤတတ်ကျွမ်းမှုများသည် သင်ယူတတ်မြောက်စေရန် အကူအညီ ပေးသည်။ ခံစားချက်များကို သိရှိနိုင်ပြီး ထိန်းချုပ်နိုင်ကြသည်။ ပြဿနာများကို ထိရောက်စွာ ဖြေရှင်းနိုင်ပြီး အခြားသူများနှင့် အပြုသဘောဆောင်သော ဆက်ဆံရေးကို တည်ဆောက်နိုင်သောကြောင့် သင်ယူမှုတွင် ပျော်မွေ့စေသည်။*

**မေးခွန်း ၂။** ပီယာဂျေး၏စာသင်ခန်းအတွင်းလူမှုဆက်ဆံရေးဆိုင်ရာကျွမ်းကျင်မှုသီအိုရီအရ စာသင်ခန်းများ မည်သို့ပြောင်းလဲသွားပါသနည်း။

**အဖြေ** *အတန်းတွင်းတွင် ဆရာရှိရာ ရှေ့ဘက်ကိုမျက်နှာမူ၍ ထိုင်ခုံများကို နေရာချထားမည့်အစား ပီယာဂျေး၏သီအိုရီအရ ထိုင်ခုံများကို အုပ်စုလိုက်၊ နှစ်ဦးတစ်တွဲ၊ စက်ဝိုင်းပုံများနေရာချထားပြီး ကျောင်းသားများတစ်ဦးနှင့်တစ်ဦး အပြန်အလှန် စကားပြောဆိုစေသော စာသင်ခန်းများ အဖြစ်ပြောင်းလဲသွားသည်။*

**မေးခွန်း ၃။** စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဉာဏ်ရည် နှစ်မျိုးကိုဖော်ပြပါ။

**အဖြေ** *စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဉာဏ်ရည် နှစ်မျိုးမှာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ဆက်ဆံခြင်း ဉာဏ်ရည်နှင့် မိမိကိုယ်မိမိသိရှိ နားလည်ခြင်း ဉာဏ်ရည်များဖြစ်ကြသည်။*

**မေးခွန်း ၄။** ကျောင်းသားများ၏ လူမှုဆက်ဆံရေးဖွံ့ဖြိုးစေရန် အထောက်အပံ့ပေးသော လုပ်ငန်းများ ကိုဖော်ပြပါ။

***အဖြေ*** *ကိုယ့်ကိုကိုယ် နှစ်သက်သဘောကျရန်နှင့် အခြားသူများနှင့် သင့်မြတ်စွာ နေထိုင်ရန် သင်ယူခြင်းဖြင့် လူမှုဆက်ဆံရေးဖွံ့ဖြိုးစေနိုင်သည်။ လူမှုဆက်ဆံ ရေး ဖွံ့ဖြိုးစေသော လုပ်ငန်းများမှာ မျှဝေရန်၊ အလှည့်ကျ တာဝန်ယူရန်၊ အခြားသူများနှင့် မတူညီမှုများကို လက်ခံရန်၊ ကစားပွဲနှင့် စကားဝိုင်းများတွင် အခြားသူများကို ထည့်သွင်းပါဝင်စေရန်၊ ပြဿနာကို အတူတူဖြေရှင်းရန်၊ လူမှုအဝိုင်းအဝန်းအတွင်း လက်ခံနိုင်ဖွယ်ရှိသော၊ လက်ခံနိုင်ဖွယ်မရှိသော အပြုအမူများကို သိမြင်နားလည်ရန်၊ သင်ကြားပေးသည့် လုပ်ငန်း များဖြစ်သည်။*

**မေးခွန်း ၅။** ကလေးများသည် "သူတစ်ပါး၏စိတ်ကိုသိရန်အကဲခတ်ခြင်း" (mind-reading) ဖွံ့ဖြိုးတိုးတက်စေရန် ပြုလုပ်နိုင်သော နည်းလမ်းအချို့ကိုဖော်ပြပါ။

***အဖြေ*** *အခြားသူများ၏ စကားဝိုင်းတွင်ပါဝင်ခြင်း၊ အခြားသူများနှင့် အပြန်အလှန် ဆက်ဆံ ပြောဆိုခြင်းများသည် သူတစ်ပါး၏စိတ်ကိုသိရန် အကဲခတ်ခြင်း ဖွံ့ဖြိုးတိုးတက်စေသော နည်းလမ်းအချို့ ဖြစ်သည်။*
***(မေးခွန်းအားလုံးအတွက် ကြောင်းကျိုး ဆီလျော်သော အခြားအဖြေများကို လက်ခံပေးပါ။)***

# ၄.၂။ လူမှုဘဝမှာ ကျွမ်းကျင်စရာများကို ပြန်လည်သုံးသပ်ခြင်းနှင့် အသုံးချခြင်း

လူမှုဘဝမှာကျွမ်းကျင်စရာ တတ်ကျွမ်းမှုများသည် မရှိမဖြစ်အရေးပါသော သင်ယူမှုစွမ်းရည်များ ဖြစ်ကြသဖြင့် ၎င်းတို့သည် ဘဝတွက်တာကျွမ်းကျင်စရာများ သင်ယူမှုအောင်မြင်ရန် အခြေခံ အစိတ်အပိုင်း တစ်ခုဖြစ်သည်။ ပညာရေးကောလိပ် ကျောင်းသားများအပါအဝင် ကျွန်ုပ်တို့၏ မူလတန်းကျောင်းသားများသည် သက်တူရွယ်တူများအကြား နှစ်လိုဖွယ်ကောင်းသော သင်ယူမှု ဝန်းကျင်တစ်ခု ဖန်တီးတည်ဆောက်ရန် လိုအပ်သည်။ ထိုပတ်ဝန်းကျင်တွင် သင်ယူမှု လုပ်ငန်းများ၌ ပါဝင်လုပ်ဆောင်ခြင်းဖြင့် ကျောင်းသားများသည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် စကားပြောဆိုခြင်း၊ အုပ်စုလုပ်ငန်းတွင် ပူးပေါင်းပါဝင်လုပ်ဆောင်ခြင်း၊ မိမိကိုယ်မိမိသိရှိခြင်းစွမ်းရည်နှင့် တစ်ဦးနှင့် တစ်ဦး အပြန်အလှန်ဆက်ဆံမှု စွမ်းရည်များသည် ဖွံ့ဖြိုးလာမည်ဖြစ်သည်။ သို့ဖြစ်၍ ပညာရေး ကောလိပ်မှ ကျောင်းသားများသည် လေ့လာသင်ယူခဲ့သော လူမှုဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှု ဆိုင်ရာစွမ်းရည်များကို နေ့စဉ်ဘဝတွင် ပြန်လည်အသုံးချပြီး လူမှုဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှု ဆိုင်ရာ အပြုအမူများ ဖွံ့ဖြိုးတိုးတက်မှုကို ပြန်လည်ထင်ဟပ် သုံးသပ်ရန် လိုအပ်ပါသည်။

## ၄.၂.၁။ မူလတန်း လူမှုဘဝမှာ ကျွမ်းကျင်စရာ နယ်ပယ်သင်ခန်းစာများ

**မျှော်မှန်းထားသော သင်ယူမှုရလဒ်**

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- မူလတန်း လူမှုဘဝမှာ ကျွမ်းကျင်စရာနယ်ပယ်၏ သင်ခန်းစာများတွင် ရည်မှန်းချက်များ၊ သင်ယူမှုအဆင့်များနှင့် သင်ယူမှုလုပ်ငန်းများအကြား ချိတ်ဆက်မှုကို ရှင်းပြတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ-**

(က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့်သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကိုနားလည် သဘောပေါက်ကြောင်း ပြသသည်။
(က)(၅.၁) အတန်း(အဆင့်) တစ်ခုစုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။
(ခ)(၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ-** ပြန်လှန်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်း၊ တင်ပြခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ-**ကျောင်းသားများ သင်ခန်းစာ ၄-၂-၁ မူလတန်း လူမှုဘဝမှာ ကျွမ်းကျင်စရာနယ်ပယ်သင်ခန်းစာများကို ကြိုတင် ဖတ်ရှုကြရန်ဖြစ်သည်။

**လိုအပ်သောရင်းမြစ်များ-** မူလတန်းအဆင့် ဘဝတွက်တာကျွမ်းကျင်စရာ ကျောင်းသုံးစာအုပ်များနှင့် ဆရာလမ်းညွှန်စာအုပ်များ။

## သင်ယူမှုလုပ်ငန်းများ

### သင်ယူမှုလုပ်ငန်း (၁) - သင်ခန်းစာမိတ်ဆက် (၁၅ မိနစ်)

(၁) ကျောင်းသားများအား ၎င်းတို့၏ပုံနှိပ်စာအုပ်ရှိ "မူလတန်း လူမှုဘဝမှာ ကျွမ်းကျင်စရာ နယ်ပယ်သင်ခန်းစာများ" ပြန်လှန်သုံးသပ်ခွင့်ပေးပါ။

(၂) မူလတန်း လူမှုဘဝမှာ ကျွမ်းကျင်စရာနယ်ပယ်၏ သင်ခန်းစာများကိုခြုံမိစေရန် အောက်ပါမေးခွန်းများကိုမေးပါ။ မေးခွန်းတစ်ခုမေးပြီးတိုင်း ကျောင်းသားတစ်ဦးကို ဖြေရန်ဖိတ်ခေါ်ပြီး အတန်းဆွေးနွေးပွဲအဖြစ် ဦးဆောင်ပေးပြီးမှ နောက်မေးခွန်းတစ်ခုကို ထပ်မေးပါ။

- မူလတန်းဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်၏ လူမှုဘဝမှာကျွမ်းကျင်စရာနယ်ပယ်တွင် နယ်ပယ်ခွဲမည်မျှရှိသနည်း။ အဘယ်ကြောင့် ဤနယ်ပယ်ခွဲများ ပါဝင်နေသည်ဟု ထင်ပါသနည်း။
- လူမှုဆက်ဆံရေး၊ လူမှုဘဝလုံခြုံရေး နယ်ပယ်ခွဲတွင် လူမှုဘဝမှာကျွမ်းကျင်စရာ တတ်ကျွမ်းမှု (၉) ခုမှ မည်သည့် တတ်ကျွမ်းမှုများ ပါဝင်ပတ်သက်နေမည်ဟု ထင်ပါသနည်း။
- စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနယ်ပယ်ခွဲတွင် မည်သည့် လူမှုဘဝမှာ ကျွမ်းကျင်စရာ တတ်ကျွမ်းမှုများ ပါဝင်ပတ်သက်နေမည်ဟု ထင်ပါသနည်း။ အဘယ်ကြောင့် ဤသို့ထင်မြင်ပါသနည်း။
- မူလတန်းကလေးများကို အဘယ်ကြောင့် လူမှုဘဝမှာကျွမ်းကျင်စရာ သင်ခန်းစာများ သင်ကြားပေးရန် လိုအပ်ပါသနည်း။
- လူမှုဘဝမှာကျွမ်းကျင်စရာ သင်ခန်းစာများကို မူလတန်း ကလေးများအား မည်သို့ သင်ကြားပေးပါသနည်း။

(၃) အနှစ်ချုပ်ပေးပါ။ မူလတန်းအဆင့် ဘဝတွက်တာ ကျွမ်းကျင်စရာသင်ခန်းစာတိုင်းကို သင်ကြား သင်ယူမှုဖြစ်စဉ် အဆင့်(၄)ဆင့်နှင့် သင်ကြားပေးသည်။ ဘဝတွက်တာ ကျွမ်းကျင်စရာ တတ်ကျွမ်းမှုများသည် သင်ခန်းစာအားလုံးတွင် ခြုံငုံပါဝင်နေပြီး ယင်းသင်ယူခြင်းဆိုင်ရာ ကျွမ်းကျင်မှုများသည် သင်ယူမှု ဦးတည်ချက်ပေါက်မြောက်စေရန် ထောက်ပံ့ပေးသည်။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုလုပ်ငန်း (၁) ကို လုပ်ဆောင်နေစဉ် သင်ယူနေစဉ်စစ်ဆေးခြင်းများကို ပြုလုပ်နိုင်ပါသည်။ ဤသင်ခန်းစာသည် သင်ယူမှုနယ်ပယ်အတွင်း ဘဝတွက်တာကျွမ်းကျင်စရာ တတ်ကျွမ်းမှုများ မည်သို့ပါဝင်နေကြောင်း ယေဘုယျအားဖြင့် စိတ်ကူးမိစေရန် ရည်ရွယ်သည်။ ကျောင်းသားများသည်

ဘဝတွက်တာ ကျွမ်းကျင်စရာများ တတ်ကျွမ်းမှု (၉)ခုသည် လူမှုဘဝမှာကျွမ်းကျင်စရာ သင်ယူမှုနယ်ပယ်ခွဲများတွင် ပါဝင်နေကြကြောင်း သိမြင်ကြပါသလား။ မူလတန်းကလေးများသည် တတ်ကျွမ်းမှုများအား အဘယ်ကြောင့် သင်ယူရန် အရေးကြီးကြောင်းကို အကြောင်းပြဖြေဆိုနိုင်ကြပါသလား။ သင်ယူမှုအဆင့် (၄) ဆင့်ကို ထင်ဟပ်သုံးသပ်နိုင်ကြပါသလား။ သင်ယူမှုအဆင့် (၄) ဆင့်နှင့် ဘဝတွက်တာကျွမ်းကျင်စရာများ တတ်ကျွမ်းမှု (၉) ခုကိုချိတ်ဆက်နိုင်ကြပါသလား။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် ဘဝတွက်တာကျွမ်းကျင်စရာများ တတ်ကျွမ်းမှု (၉) ခုသည် လူမှုဘဝမှာ ကျွမ်းကျင်စရာ သင်ယူမှုနယ်ပယ်ခွဲများတွင် ပါဝင်နေကြကြောင်းကို သိမြင်ရန်လေးနက်စွာ စဉ်းစားဝေဖန်ကြရပါမည်။ သင်ယူမှုအဆင့် (၄) ဆင့်တွင် မည်သည့် ဘဝတွက်တာကျွမ်းကျင်စရာများ ပါဝင်နေကြောင်းလည်း စဉ်းစားရပါမည်။ အတန်း ဆွေးနွေးပွဲတွင် ပါဝင်ပြီး မိမိတို့တတ်သိထားသည်များကို မျှဝေရပါမည်။

## သင်ယူမှုလုပ်ငန်း (၂) - အုပ်စုလိုက်ဆွေးနွေးခြင်းနှင့် တင်ပြခြင်း (၃၀ မိနစ်)

၁။ အုပ်စု(၅)စု ဖွဲ့ပါ။

၂။ မူလတန်း ဘဝတွက်တာကျွမ်းကျင်စရာများကိုလေ့လာရန် အုပ်စုတစ်စုကို တစ်တန်းစီ တာဝန်ပေးပါ။

၃။ သက်ဆိုင်ရာအတန်းအလိုက် ဘဝတွက်တာကျွမ်းကျင်စရာများ ကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန် စာအုပ်များကို သက်ဆိုင်ရာအုပ်စုများသို့ ပေးဝေပါ။

၄။ ၎င်းတို့အား သင်ခန်းစာ(၁)ခုစီ ရွေးချယ်စေပြီး အောက်ပါအချက်များကို ဆရာလမ်းညွှန် စာအုပ်တွင် ရှာဖွေ ဆွေးနွေးကြပါစေ။ (၁၀မိနစ်)

- သင်ခန်းစာ၏ သင်ယူမှုဦးတည်ချက်
- သင်ယူမှုအဆင့်(၄)ဆင့်နှင့် ဆက်နွယ်မှုရှိသော သင်ယူမှုလုပ်ငန်းများ
- ဤလုပ်ငန်းများကို သင်ယူခြင်းဖြင့် တိုးတက်ဖွံ့ဖြိုးလာသည့် လူမှုစိတ်ပိုင်းဆိုင်ရာ စွမ်းရည်များ (ဘဝတွက်တာ ကျွမ်းကျင်စရာများ တတ်ကျွမ်းမှု (၉)ခု)

- သင်ယူမှုဖြစ်စဉ် အဆင့်(၄)ဆင့်တွင် ပါဝင်သော သင်ယူမှုလုပ်ငန်းများသည် သင်ခန်းစာ၏ သင်ယူမှုဦးတည်ချက်နှင့် အတန်းလိုက်ရည်ရွယ်ချက်များကို မည်သို့ ထောက်ပံ့ပေးကြောင်း

၅။ ဆွေးနွေးချက်များကိုတင်ပြပါစေ။

၆။ တင်ပြချက်များမှ လူမှုဘဝမှာ ကျွမ်းကျင်စရာ သင်ယူမှုနယ်၏ သင်ခန်းစာများကို သင်ယူရခြင်းဖြင့် တိုးတက်ဖွံ့ဖြိုးလာသည့် လူမှုစိတ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများ၊ သင်ယူမှုဖြစ်စဉ် အဆင့်(၄)ဆင့်တိုင်းတွင် ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် တတ်ကျွမ်းလာသော ဘဝတွက်တာကျွမ်းကျင်စရာများ တတ်ကျွမ်းမှု (၉)ခု အကြောင်း အနှစ်ချုပ်ပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုလုပ်ငန်း (၂) ကို လုပ်ဆောင်နေစဉ် သင်ယူနေစဉ်စစ်ဆေးခြင်းများကို ပြုလုပ်နိုင်ပါသည်။ သင်ယူမှုလုပ်ငန်း၊ သင်ယူမှုဖြစ်စဉ်အဆင့်၊ သင်ခန်းစာ၏ သင်ယူမှုဦးတည်ချက်တို့နှင့် ချိတ်ဆက်နေမှုအား ကျောင်းသားများ မည်သို့သိမြင်သည်ကို စစ်ဆေးအကဲဖြတ်ရပါမည်။ မူလတန်းကျောင်းသားများသည် သင်ယူမှုအဆင့် (၄)ဆင့်တွင် ပါဝင်ရင်း လူမှုဘဝမှာ ကျွမ်းကျင်စရာတတ်ကျွမ်းမှုများ ရရှိလာကြောင်း ကျောင်းသားများ သိမြင်ကြပါရဲ့လား။ ရည်ရွယ်ချက်မှာ သင်ယူမှုလုပ်ငန်းများနှင့် သင်ခန်းစာ၏ သင်ယူမှုဦးတည်ချက်တို့၏ ချိတ်ဆက်နေမှုနှင့် လူမှုဘဝမှာ ကျွမ်းကျင်စရာ သင်ခန်းစာများကို သင်ယူရင်း အသိပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားများ ရရှိလာကြောင်း သိရှိကြစေရန် ဖြစ်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် လူမှုဘဝမှာ ကျွမ်းကျင်စရာသင်ခန်းစာတစ်ခုကို ရွေးချယ်ပြီး သင်ယူမှု လုပ်ငန်း၊ သင်ယူမှုဖြစ်စဉ်အဆင့်၊ သင်ခန်းစာ၏ သင်ယူမှုဦးတည်ချက်တို့ ချိတ်ဆက်နေမှုကို ရှာဖွေတွေ့ရှိရန်ဖြစ်သည်။ ရွေးချယ်လိုက်သော သင်ခန်းစာအပေါ် မူတည်၍ သင်ယူမှုလုပ်ငန်းများနှင့် ရရှိနိုင်သော ဘဝတွက်တာ ကျွမ်းကျင်စရာ တတ်ကျွမ်းမှုများ ကွာခြားနိုင်ပါသည်။

## ကျောင်းသားများ၏ နားလည်မှုကိုစစ်ဆေးခြင်း (၅ မိနစ်)

၁။ ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်သည် မူလတန်း လူမှုဘဝမှာ ကျွမ်းကျင်စရာနယ်ပယ်၏ သင်ခန်းစာများကို ရှင်းပြနိုင်ရန် ဖြစ်ကြောင်းပြောပြပါ။

၂။ ကျောင်းသား၂ဦး ၃ ဦးအား မူလတန်းဆရာများသည် သင်ခန်းစာ၏ သင်ယူမှုလုပ်ငန်းများ၊ သင်ယူမှု ဖြစ်စဉ်အဆင့်များနှင့် သင်ယူမှုဦးတည်ချက်များ ချိတ်ဆက်မှုကိုသိရန် အဘယ်ကြောင့် အရေးကြီးကြောင်းမေးပါ။

၃။ ဤသင်ခန်းစာမှရရှိသွားသော ဆရာများအတွက်စံသတ်မှတ်ထားသော တတ်ကျွမ်းမှုများသည် ဘာသာရပ်ဆိုင်ရာအသိပညာနှင့် သင်ရိုးညွှန်းတမ်း အကြောင်းအရာများနှင့် သက်ဆိုင်ကြောင်း ပြောပြပါ။ အရည်အသွေးပြည့်ဝသော ဆရာများဖြစ်လာစေရန် မူလတန်းသင်ခန်းစာများအား လေ့လာပြီး သင်ကြားပြသနိုင်ရန် ပြင်ဆင်ကြခြင်းဖြစ်ကြောင်း ပြောပါ။

၄။ ကျောင်းသား၂ဦး ၃ဦးအား သင်ယူမှုလုပ်ငန်း၊ သင်ယူမှုအဆင့်နှင့် သင်ခန်းစာ၏ ဦးတည်ချက်များ ချိတ်ဆက်နေပုံ ဥပမာတစ်ခုပေးရန် ဖိတ်ခေါ်ပါ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** သင်ယူမှုမြန်သော ကျောင်းသားများအား လူမှုဘဝမှာကျွမ်းကျင်စရာ နယ်ပယ်၏ နယ်ပယ်ခွဲများတွင်ပါဝင်နိုင်သော ဘဝတွက်တာကျွမ်းကျင်စရာတတ်ကျွမ်းမှုများကို ထပ်ဆောင်းစဉ်းစားရန် အကြံပြုပါ။ အခက်အခဲတွေ့နေသူများကို ၎င်းတို့၏ ပုံနှိပ်စာအုပ်ကို ကိုးကားနိုင်ကြောင်းပြောပါ။

**သင်ယူမှုလုပ်ငန်း ၂။** အားဖြည့်ပေးရန် လိုအပ်သူများအား သင်ယူမှုဖြစ်စဉ် အဆင့်များတွင် ပါဝင်နိုင်သော ဘဝတွက်တာကျွမ်းကျင်မှုများကို ရှာတွေ့နိုင်ရန်ကူညီပေးပါ။

# ၄.၂.၂။ သင်ခန်းစာသင်ပြမှုပုံစံတစ်ခု ဖွဲ့စည်းထားပုံ

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- လူမှုဘဝမှာ ကျွမ်းကျင်စရာနယ်ပယ် သင်ခန်းစာသင်ပြမှုပုံစံ တစ်ခု၏ ဖွဲ့စည်းထားပုံကို ခွဲခြမ်း စိတ်ဖြာပြတတ်မည်။
- သင်ယူမှုလုပ်ငန်းများသည် ဘဝတွက်တာ ကျွမ်းကျင်စရာ တတ်ကျွမ်းမှု ကိုးခုမှ မည်သည့် တတ်ကျွမ်းမှုများ ရရှိသည်ကို ဖော်ပြတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ**

(က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကိုနားလည် သဘောပေါက်ကြောင်း ပြသသည်။

(က)(၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ)(၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်းပြသည်။

**အချိန်** - မိနစ် (၅၀)ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ-** နှစ်ဦးတစ်တွဲလုပ်ငန်း၊ အုပ်စုလုပ်ငန်းဆွေးနွေးခြင်း၊ တင်ပြခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ-** ကျောင်းသားသည် မူလတန်းဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ် ဒုတိယတန်း ဆရာလမ်းညွှန်စာအုပ်များကို အွန်လိုင်းစာကြည့်တိုက်မှ ကြိုတင် ဖတ်ရှုကြရန်ဖြစ်သည်။

**လိုအပ်သောရင်းမြစ်များ-** မူလတန်းအဆင့်ဘဝတွက်တာကျွမ်းကျင်စရာများ ပြဋ္ဌာန်းစာအုပ်များနှင့် ဆရာလမ်းညွှန် စာအုပ်များ၊ ကျောင်းသားကိုင်စာအုပ်ပါသင်ခန်းစာ ၄.၂.၂ ရှိ လုပ်ငန်းပေးစာရွက်။

## သင်ယူမှုလုပ်ငန်းများ

### သင်ယူမှုလုပ်ငန်း (၁) - သင်ခန်းစာဖွဲ့စည်းတည်ဆောက်ထားပုံကို ပိုင်းခြားစိတ်ဖြာလေ့လာမှုအား သရုပ်ပြခြင်း (၂၀ မိနစ်)

၁။ နှစ်ဦးတစ်တွဲ တွဲပေးပါ။

၂။ အတွဲတစ်တွဲစီအား ဒုတိယတန်းမူလတန်းအဆင့် ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ် ဆရာလမ်းညွှန်စာအုပ်ကို ဖြန့်ဝေပါ။

၃။ အတွဲများအား သင်ခန်းစာ(၂.၁) – "ချစ်ချစ်ခင်ခင်နေကြမယ်" ကိုရှာဖွေစေပါ။

၄။ ထို့အတူငင်းတို့၏ ပုံနှိပ်စာအုပ်ပါ သင်ခန်းစာ ၄.၂.၂ရှိ လုပ်ငန်းပေးစာရွက်ကို ရှာကြည့်ရန်ပြောပါ။

၅။ ၎င်းတို့အား အလုပ်မှတ်တမ်းစာရွက် (သင်ကြားရေးနှင့်သင်ယူမှု ပစ္စည်းကိရိယာများအထိ)၏ ပထမ(၄) ခန်းကို သင်ခန်းစာ(၂.၁) အားကြည့်ပြီး ဖြည့်စွက်ပါစေ။

၆။ နောက်ထပ်အခန်းဖြစ်သည့် သင်ကြားရေးနှင့် သင်ယူရေးလုပ်ငန်းစဉ်များကို ကျောင်းသားများက ပြီးစီးအောင် လုပ်ဆောင်နိုင်ရန် အောက်ပါမေးခွန်းများကိုမေးမြန်းပါ -

- ဆရာသည် သင်ကြားရေးနှင့်သင်ယူရေးလုပ်ငန်းစဉ်၏ပထမဦးဆုံးအဆင့်တွင် ဘာတွေလုပ်ဆောင်ပါသလဲ။ *(သင်ခန်းစာကို မိတ်ဆက်သည်။)*
- အဆင့်(၂) မှ ဆရာ၏မေးခွန်းများကို လေ့လာပါ။ ဆရာသည် ထိုမေးခွန်းများကို အဘယ်ကြောင့်မေးမြန်းသည်ဟု သင်ထင်ပါသလဲ။ *(ဖြူဖြူ၏အပြုအမူနှင့် စိတ်သဘောထားများနှင့် သူမမည်ကဲ့သို့ ပြောင်းလဲသွားသည်၊ အဘယ်ကြောင့် ဤသို့ပြောင်းလဲသွားသည်ကို ကျောင်းသားများ သတိပြုမိစေခြင်း။)*

- သတိပြုရမည့်အချက်များကို သင်ကြားသင်ယူရေး လုပ်ငန်းစဉ်တွင် အဘယ်ကြောင့် ဖော်ပြထားသည်ဟု သင်ထင်မြင်ပါသလဲ။ *(သင်ကြားပို့ချခြင်းဆိုင်ရာ အချက်တစ်ခုခုကို အကြံပြုရန်။)*
- အဆင့် (၃)နှင့်အဆင့်(၄)တို့တွင် ဆရာက အဘယ်ကြောင့် အုပ်စုလိုက် ဆွေးနွေးမှုနှင့် တင်ပြမှုတို့အတွက် ထိုမေးခွန်းများကို မေးမြန်းသည်ဟု သင်ထင်မြင်ပါသလဲ။ *(ကျောင်းသားများအား လူမှုဆက်ဆံရေးဆိုင်ရာ တတ်ကျွမ်းမှုများ ဖွံ့ဖြိုးလာစေရန် သင်ခန်းစာကို ၎င်းတို့၏ နေ့စဉ်ဘဝနှင့် ချိတ်ဆက်ပေးပြီး သင်ယူမှုကို ပြန်လည်ထင်ဟပ်သုံးသပ်ရန်နှင့် မျှဝေပေးနိုင်ရန် အခွင့်အလမ်း ပေးခြင်း။)*
- မည်သည့်လူမှုစိတ်ခံစားချက်ဆိုင်ရာတတ်ကျွမ်းမှုများကို ကျောင်းသားများအနေနှင့် အဓိကထားပြီး တိုးတက်အောင်လေ့ကျင့်ခဲ့ပါသနည်း။ *(မိမိကိုယ်ကိုသိရှိနားလည်ခြင်း၊ တစ်ဦးနှင့်တစ်ဦးအပြန်အလှန်ပြောဆိုခြင်း၊ လေးနက်စွာစဉ်းစားဝေဖန်ခြင်း၊ ပြန်လည်စဉ်းစားမှတ်မိခြင်း၊ ပြန်လည်ထင်ဟပ်သုံးသပ်ခြင်း)*
- သူမသည် အဆင့်(၅)တွင် မည်သည်ကို လုပ်ဆောင်သနည်း။ အဘယ့်ကြောင့်နည်း။ *(သင်ခန်းစာ၏ အဓိက အချက်များကို အနှစ်ချုပ်ပေးခြင်း၊ ကျောင်းသားများကို သင်ယူမှုဦးတည်ချက်ချက်များအပေါ် ပြန်လည်အာရုံစိုက်မိစေခြင်း။)*
- ပထမစာသင်ချိန်ကို မည်ကဲ့သို့ အကဲဖြတ်မည်နည်း။ *(ကျောင်းသားများသည် မိတ်ဆွေ သူငယ်ချင်းများနှင့် ချစ်ခင်ရင်းနှီးစွာနေထိုင်ရန်အရေးကြီးပုံကို ပြောဆိုနိုင်ခြင်း ရှိ၊ မရှိ အကဲဖြတ်ခြင်း။)*

၇။ နှစ်ဦးတစ်တွဲ အချင်းချင်းအဖြေများကို စစ်ဆေးကြပါစေ။

## သင်ယူမှုလုပ်ငန်းအတွက် လုပ်ငန်းပေးစာရွက်

အတန်း................

သင်ခန်းစာခေါင်းစဉ်.........................

| သင်ခန်းစာဖွဲ့စည်းတည်ဆောက်မှု (သင်ကြားသင်ယူမှုဖြစ်စဉ်၏ အချိန် တစ်ချိန်စာ) | |
|---|---|
| သင်ယူမှုဦးတည်ချက် | သူငယ်ချင်းများနှင့် ချစ်ခင်ရင်းနှီးစွာနေထိုင်တတ်ရန် |
| ရည်ရွယ်ချက်ပေါက်မြောက်စေရန် လုပ်ဆောင်ရမည့် လုပ်ငန်းများ (စုစုပေါင်းစာသင်ချိန်များ) | ၁။သူငယ်ချင်းများနှင့်ချစ်ခင်ရင်းနှီးစွာနေထိုင်ရန်အရေးကြီးသည်ကို သတိပြုမိခြင်း<br>၂။သူငယ်ချင်းများနှင့်ချစ်ခင်ရင်းနှီးစွာနေထိုင်ရမည့်နည်းလမ်းများကို စဉ်းစားခြင်း<br>၃။သူငယ်ချင်းများနှင့်ချစ်ခင်ရင်းနှီးစွာနေထိုင်ရမည့်နည်းလမ်းများကို နားလည်ခြင်း<br>၄။သူငယ်ချင်းများနှင့်ချစ်ခင်ရင်းနှီးစွာနေထိုင်တတ်လာခြင်း |
| စာသင်ချိန်အတွင်း လုပ်ဆောင်ရမည့် လုပ်ငန်းများ | ၁။သူငယ်ချင်းများနှင့်ချစ်ခင်ရင်းနှီးစွာနေထိုင်ရန်အရေးကြီးသည်ကို သတိပြုမိခြင်း<br>၂။သူငယ်ချင်းများနှင့်ချစ်ခင်ရင်းနှီးစွာနေထိုင်ရမည့်နည်းလမ်းများကို စဉ်းစားခြင်း<br>၃။သူငယ်ချင်းများနှင့်ချစ်ခင်ရင်းနှီးစွာနေထိုင်ရမည့်နည်းလမ်းများကို နားလည်ခြင်း<br>၄။သူငယ်ချင်းများနှင့်ချစ်ခင်ရင်းနှီးစွာနေထိုင်တတ်လာခြင်း |
| သင်ကြားသင်ယူမှု အထောက် အကူပစ္စည်းများ | မိမိကိုယ်ကို သိရှိနားလည်ခြင်း၊ တစ်ဦးနှင့်တစ်ဦးအပြန်အလှန် ပြောဆိုခြင်း၊ လေးနက်စွာစဉ်းစားဝေဖန်ခြင်း၊ ပြန်လည်စဉ်းစား မှတ်မိခြင်း၊ ပြန်လည်ထင်ဟပ်သုံးသပ်ခြင်း) |
| သင်ကြား သင်ယူမှု လုပ်ငန်းစဉ်များ | မိမိကိုယ်ကို သိရှိနားလည်ခြင်း၊ တစ်ဦးနှင့်တစ်ဦးအပြန်အလှန် ပြောဆိုခြင်း၊ လေးနက်စွာစဉ်းစားဝေဖန်ခြင်း၊ ပြန်လည်စဉ်းစား မှတ်မိခြင်း၊ ပြန်လည်ထင်ဟပ်သုံးသပ်ခြင်း) |
| ဘဝတွက်တာ ကျွမ်းကျင်စရာ တတ်ကျွမ်းမှုများ | မိမိကိုယ်ကို သိရှိနားလည်ခြင်း၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ပြောဆိုခြင်း၊ လေးနက်စွာစဉ်းစားဝေဖန်ခြင်း၊ ပြန်လည်စဉ်းစားမှတ်မိခြင်း၊ ပြန်လည်ထင်ဟပ်သုံးသပ်ခြင်း) |
| စစ်ဆေးအကဲဖြတ်ရန်အချက်များ | မိတ်ဆွေသူငယ်ချင်းများနှင့် ချစ်ခင်ရင်းနှီးစွာနေထိုင်ရန်အရေးကြီးပုံ ကို ပြောဆိုနိုင်ခြင်း ရှိ/မရှိ အကဲဖြတ်ခြင်း။) |

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုလုပ်ငန်း (၁) ကိုလုပ်ဆောင်နေစဉ် သင်ယူနေစဉ် စစ်ဆေးခြင်းများကို ပြုလုပ်နိုင်ပါသည်။ ရည်ရွယ်ချက်မှာ ကျောင်းသားများ လုပ်ငန်း (၂) အားလုပ်ဆောင်တတ်စေရန် နမူနာပြပေးခြင်း ဖြစ်သည်။ ဆရာ၏ညွှန်ကြားချက်များကို ကျောင်းသားများ လိုက်နာ လုပ်ဆောင်နိုင်ခြင်း ရှိ၊ မရှိကို စစ်ဆေးရန်ဖြစ်သည်။ မူလတန်းဆရာလမ်းညွှန်တွင် လိုအပ်သော အချက်များရှာတွေ့ကြပါသလား။ လုပ်ငန်းစဉ် အဆင့်များ၏ ရည်ရွယ်ချက်ကို သိမြင်ကြပါရဲ့လား။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် ညွှန်ကြားချက်များကိုလိုက်နာပြီး လိုအပ်သောအချက်များကို လုပ်ငန်းပေးစာရွက်တွင် ထည့်ပေးရန်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၂) - သင်ခန်းစာကိုခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (၂၅ မိနစ်)

၁။ ကျောင်းသားများအား အုပ်စု(၆)စု ဖွဲ့စည်းပါ။

၂။ အုပ်စုတစ်ခုစီကို ဘ၀တွက်တာကျွမ်းကျင်စရာဘာသာရပ်၊ ဒုတိယတန်း ဆရာလမ်းညွှန် စာအုပ်များဖြန့်ဝေပါ။

၃။ အောက်ပါသင်ခန်းစာတစ်ခုကို ခွဲခြမ်းစိတ်ဖြာလေ့လာရန် အုပ်စုတစ်ခုစီကို တာဝန်ပေးပါ။ (အုပ်စု ၆ စုရှိပါက (၂) စုသည် ခေါင်းစဉ်တူသော သင်ခန်းစာတစ်ခုစီကို ရရှိမည်။

- သင်ခန်းစာ (၂-၂) -မတော်တဆဖြစ်မှု သတိပြု (စာသင်ချိန် - ၁)။
- သင်ခန်းစာ (၂-၃) -သူစိမ်းအန္တရာယ် တို့ကာကွယ် (စာသင်ချိန်-၂)။
- သင်ခန်းစာ (၂-၄) -ငြင်းပါကွယ် (စာသင်ချိန် -၃)။

၄။ ခွဲခြမ်းစိတ်ဖြာသုံးသပ်ရန် အချက်များကိုရှင်းပြပါ။

- ကျောင်းသားကိုင်စာအုပ်ပါ သင်ခန်းစာ ၄.၂.၂ လုပ်ငန်းပေးစာရွက်၏ စစ်ဆေးရန် အချက်များကို အသုံးပြုပါ။
- ဇယားတွင်ဖြည့်သွင်းရန် ရှေ့တွင်ပြုလုပ်ခဲ့သည့် သရုပ်ပြနမူနာများအတိုင်း ဆောင်ရွက်ပါ။

- သင့်အားတာဝန်ပေးထားသော သင်ခန်းစာအချိန်ကို ဆွေးနွေးပြီး ဇယားတွင် ဖြည့်သွင်းပါ။ (သင့်စစ်ဆေးရန်အချက်များကို မှတ်တမ်းတင်ရန်သီးခြားစာရွက် တစ်ရွက် လိုအပ်ကောင်း လိုအပ်နိုင်ပါသည်)

၅။ ဤလုပ်ငန်းအတွက် အချိန်(၁၅)မိနစ် ပေးပါ။

၆။ ထို့နောက် တူညီသောသင်ခန်းစာတစ်ခုကို လုပ်ဆောင်ကြသည့် အုပ်စု(၂)ခုစီကို ပေါင်းကြပါစေ။ (ဤသို့ဖြင့် ယခုအခါ အုပ်စု(၃)ခုသာ ရှိတော့မည်ဖြစ်ပြီး အုပ်စုတစ်ခုစီအဖို့ သင်ခန်းစာတစ်ခုသာ လုပ်ဆောင်ရမည်ဖြစ်သည်။) ကျောင်းသားများအား ၎င်းတို့ တွေ့ရှိချက်များကို မျှဝေစေပြီး ၎င်းတို့အုပ်စုအတွင်း အားလုံး၏သဘောတူညီချက်ရရှိရန် ဆွေးနွေးပါစေ။

၇။ ၎င်းတို့၏ လုပ်ဆောင်ချက်များကို အခြားအုပ်စုများက လေ့လာနိုင်ရန်ပြသမည်ဖြစ်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုလုပ်ငန်း (၂) ကို လုပ်ဆောင်နေစဉ် သင်ယူနေစဉ်စစ်ဆေးခြင်းများကို ပြုလုပ်နိုင်ပါသည်။ ဤအဆင့်သည် သင်ခန်းစာအား ခွဲခြမ်းစိတ်ဖြာခြင်းကို ကိုယ်တိုင် လေ့ကျင့်လုပ်ဆောင်သော အဆင့်ဖြစ်သည်။ အုပ်စုတွင်းဆွေးနွေးပြီး လိုအပ်သော အချက်များကို ဆရာလမ်းညွှန်တွင် ရှာဖွေနိုင်ခြင်း ရှိ၊ မရှိ ဆရာက စစ်ဆေးပြီး လိုအပ်သလို ကူညီပေးရန်ဖြစ်သည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် ဆရာလမ်းညွှန်ကို ဖတ်ပြီး အုပ်စုတွင်းဆွေးနွေးကာ လုပ်ငန်းပေး စာရွက်ပုံစံတွင်ဖြည့်ရပါမည်။

## ကျောင်းသားများ၏ နားလည်မှုကိုစစ်ဆေးခြင်း (၅ မိနစ်)

၁။ ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်များမှာ လူမှုဘဝမှာ ကျွမ်းကျင်စရာနယ်ပယ်မှ သင်ခန်းစာ သင်ပြမှုပုံစံ တစ်ခု၏ ဖွဲ့စည်းထားပုံကို ခွဲခြမ်းစိတ်ဖြာပြနိုင်ရန်နှင့် သင်ယူမှုလုပ်ငန်းများသည် ဘဝတွက်တာ ကျွမ်းကျင်စရာ တတ်ကျွမ်းမှု ကိုးခုမှ မည်သည့် တတ်ကျွမ်းမှုများ ရရှိသည်ကို ဖော်ပြနိုင်ရန်ဖြစ်ကြောင်း ပြောပါ။

၂။ သင်ပြမှုပုံစံတစ်ခု၏ ဖွဲ့စည်းထားပုံကို ခွဲခြမ်းစိတ်ဖြာပြနိုင်ရန် ဟူသော သင်ယူမှုရလဒ်ကို ပေါက်မြောက်စေရန် ၎င်းတို့သည် လူမှုဘဝမှာကျွမ်းကျင်စရာနယ်ပယ်မှ သင်ခန်းစာ တစ်ခုကို ခွဲခြမ်းစိတ်ဖြာပြီး သင်ယူမှုလုပ်ငန်းများမှ ရရှိသွားနိုင်သော ဘဝတွက်တာ ကျွမ်းကျင်စရာ တတ်ကျွမ်းမှုများကို ဖော်ထုတ်ခဲ့ကြသည်။

၃။ ဤသို့သင်ယူခြင်းဖြင့် မိမိကိုယ်မိမိ ယုံကြည်မှု အပြည့်ဖြင့် မူလတန်းကျောင်းသားများအား သင်ကြားပြသပေးနိုင်မည် ဖြစ်ကြောင်းပြောပါ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ဆရာလမ်းညွှန်ကြည့်ရှုလေ့လာခြင်းကို မရင်းနှီးသေးသော အတွဲများသည် အဖြေရှာရန် အချိန်ယူရပါလိမ့်မည်။ အခက်အခဲတွေ့နေပါက ၎င်းတို့ကို စောင့်ဆိုင်းပေးရပါမည်။

**သင်ယူမှုလုပ်ငန်း ၂။** အခြားအုပ်စုများထက် စောစွာပြီးနေသော အုပ်စုများရှိပါက သင်ခန်းစာ တစ်ခုလုံး ပြီးဆုံးသွားပါကရရှိနိုင်မည့် ဘဝတွက်တာကျွမ်းကျင်စရာ တတ်ကျွမ်းမှုများကို ရှာကြည့်ကြပါစေ။ ဤနည်းအားဖြင့် သင်ခန်းစာတစ်ခုလုံးကို ခြုံငုံကြည့်ရှုခွင့်ရသွားကြပါမည်။

**ပြန်လည်ဆန်းစစ်ရန်မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ**

**မေးခွန်း ၁။** လူမှုဘဝမှာကျွမ်းကျင်စရာနယ်ပယ်၏ နယ်ပယ်ခွဲများကိုဖော်ပြပါ။

**အဖြေ** *၁။လူမှုဆက်ဆံရေး၊ လူမှုဘဝလုံခြုံရေး နှင့်*
*၂။ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးတို့ဖြစ်သည်။*

**မေးခွန်း ၂။** မူလတန်းကလေးများသည် ငြင်းဆိုတတ်သော ကျွမ်းကျင်မှုများဖွံ့ဖြိုးရန် အဘယ်ကြောင့် လိုအပ်သည်ဟု ထင်ပါသနည်း။

**အဖြေ** *လူကုန်ကူးသော သူစိမ်းများ၊ မူးယစ်ဆေးသုံးရန် ဆွဲဆောင်လာသူများ၏ အန္တရာယ်မှကာကွယ်နိုင်ရန် လေးနက်စွာဝေဖန်စဉ်းစားပြီး ငြင်းဆို တတ်သော ဆက်သွယ်ရေးကျွမ်းကျင်မှုများကို မူလတန်းကလေးများအား သင်ကြားပေးရန် လိုအပ်ပါသည်။*

**မေးခွန်း ၃။** မူလတန်းစိတ်ကျန်းမာရေးနယ်ပယ်ခွဲမှ သင်ခန်းစာများက မူလတန်းကလေး များကို ထောက်ပံ့ပေးနိုင်သောအရာများကိုဖော်ပြပါ။

**အဖြေ** *မူလတန်းစိတ်ကျန်းမာရေးနယ်ပယ်ခွဲမှ သင်ခန်းစာများသည် ကလေး များအား အခြားသူများနှင့်အတူ ကျန်းမာပျော်ရွှင်စွာ နေထိုင်တတ်ရန် အသိပညာ၊ ကျွမ်းကျင်မှုများနှင့် သဘောထားများရရှိစေရန် ကူညီထောက်ပံ့ ပေးသည်။ (ကြောင်းကျိုး ဆီလျော်သော အခြားအဖြေများလည်းရှိနိုင် ပါသည်။)*

**မေးခွန်း ၄။** မူလတန်းကလေးများအား လူမှုဘဝမှာကျွမ်းကျင်စရာနယ်ပယ်ကို သင်ကြားပေးရန် အဘယ်ကြောင့် လိုအပ်ပါသနည်း။

***အဖြေ*** *အဘယ်ကြောင့်ဆိုသော် လူမှုဘဝမှာ ကျွမ်းကျင်စရာ နယ်ပယ်သည် ကလေးများအား ၎င်းတို့၏နေ့စဉ်ဘဝတွင် လူမှုပေါင်းသင်းဆက်ဆံရေး ကျွမ်းကျင်မှုများကိုအသုံးပြုပြီး လူတိုင်းနှင့် သင့်မြတ်စွာ ပေါင်းသင်းဆက်ဆံတတ်စေရန်၊ အခြားကျောင်းသားများနှင့် ပူးပေါင်းလုပ်ဆောင်တတ်ရန်၊ လေ့လာသင်ယူတတ်ရန် သင်ကြားပေးသောကြောင့်ဖြစ်သည်။*

**မေးခွန်း ၅။** သင်ကြားသင်ယူမှုဖြစ်စဉ် အဆင့်(၃) သင်ယူမှုလုပ်ငန်း " နားလည်သဘောပေါက်ခြင်း"အဆင့်တွင် ဘဝတွက်တာတတ်ကျွမ်းမှု (၉)မျိုးအနက် မည်သည့် တတ်ကျွမ်းမှုများ ပါဝင်နိုင်သည်ဟု ထင်ပါသနည်း။ ဥပမာများပေး၍ ဖြေဆိုပါ။

***အဖြေ*** *သင်ခန်းစာ၏ သင်ယူမှုဦးတည်ချက်၊ သင်ယူမှုလုပ်ငန်းတွင် အလေးပေးထားသော ကျွမ်းကျင်မှုများအပေါ်မူတည်ပြီး တတ်ကျွမ်းမှုများအမျိုးမျိုး ကွဲပြားနိုင်ပါသည်။*

***(မေးခွန်းအားလုံးအတွက် ကြောင်းကျိုး ဆီလျော်သော အခြားအဖြေများကို လက်ခံပေးပါ။)***

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- လူမှုဘဝမှာကျွမ်းကျင်စရာနယ်ပယ်တွင် ဘဝတွက်တာကျွမ်းကျင်စရာ (၉)မျိုး ၏ တတ်ကျွမ်းမှုများ နှင့် ချိတ်ဆက်နေသော လူမှုစိတ်ခံစားချက်ဆိုင်ရာ တတ်ကျွမ်းမှုများ ပါဝင်သည်။ ဤလူမှုဘဝမှာ ကျွမ်းကျင်စရာနယ်ပယ် သင်ယူမှုအကြောင်းအရာများသည် စဉ်းစားနိုင်သည့် ကျွမ်းကျင်မှုများနှင့် လူမှုစွမ်းရည်များကိုပေါင်းစပ်ထားခြင်းဖြစ်ပြီး စာသင်ခန်း၊ အိမ် သို့မဟုတ် လူမှု အသိုင်းအဝိုင်းတွင် အခြားသူများနှင့် ပျော်ရွှင်စွာ နေထိုင်နိုင်ရန် ကျောင်းသားများ၏ သင်ယူမှုစွမ်းရည်နှင့် လူမှုဘဝအတွက် အလွန် အရေးပါပေသည်။

- လူမှုစိတ်ခံစားမှုများ ကိုင်တွယ်နည်းကို သင်ယူခြင်း(SEL) သည် ဟောင်းဝပ်ဂါ့ဒ်နာ နှင့် ဒယ်နီယယ်ဂိုးလ်မင်းတို့၏ အားထုတ်ကြိုးပမ်းမှုကြောင့် လူသိများခြင်း ခံလာရသည်။ လူမှုစိတ်ခံစားမှုများ ကိုင်တွယ်နည်းကို သင်ယူခြင်း(SEL) ဆိုသည်မှာ စိတ်လှုပ်ရှား ခံစားမှုများကို အသိအမှတ်ပြုပြီး စီမံဆောင်ရွက်ရန်၊ ပြဿနာများကို ထိရောက်စွာ ဖြေရှင်းရန်နှင့် အခြားသူများနှင့် အပြုသဘောဆောင်သော ဆက်ဆံမှုများ ထူထောင်နိုင်သည့် အရည်အသွေး ဖြစ်သည်။

- ပီယာဂျေးက ကလေးများအား လူမှုရေးဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရန် သင်ကြားပေးရာတွင် ကလေးများ၏ ဖွံ့ဖြိုးလာသည့် လူမှုရေးဆိုင်ရာ သိနားလည်ခြင်း ကျွမ်းကျင်မှုများ (social cognitive skills) ကို အသုံးချရန် အရေးကြီးကြောင်းရှင်းပြခဲ့သည်။

- မူလတန်းအဆင့် လူမှုဘဝမှာကျွမ်းကျင်စရာနယ်ပယ် သင်ခန်းစာများကို သင်ကြားရာတွင် သင်ယူမှုအကြောင်းအရာ သင်ခန်းစာများ ဆရာများသည် အတန်းလိုက်ရည်ရွယ်ချက်များ၊ သင်ခန်းစာဦးတည်ချက်နှင့် သင်ယူမှုလုပ်ငန်းများနှင့် အကြားဆက်စပ်မှုကို သိမြင်ရန်လို အပ်သည်။ သင်ခန်းစာ ဖွဲ့စည်းတည်ဆောက်ပုံ အသေးစိတ်ကို လေ့လာခြင်းသည် ယင်းသင်ခန်းစာအား သင်ကြားပို့ချရာ၌ ထိရောက်မှုရှိနိုင်သည်။

## အခန်းဆုံး ပြန်လည်သုံးသပ်စဉ်းစားခြင်း

ဤအခန်းသည် လူမှုစိတ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများ အရေးပါပုံနှင့် လူမှုစိတ်ခံစားမှုများကိုင်တွယ်နည်းကို သင်ယူခြင်း (SEL) မည်သို့ ပြောင်းလဲပေါ်ပေါက်လာပုံနှင့် ဉာဏ်ရည်နှင့် ပတ်သက်သော တွေ့ရှိမှုအသစ် အကြောင်းများ ပါဝင်သည်။ ဉာဏ်ရည်များနှင့် ပတ်သက်၍ စဉ်းစားပုံ နည်းလမ်းအသစ်ကို လူသိများလာအောင် မည်သူကပြုလုပ်ခဲ့သနည်း။

ဂါဒ့်နာ(Gardner)၏ ယူဆချက်အရ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဉာဏ်ရည် (emotional intelligence) ဆိုသည်မှာ အခြားသူများနှင့် အတူအလုပ်လုပ်နိုင်သော အရည်အသွေးဖြစ်ပြီး စိတ်လှုပ်ရှားမှုဆိုင်ရာ ဉာဏ်ရည် နှစ်မျိုးရှိသည်ဟုဆိုသည်။ အဆိုပါ စိတ်လှုပ်ရှားမှုဆိုင်ရာ ဉာဏ်ရည်နှစ်မျိုးကိုဖော်ပြပါ။ စိတ်လှုပ်ရှားမှုဆိုင်ရာ ဉာဏ်ရည်သည် ကျောင်း၊ စီးပွားရေးလုပ်ငန်း၊ အဖွဲ့အစည်းများ အောင်မြင်မှုရစေရန် မရှိမဖြစ်သော ဉာဏ်ရည် ဖြစ်သည်ဟုဆိုသည်။ အဆိုပါယူဆချက်ကို လိုက်နာပြီး စာသင်ခန်းအတွင်း သင်ယူမှု လုပ်ငန်းများ ပြောင်းလဲသွားခဲ့သည်။ မည်ကဲ့သို့ ပြောင်းလဲသွားကြပါသနည်း။

ပီယာဂျေး (Piaget)က လူမှုရေးဖွံ့ဖြိုးတိုးတက်ခြင်းသည် မိမိကိုယ်မိမိ သဘောကျနှစ်မြို့ခြင်းနှင့် အခြားသူများနှင့် အဆင်ပြေအောင် နေနိုင်ခြင်းဖြစ်သည်ဟုဆိုသည်။ ကစားခြင်း၊ စကားပြောခြင်းနှင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ပြောဆိုခြင်းများသည် လူမှုရေးဖွံ့ဖြိုးမှုအတွက် လွန်စွာ အဖိုးမဖြတ်နိုင်သော နည်းလမ်းများဖြစ်သည်ဟု ပြောခဲ့သည်။ ကမ္ဘာတစ်ဝှမ်းရှိ စာသင်ခန်းများ သည် ပီယာဂျေး၏ လူမှုရေးဆိုင်ရာ အပြန်အလှန်ပြောဆိုခြင်း အရေးကြီးကြောင်း တင်ပြသည့် သီအိုရီအရ ပြောင်းလဲသွားကြသည်။ စာသင်ခန်းများ မည်သို့ ပြောင်းလဲသွားကြသနည်း။

မူလတန်း လူမှုဘဝမှာကျွမ်းကျင်စရာများသည် လူမှုဆက်ဆံရေး၊ လူမှုဘဝလုံခြုံရေးနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးများကို အလေးထားကြောင်းတွေ့ရသည်။ သို့ဖြစ်၍ မူလတန်း ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်သည် လူမှုပေါင်းသင်းဆက်ဆံရေး တတ်ကျွမ်းမှုများနှင့် စိတ်လှုပ်ရှားဆိုင်ရာဉာဏ်ရည်များ နှင့် ပတ်သက်နေသည်ဟု ပြောနိုင်ပါသည်။ သင်ခန်းစာများသည် ကျောင်းသားများအား လိမ္မာယဉ်ကျေးအောင် မည်သို့ ပြောဆိုပြုမူရမည်၊ အကူအညီရရန်

မည်သို့ဆက်သွယ်ပြောဆိုရမည်၊ မည်သို့ ငြင်းဆန်ရမည်၊ မတူကွဲပြားမှုများကို မည်သို့လက်ခံပြီး အခြားသူများကို မည်သို့ ကိုယ်ချင်းစာတရားထားပြီး ဆက်ဆံရမည်ကို သင်ပေးသည်။ မူလတန်းဆရာများသည် လူမှုစိတ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည်ဟု ထင်ပါသလား။ အဘယ်ကြောင့် ဤသို့ထင်မြင်ယူဆပါသနည်း။

## ဆက်လက်ဖတ်မှတ်စရာများ

၄.၁


Arigatou Foundation. (2008). *Learning to live together - An intercultural and interfaith programme for ethics education. The Health service journal* (Vol. 101). Tokyo. Retrieved from https://ethicseducationforchildren.org/images/zdocs/Arigatou-What-is-Learning-2015-En-Web.pdf

Armstrong, T. (2009). *Multiple intelligences in the classroom.* Alexandria, VA: ASCD.

Collaborative for Academic, S. and E. L. (CASEL). (2018). Core SEL Competencies. Retrieved April 24, 2019, from https://casel.org/core-competencies/

Educational Implications of Piaget's Theory. (n.d.). Retrieved April 24, 2019, from http://piaget.weebly.com/educational-implications--activities.html

Gardener, H. (2011). *Frames of Mind: The Theory of Multiple Intelligences.* New York: Basic Books.

Gardener, H. (2006). *Multiple intelligences: New horizons.* New York: Basic Books.

Gardener, H. (2018). *Multiple Intelligences: New Horizons in Theory and Practice.* New York: Basic books.

Goleman, D. (2006). *Social Intelligence: The new science of human relationships.* New York: Bantam Books.

၄.၂

Japan International Cooperation Agency. (n.d.). *Life Skills 09 0102 Teacher's Package Psychosocial Skills Strand.*

# အခန်း ၅

# သဘာဝ ဝန်းကျင်ထိန်းသိမ်းလို့ လိုက်လျောညီထွေ နေထိုင်စို့နယ်ပယ်

ကမ္ဘာဂြိုဟ်နှင့် ၎င်း၏ ဂေဟာစနစ်သည် ကျွန်ုပ်တို့အားလုံး ပိုင်ဆိုင်ကြသော အိမ်ကြီး ဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းသည် လူသားအားလုံး၏ တာဝန်ဖြစ်သည်။ သဘာဝနှင့် လိုက်လျောညီထွေ အဆင်ပြေစွာနေထိုင်မှုကို မြှင့်တင်နိုင်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ယနေ့ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များ၏ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်များအကြား မျှတသောဟန်ချက်ညီမှုကို ရရှိစေနိုင်မည်ဖြစ်သည်။ လူအပေါင်းတို့သည် သာယာလှပပြီး နစ်သက်ဖွယ်ကောင်းသည့် ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ခြင်းအား တန်ဖိုးထားလိုလားပါက ယင်းပတ်ဝန်းကျင်ကို ထိန်းသိမ်း စောင့်ရှောက်ရန် ကြိုးစားကြပြီး မလိုလားအပ်သော အကျိုးဆက်များကို လျှော့ချရန် သဘာဝဘေးအန္တရာယ်များအား လိုက်လျောညီထွေစွာ တုံ့ပြန်ရင်ဆိုင်ကြမည်ဖြစ်သည်။ ယင်းသို့ပြုမူနိုင်မည်ဆိုပါက လူတို့သည် သဘာဝနှင့် အမှန်တကယ်ပင် လိုက်လျောညီထွေစွာ နေထိုင်နိုင်ကြမည် ဖြစ်ပါသည်။

## မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- သဘာဝပတ်ဝန်းကျင်အား မည်သို့ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း ရှင်းပြတတ်မည်။
- သဘာဝဘေးအန္တရာယ်ဖြစ်နိုင်ခြေလျှော့ချရေး၏ အဓိပ္ပာယ်ကိုရှင်းပြတတ်မည်။
- ကလေးအရွယ်လိုက်ဖွံ့ဖြိုးခြင်းဆိုင်ရာ သီအိုရီများကို မူလတန်းအဆင့် သဘာဝဝန်းကျင် ထိန်းသိမ်းခြင်းနှင့် ဘေးအန္တရာယ် ဖြစ်နိုင်ခြေလျှော့ချခြင်း သင်ခန်းစာများ သင်ကြားရာတွင် မည်သို့ ထည့်သွင်း စဉ်းစားနိုင်ကြောင်း ဥပမာများ ပေးတတ်မည်။

- ဘေးအန္တရာယ် ကျရောက်ပြီးနောက် စိတ်ဒဏ်ရာရနေသော ကျောင်းသားများအား ကူညီပေးနိုင်မည့် နည်းလမ်းများကို ဖော်ထုတ်တတ်မည်။
- ဘေးအန္တရာယ် ကျရောက်ပြီးနောက် စိတ်ဒဏ်ရာရနေသော ကျောင်းသားတစ်ဦး အကြောင်း ဖြစ်ရပ်ကို ဖန်တီးရေးသားတတ်မည်။
- သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုနှင့် သဘာဝဘေးအန္တရာယ် ဖြစ်နိုင်ခြေ လျှော့ချရေး အကြောင်း သင်ကြားပို့ချခြင်း၏ ရည်မှန်းချက်များ၊ သင်ယူမှုအဆင့်များ နှင့် သင်ယူမှု လုပ်ငန်းများ အကြား ချိတ်ဆက်မှုကို ရှင်းပြတတ်မည်။
- သဘာဝဝန်းကျင် ထိန်းသိမ်းလို့ လိုက်လျောညီထွေ နေထိုင်စို့ နယ်ပယ်၏ သင်ယူမှုဖြစ်စဉ်နှင့် ဖွဲ့စည်းပုံကို ခွဲခြမ်းစိတ်ဖြာတတ်မည်။

# ၅.၁။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ရေးနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေးအကြောင်း သင်ယူခြင်း

ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုသည်မှာ ပတ်ဝန်းကျင်ကို ကာကွယ်မှုပြုရန် ကျွန်ုပ်တို့၏ လုပ်ဆောင်ချက် မှန်သမျှကို ဆိုလိုသည်။ နေ့စဉ်ဘဝတွင် ပတ်ဝန်းကျင်ကို ကာကွယ်မှု ပြုလုပ်နိုင်သည့် နည်းလမ်း အများအပြားရှိပါသည်။ စွန့်ပစ်ပစ္စည်းများ လျှော့ချခြင်း၊ စွမ်းအင်ချွေတာခြင်းနှင့် ညစ်ညမ်းမှုကို တားဆီးခြင်း စသော လုပ်ဆောင်မှုများ ဖြစ်သည်။ ဤလုပ်ငန်းများတွင် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာ ကိစ္စရပ်များကို စူးစမ်းဖော်ထုတ်ခြင်း၊ ပြဿနာဖြေရှင်းမှုတွင် ပါဝင်ခြင်းနှင့် ပတ်ဝန်းကျင် တိုးတက်ကောင်းမွန်စေရန် လှုပ်ရှားဆောင်ရွက်ခြင်းတို့ ပါဝင်သည်။ ရလဒ်အနေဖြင့် လူတစ်ဦးချင်းတို့သည် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ထဲထဲဝင်ဝင် ပိုမိုနားလည်လာနိုင်ပြီး ရရှိသောသတင်း အချက်အလက်များကို အခြေခံလျက် တာဝန်ယူမှုရှိသော ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည့် စွမ်းရည်များ ပိုင်ဆိုင်လာနိုင်မည် ဖြစ်သည်။ သို့ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်း စောင့်ရှောက်ရေး အောင်မြင်နိုင်ခြင်းသည် သဘာဝအရင်းအမြစ်များကို မည်သို့ အသုံးပြုသည်၊ ပထဝီနှင့် ရာသီဥတု ပြောင်းလဲမှုများ၊ သဘာဝဘေးဒုက္ခကပ်ဆိုးများနှင့် လူကြောင့် ဖြစ်ပေါ်သော ဘေးဒုက္ခများအပေါ် တည်မှီလျက် ရှိပါသည်။

ဤဘေးဒုက္ခကပ်ဆိုးများသည် လူမှုအသိုင်းအဝန်း သို့မဟုတ် လူ့အဖွဲ့အစည်း၏ လုပ်ငန်းများကို လွန်စွာ အနှောင့်အယှက် ဖြစ်စေသည်။ မိမိတို့တွင်ရှိသော စွမ်းရည်များ၊ ရင်းမြစ်များကို အသုံးပြုလျက် ရင်ဆိုင် ဖြေရှင်းနိုင်ခြင်း မရှိသော ကြီးမားသည့် ဆုံးရှုံးမှုများကို ဖြစ်စေသည်။ သဘာဝဘေးအန္တရာယ်ဖြစ်မှု လျှော့ချရေးဟူသည် ဘေးအန္တရာယ်ဖြစ်ပွားရသည့် အကြောင်းရင်းများကို လေ့လာသုံးသပ်ပြီး လျှော့ချရန် စနစ်တကျ ကြိုးပမ်းအားထုတ်မှုဖြင့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို လျှော့ချသည့် လုပ်ငန်းတစ်ခု ဖြစ်သည်။ အန္တရာယ် ဖြစ်နိုင်ခြေကို

လျှော့ချရေး၊ လူနှင့်ပစ္စည်းဥစ္စာများအပေါ် ထိခိုက်ပျက်စီးမှု လျော့ပါးရေး၊ မြေယာနှင့် ပတ်ဝန်းကျင်ကို အမြော်အမြင်ကြီးစွာ စီမံခန့်ခွဲရေး၊ ကြိုတင်ပြင်ဆင်မှုများ တိုးတက် ကောင်းမွန်ရေးနှင့် ဘေးအန္တရာယ်ဖြစ်စေသော ဖြစ်စဉ်ဖြစ်ရပ်များအတွက် ကြိုတင်သတိပေးခြင်းတို့သည် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှု လျှော့ချရေးလုပ်ငန်း၏ ဥပမာ လုပ်ဆောင်ချက်များဖြစ်သည်။

## ၅.၁.၁။
## ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှု

### မျှော်မှန်းထားသော သင်ယူမှုရလဒ်

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- သဘာဝပတ်ဝန်းကျင်အား မည်သို့ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း ရှင်းပြတတ်မည်။

**ရရှိသွားမည့် တတ်ကျွမ်းမှုများ**

(က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့်သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က)(၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ)(၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။

**အချိန်** - မိနစ် (၅၀)ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ** - စာဖတ်ခြင်း၊ ဆွေးနွေးခြင်း၊ နှစ်ယောက်တွဲစုပေါင်းစဉ်းစားခြင်း၊ တင်ပြခြင်း၊ မေးခွန်းနှင့်အဖြေ။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ-** ကျောင်းသားများနှင့် ဆရာသည် သင်ခန်းစာ ၅.၁.၁ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းကို ကြိုတင် ဖတ်ရှုကြရန်ဖြစ်သည်။

**လိုအပ်သောရင်းမြစ်များ-** ကျောင်းသားကိုင်စာအုပ်တွင်ပါသော လုပ်ငန်းပေး စာရွက်ဇယားကွက်များ။

## သင်ယူမှုလုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း (၁) - သင်ခန်းစာခေါင်းစဉ်နှင့် မိတ်ဆက်ခြင်း( တွေး-တွဲ-မျှဝေ သင်ယူခြင်း) (၁၀မိနစ်)**

၁။ "ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းဟူသည် အဘယ်နည်း" မေးခွန်း၏အဖြေအတွက် တစ်ဦးချင်း စဉ်းစားခြင်း။

၂။ နှစ်ယောက်တစ်တွဲ ထင်မြင်ချက်များဖလှယ်ခြင်း။

၃။ အတန်းသားများအား ဝေမျှပြောပြခြင်း။

၄။ အချက်အလက်များကို သင်ပုန်းပေါ်တွင်မှတ်တမ်းတင်ခြင်း။

၅။ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းအကြောင်းကို အနှစ်ချုပ်ပေးပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

သင်ယူမှုလုပ်ငန်း (၁) ကိုလုပ်ဆောင်နေစဉ် သင်ယူနေစဉ်စစ်ဆေးခြင်းများကို ပြုလုပ်နိုင်ပါသည်။ ပထမဆုံးသင်ခန်းစာနှင့် မိတ်ဆက်ပေးသောလုပ်ငန်းဖြစ်သောကြောင့် ကျောင်းသားများ၏ မူလရှိနေသော အသိကို အခြေခံ၍ ဉာဏ်ဖွင့် စဉ်းစားစေခြင်း၊ ၎င်းတို့၏ ထင်မြင်ချက်များ၊ အသိပညာများကို မျှဝေသော လုပ်ငန်းဖြစ်သည်။ တက်ကြွစွာပါဝင်လာစေရန် ဆရာက အားပေးရပါမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများက ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ မိမိတို့သိရှိထားပြီး သည်များ၊ စိတ်ကူးထင်မြင်ချက်များကို ပြန်လည်မှတ်မိစေရန် စဉ်းစားထုတ်ဖော်ကြရပါမည်။

## သင်ယူမှုလုပ်ငန်း (၂) - ပြန်လှန်သုံးသပ်ခြင်းနှင့် ဆွေးနွေးခြင်း (၁၅ မိနစ်)

၁။ (၆)ဦးပါ အုပ်စုများဖွဲ့ပါ။

၂။ အုပ်စုများအား ၎င်းတို့ ဖတ်ရှုပြီးဖြစ်သည့် "ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်း" အကြောင်းအရာနှင့် သက်ဆိုင်သော အောက်ပါအချက်များကို သုံးသပ်ဆွေးနွေးစေပါ။
- ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးဟူသည် အဘယ်နည်း။
- ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးတွင် အဓိက ပြဿနာများမှာ အဘယ်နည်း။ ၎င်းတို့သည် အဘယ်ကြောင့်အရေးပါသနည်း။
- ၎င်းလုပ်ငန်းတွင် သင်မည်သို့ ပါဝင်နိုင်သနည်း။
- ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးတွင် တစ်ဦးတစ်ယောက်တည်း လုပ်ဆောင်ရန် မည်သည့် အခက်အခဲများ ရှိပါသနည်း။

၃။ ကျောင်းသားများအား ဆွေးနွေးထားသည့်အချက်များကို မှတ်စုရေးသားထားရန် ညွှန်ကြားပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုလုပ်ငန်း (၂) ကိုလုပ်ဆောင်နေစဉ် သင်ယူနေစဉ်စစ်ဆေးခြင်းများကို ပြုလုပ်နိုင်ပါသည်။ နီးနှောဖလှယ်ပွဲ သင်ယူနည်း၏ ပထမအဆင့်လုပ်ငန်းဖြစ်သောကြောင့် ကျောင်းသားများ၏ ဆွေးနွေးခြင်းနှင့် မှတ်စုထုတ်ခြင်းကို ဆရာကလှည့်လည်ကြည့်ရှု စစ်ဆေးပြီး အားပေးရပါမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများကသင်ခန်းစာကို ပြန်လှန်သုံးသပ်ဆွေးနွေးပြီး ဆွေးနွေးချက်များကို မှတ်စုထုတ်ကြရပါမည်။

## သင်ယူမှုလုပ်ငန်း (၃) - အားဖြည့်ပေးသည့်လုပ်ငန်းများ၊ နီးနှောဖလှယ်ခြင်း (World cafe) (၂၅ မိနစ်)

၁။ သင်ယူမှုလုပ်ငန်း (၂) မှ အုပ်စုများနှင့်မတူကွဲပြားသည့် အုပ်စု(၄)ခုဖွဲ့စည်းပါ။

၂။ နီးနှောဖလှယ်ပွဲပြုလုပ်ခြင်းတွင် ပါဝင်သောအဆင့်များကို ရှင်းပြပါ။

၃။ ပြန်လည်ထင်ဟပ်သုံးသပ်ခြင်းနှင့် အချက်အလက်များကို မှတ်တမ်းတင်ရန် အချိန်(၄) မိနစ် သာရမည်ဖြစ်ကြောင်းပြောပြပါ။

၄။ ပေးထားသောခေါင်းစဉ်များအတွက်အချက်အလက်များကိုမှတ်တမ်းတင်ရန် အုပ်စုတစ်ခုစီက ခေါင်းဆောင်တစ်ဦး ရွေးချယ်ရမည်။

၅။ အုပ်စုတစ်ခုစီသည် အချိန်မှတ်သူတစ်ဦးကို ရွေးချယ်ထားသင့်သည်။

၆။ စာရွက်အပိုင်းငယ်တစ်ခုစီတွင် အကြောင်းအရာခေါင်းစဉ်တစ်ခု ရေးသားထားသော စာရွက် အပိုင်းငယ်များကို အုပ်စုတစ်ခုစီအား ဖြန့်ဝေပေးပါ (အကြောင်းအရာ ခေါင်းစဉ်များသည်အောက်ပါ ဇယားတွင်ဖော်ပြထားသည်)။

၇။ အုပ်စုတစ်ခုစီသည် မှတ်တမ်းတင်ရန် မတူညီသော အကြောင်းအရာ ခေါင်းစဉ်တစ်ခု ရရှိမည်။

၈။ အုပ်စုအဖွဲ့ဝင်များသည် ၎င်းတို့ယခင်ဆွေးနွေးခဲ့သော အကြောင်းအရာများကိုပြန်လည်သုံးသပ် ဆင်ခြင်မည်ဖြစ်ကာ ခေါင်းဆောင်ကအဖွဲ့ဝင်များပေးသည့် အချက်အလက်များကို ရေးမှတ်မည်။

၉။ (၄)မိနစ်ကြာပြီးနောက် ဆွေးနွေးမှုကိုရပ်တန့်ပါ။

၁၀။ အုပ်စုခေါင်းဆောင်များကို စက္ကူအပိုင်းငယ်နှင့်အတူ အခြားအုပ်စုသို့စေလွှတ်ပါ။

၁၁။ ပထမအုပ်စုကဖော်ပြရန် ပျက်ကွက်သော အချက်အလက်များကို ဒုတိယအုပ်စုနှင့် အခြားအုပ်စုများက ဖြည့်စွက်ပေးသွားကြမည်ဖြစ်သည်။

၁၂။ အခြားအဖွဲ့များက တင်ပြဆွေးနွေးပြီးသား အချက်အလက်များကို ထပ်မံတင်ပြ ဆွေးနွေးခြင်း မပြုရပါ။

၁၃။ ဤသို့ဖြင့် အုပ်စုအားလုံးတို့သည် အကြောင်းအရာခေါင်းစဉ်များ အားလုံးတို့အပေါ် ပြန်လည် ထင်ဟပ်သုံးသပ်ခြင်းပြုလုပ်ကြမည်။ ၎င်းတို့ထံသို့ အုပ်စုခေါင်းဆောင် ပြန်ရောက်လာသောအခါ ရရှိလာသော အချက်များကို ပြန်လည်သုံးသပ်ကြမည်။

၁၄။အုပ်စုခေါင်းဆောင်များက ၎င်းတို့မှတ်တမ်းတင်ထားသော အချက်အလက်များကို အတန်းသားများအား တင်ပြရှင်းလင်းစေပါ။

၁၅။ ကမ္ဘာ့မြေပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှုများကို ထိန်းသိမ်းစောင့်ရှောက်ရန် အရေးကြီးမှုနှင့် ၎င်းတို့အားလုံးသည် တစ်ဦးချင်းအားဖြင့်ဖြစ်စေ၊ သို့မဟုတ် အုပ်စုနှင့် အဖွဲ့အစည်းအားဖြင့်ဖြစ်စေ မည်သို့ပါဝင်လုပ်ဆောင်နိုင်သည်ဟူသော အချက်များ အပါအဝင် သင်ခန်းစာကိုအနှစ်ချုပ်ပါ။

## နီးနှောဖလှယ်ပွဲအတွက် အကြောင်းအရာကိုခွဲခြမ်းစိတ်ဖြာလျက်အနှစ်ချုပ်ရန်လမ်းညွှန်နမူနာ

| အကြောင်းအရာ | အကျဉ်းချုပ်အချက်များ |
|---|---|
| သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း ဆိုသည်မှာ အဘယ်နည်း။(အုပ်စု ၁) | |
| သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း ၏ အဓိက ပြဿနာများကား အဘယ်တို့နည်း။(အုပ်စု ၂) | |
| သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း ပါဝင်ဆောင်ရွက်ရန် သင် ဘာလုပ်နိုင်သနည်း။(အုပ်စု ၃) | |
| သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းကို ကူညီပေးရန် မည်သည့်အရာကို သင်တစ်ဦးတည်း မလုပ်နိုင်ပါသနည်း။ (အုပ်စု ၄) | |

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုလုပ်ငန်း(၃) ကိုလုပ်ဆောင်နေစဉ် သင်ယူနေစဉ်စစ်ဆေးခြင်းများကို ပြုလုပ်နိုင်ပါသည်။ ကျောင်းသားများအားအချိန်ကိုသတိပေးပါ။ မေးခွန်းတစ်ခုအတွက်ဆွေးနွေးချိန် (၄) မိနစ်သာ ရပါသည်။ မေးခွန်းတစ်ခုစီအတွက်အဖြေတူများ ထပ်မပေးရပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများက မေးခွန်းတစ်ခုစီအတွက် အဖြေများပေးရပါမည်။ အခြားအဖွဲ့များက ပေးပြီးသော အဖြေများကို ထပ်မပေးရပါ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** သင်ယူမှုမြန်သော ကျောင်းသားများအား မျှဝေသော လုပ်ငန်းတွင် ပါဝင်ကြရန် အားပေးပြီး ပါဝင်မှုကို အသိအမှတ်ပြုပေးပါ။

**သင်ယူမှုလုပ်ငန်း ၂။** သင်ခန်းစာအားကြိုတင်လေ့လာရန် ပျက်ကွက်ကြသူများသည် စာဖတ်ချိန် ပိုယူနိုင်ပါသည်။ ထိုကျောင်းသားမျိုးကို သတိပြုကြည့်ရှုပြီး ကြိုတင်ပြင်ဆင်မှု အားကောင်းသူနှင့် တွဲပေးပြီး အချင်းချင်းသင်ယူကြပါစေ။

**သင်ယူမှုလုပ်ငန်း ၃။** မိမိကိုယ်မိမိ ယုံကြည်မှုအားနည်းသူများသည် အဖြေပေးရန် အခွင့်အလမ်းများ ဆုံးရှုံးသွားနိုင်ပါသည်။ ဆရာက နီးနှောဖလှယ်ပွဲကို စောင့်ကြည့်ပြီး ထိုသူများဖြေဆိုခွင့်ရရန် အားပေးပါ။

## ၅.၁.၂။
## သဘာဝဘေး အန္တရာယ်ဖြစ်နိုင်ခြေ လျှော့ချရေး

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- သဘာဝဘေးအန္တရာယ်ဖြစ်နိုင်ခြေလျှော့ချရေး၏ အဓိပ္ပာယ်ကိုရှင်းပြတတ်မည်။
- ကလေးအရွယ်လိုက်ဖွံ့ဖြိုးခြင်းဆိုင်ရာ သီအိုရီများကို မူလတန်းအဆင့် သဘာဝဝန်းကျင် ထိန်းသိမ်းခြင်းနှင့် ဘေးအန္တရာယ် ဖြစ်နိုင်ခြေလျှော့ချခြင်း သင်ခန်းစာများ သင်ကြားရာတွင် မည်သို့ ထည့်သွင်းစဉ်းစားနိုင်ကြောင်း ဥပမာများ ပေးတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ-**
(က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။
(က)(၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။
(ခ)(၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်းပြသည်။

**အချိန်** - မိနစ် (၅၀)ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ-** ဉာဏ်ဖွင့်ဆွေးနွေးခြင်း၊ တွေးတွဲမျှဝေသင်ယူခြင်း၊ အုပ်စုလုပ်ငန်း၊ ပုံပြင်ဖန်တီးခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ-** ကျောင်းသားများအား သင်ခန်းစာ ၅.၁.၂ သဘာဝဘေး အန္တရာယ်ဖြစ်နိုင်ခြေလျှော့ချရေးအားကြိုတင်ဖတ်ရှုရန် သတိပေးရန် ဖြစ်သည်။

**လိုအပ်သောရင်းမြစ်များ-** ပထမတန်းမှ ပဉ္စမတန်းအထိ မူလတန်း ဘဝတွက်တာ ကျွမ်းကျင်စရာ ကျောင်းသုံးစာအုပ်များ၊ ပတ်ဝန်းကျင် လေ့လာသင်ယူရေးစက်ဝိုင်း၊ A4 စာရွက်များ။

## သင်ယူမှုလုပ်ငန်းများ

### သင်ယူမှုလုပ်ငန်း (၁) - အတန်းလိုက်ဆွေးနွေးခြင်း (၁၅မိနစ်)

၁။ "အန္တရာယ် + ခုခံကာကွယ်နိုင်စွမ်းနည်းပါး + စွမ်းဆောင်ရည်နိမ့်ကျ = ဘေးအန္တရာယ်" ကို သင်ပုန်းပေါ်တွင် ရေးသားပါ။

၂။ အတန်းလိုက်ဆွေးနွေးရန် အောက်ပါမေးခွန်းများကို တစ်ခုပြီးတစ်ခုမေးပါ။ မေးခွန်းတစ်ခု မေးပြီးတိုင်း ဖြေစေလိုသူကျောင်းသား၏ အမည်ကိုခေါ်ပြီး မေးမြန်းပါ။

မေးခွန်းများ

- "အန္တရာယ်"က ဘယ်လိုအချိန်အခါ၊ အခြေအနေမှာ "ဘေးအန္တရာယ်" ဖြစ်သွားသလဲ။
- သဘာဝဘေးအန္တရာယ်ဖြစ်နိုင်ခြေလျှော့ချရေး (DRR)ရဲ့ ရည်ရွယ်ချက်က ဘာတွေလဲ။
- သဘာဝဘေးအန္တရာယ်ဖြစ်နိုင်ခြေလျှော့ချရေး ဥပမာတွေကိုပြောပြပါ။
- သဘာဝဘေးအန္တရာယ်ဖြစ်နိုင်ခြေလျှော့ချရေးမှာ ဘာလုပ်ငန်းတွေ ပါဝင်သလဲ။
- ကျောင်းချိန်အတွင်းမှာ သဘာဝ ဘေးအန္တရာယ်တစ်ခုဖြစ်ပွားရင် ကလေးတွေရဲ့ဘေးကင်း လုံခြုံရေးအတွက် ဘယ်သူ့မှာ တာဝန်ရှိသလဲ။

၃။ မေးခွန်းတစ်ခု၏အဖြေကိုရပြီးနောက် အခြားကျောင်းသားများ၏အတွေးထင်မြင်ချက်များ ကိုဖိတ်ခေါ်ပြီး အတန်းဆွေးနွေးပွဲကိုဦးဆောင်ပေးပါ။

၄။ ဆွေးနွေးချက်များကိုအနှစ်ချုပ်ပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုလုပ်ငန်း (၁)ကို လုပ်ဆောင်နေစဉ် သင်ယူနေစဉ်စစ်ဆေးခြင်းများကို ပြုလုပ်နိုင်ပါသည်။ ကျောင်းသားများသည် ၎င်းတို့ကြိုတင်လေ့လာခဲ့သော အကြောင်းအရာများကို ပြန်လည်မှတ်မိကြပါသလား။ နာမည်အခေါ်ခံရသောကျောင်းသားသည် ဖြေဆိုရန် အခက်အခဲတွေ့နေပါက အဖြေကို စဉ်းစားနိုင်စေရန် သဲလွန်စများပေးပြီး ပံ့ပိုးပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် မေးခွန်းများကို ဖြေဆိုနိုင်စေရန် မိမိတို့လေ့လာခဲ့သည်များကို ပြန်လည်မှတ်မိရန်ဖြစ်သည်။ ဆွေးနွေးပွဲတွင်ပါဝင်ပြီး မိမိတို့၏ ထင်မြင်ချက်များကို မျှဝေရပါမည်။

## သင်ယူမှုလုပ်ငန်း (၂) - စက်ဝိုင်းအတွင်းဖြည့်သွင်းပါ (၁၀ မိနစ်)

၁။ အုပ်စု(၅)စု ဖွဲ့စည်းပါ။

၂။ ပထမတန်းမှ ပဉ္စမတန်းအထိ ဘဝတွက်တာကျွမ်းကျင်စရာ ကျောင်းသုံးစာအုပ်များ ရှိရပါမည်။

၃။ အုပ်စုငါးစုအား မတူညီသော အတန်း တစ်တန်းစီ တာဝန်ပေးပါ။ တစ်အုပ်စုလျှင် ဘဝတွက်တာကျွမ်းကျင်စရာ ကျောင်းသုံးစာအုပ်၃ အုပ်ဝေပေးပါ။

၄။ ကျောင်းသားများအား ဝေငှပေးထားသည့် ကျောင်းသုံးစာအုပ်ရှိ သဘာဝဝန်းကျင် ထိန်းသိမ်းလို့ လိုက်လျောညီထွေနေထိုင်စို့နယ်ပယ်မှ သင်ခန်းစာများကိုကြည့်ကြပါစေ။


၅။ မိမိတို့ ရရှိထားသော အတန်းတွင် ပါဝင်သော သင်ခန်းစာသည် ကလေးများ စာသင်ခန်း၊ ကျောင်း၊ အိမ် (သို့မဟုတ်) လူ့အဖွဲ့အစည်းတွင်ရှိနေစဉ် ဖြစ်လာသော ဘေးအန္တရာယ်မှ လျှော့ချရန် သင်ပေးသော သင်ခန်းစာဖြစ်သည်ကို ဆုံးဖြတ်ပါစေ။

၆။ ထိုသို့ဆုံးဖြတ်ပြီးနောက် သက်ဆိုင်ရာစက်ဝိုင်းအတွင်းတွင် သင်ခန်းစာ၏အမည်ကို ရေးကြပါမည်။

၇။ အုပ်စုတစ်ခုစီသည် အတန်းတိုင်းအား ကြည့်ရှုနိုင်သည့်အခွင့်အရေး ရရှိစေရန် အလို့ငှာ ကျောင်းသုံးစာအုပ်များကို အုပ်စုများအကြား လှည့်သွားစေရန် စီစဉ်ပေးပါ။

၈။ အတန်းလိုက်အနေဖြင့် ၎င်းတို့၏တွေ့ရှိချက်များကို ပြန်လည်သုံးသပ်ဆွေးနွေးပါစေ။

၉။ တွေ့ရှိချက်များကို တစ်တန်းလုံးနှင့် ထင်ဟပ်သုံးသပ်ပြပါ။




**ပုံ (၅.၁) သဘာဝပတ်ဝန်းကျင်အကြောင်းသင်ယူမှု စက်ဝိုင်း**



### စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုလုပ်ငန်း (၂)ကို လုပ်ဆောင်နေစဉ် သင်ယူနေစဉ်စစ်ဆေးခြင်းများကို ပြုလုပ်နိုင်ပါသည်။ အုပ်စုအားလုံးသည် အတန်းအားလုံးကို လေ့လာခွင့်ရစေရန် အချိန်သတ်မှတ်ပေးပြီး စာအုပ်များကိုလှည့်ပေးရန် ကျောင်းသားအုပ်စုများအား သတိပေးပါ။ ဤလုပ်ငန်း၏ရည်ရွယ်ချက်မှာ သင်ခန်းစာများသည် အတန်းအလိုက် ကလေးမှရပ်ရွာ၊ ဒေသသို့ တဖြည်းဖြည်း ချဲ့ထွင်သွားကြောင်း ထင်ဟပ်သုံးသပ်တတ်စေရန် ဖြစ်ပါသည်။



### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် သဘာဝဝန်းကျင်ထိန်းသိမ်းလို့လိုက်လျောညီထွေနေထိုင်စို့ နယ်ပယ်မှ သင်ခန်းစာများသည် အတန်းအလိုက် ချဲ့ထွင်သွားကြောင်း လေ့လာတွေ့ရှိရန်ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၃) - အုပ်စုလုပ်ငန်း (၂၀ မိနစ်)

၁။ ကျောင်းသား (၆)ဦးပါသော အဖွဲ့များဖွဲ့ပါ။

၂။ အုပ်စုလုပ်ငန်းအတွက် ညွှန်ကြားချက်များကို အောက်ပါအတိုင်းပေးပါ။

- ငလျင်၊ မြေပြိုခြင်း၊ ရေကြီးရေလျှံခြင်း၊ မိုးသည်းထန်ခြင်းစသော ဘေးအန္တရာယ် အကြောင်း သင်ခန်းစာများကို လေ့လာပါ။
- သင်ခန်းစာတစ်ခုမှ သင်ယူမှုလုပ်ငန်းတစ်ခုကိုရွေးပါ။
- ထိုသင်ယူမှုလုပ်ငန်းသည် ကလေးများ၏အတန်းနှင့် အရွယ်လိုက်ဖွံ့ဖြိုးမှုများ ကိုက်ညီမှုရှိကြောင်း အကြောင်းပြချက်များပေးပါ။
- ရွေးချယ်ထားသော သင်ယူမှုလုပ်ငန်းအတွက် အကြောင်းပြချက်များ ပေးနိုင်ရန် ကျောင်းသားကိုင်စာအုပ် "သင်ခန်းစာ ၅.၁.၂ မှ ဘေးအန္တရာယ်ဖြစ်နိုင်ခြေ လျှော့ချရေး အကြောင်းကို စာသင်ခန်းအတွင်း အသုံးပြုခြင်း" ကို ကိုးကားပါ။

၃။ အုပ်စုများအား တွေ့ရှိချက်များကို တင်ပြကြပါစေ။

၄။ အုပ်စုတစ်စု တင်ပြပြီးတိုင်း သင်ယူမှုလုပ်ငန်းနှင့် ကလေးများ၏ အရွယ်လိုက် ဖွံ့ဖြိုးမှုတို့ သည် ကိုက်ညီကြောင်းတင်ပြချက်အပေါ် အခြားအုပ်စုများ၏ထင်မြင်ချက်များကို ဖိတ်ခေါ် ပါ။

၅။ သင်ယူမှုလုပ်ငန်းများကို ကလေးဖွံ့ဖြိုးမှု ရှုထောင့်မှကြည့်၍ အနှစ်ချုပ်ပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုလုပ်ငန်း(၃)ကို လုပ်ဆောင်နေစဉ် သင်ယူနေစဉ်စစ်ဆေးခြင်းများကို ပြုလုပ်နိုင်ပါသည်။ ကျောင်းသားများအား မူလတန်း ကလေးများအတွက် သင်ယူမှုလုပ်ငန်းပေးရန် အရွယ်လိုက် ဖွံ့ဖြိုးမှုကို ထည့်သွင်းစဉ်းစားရန်လိုအပ်ကြောင်းသတိပေးပါ။ လိုက်ဖက်ညီသော ကလေးအရွယ် လိုက် ဖွံ့ဖြိုးမှု မရှိသူများကို သဲလွန်စပေးပြီးကူညီပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများက ညွှန်ကြားချက်များကိုလိုက်နာပြီး သင်ယူမှုလုပ်ငန်း၊ ကလေးများ၏ အတန်းနှင့် အရွယ်လိုက်ဖွံ့ဖြိုးမှုများ ကိုက်ညီမှုရှိကြောင်း အကြောင်းပြချက်များ ပေးရပါမည်။

## ထပ်ဆောင်းလုပ်ဆောင်ရန် နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** မိမိကိုယ်မိမိ ယုံကြည်မှု အားနည်းသူများကို ဆွေးနွေးပွဲတွင် ပါဝင်လာစေပြီး ထိုပါဝင်မှုကို အသိအမှတ်ပြုပေးပါ။

**သင်ယူမှုလုပ်ငန်း ၂။** သင်ယူတတ်မြောက်မှု မြန်သည့်အုပ်စုများက လုပ်ငန်းကို စောစွာပြီးနေပါက ၎င်းတို့အား ပေးရန် မူလတန်းဖတ်စာအုပ်များ အပိုဆောင်ထားရပါမည်။

**သင်ယူမှုလုပ်ငန်း ၃။** သင်ယူမှုလုပ်ငန်း၊ ကလေးများ၏ အတန်း နှင့် အရွယ်လိုက်ဖွံ့ဖြိုးမှုများ ရှာဖွေရန် အားဖြည့်ပေးမှုလိုအပ်သူကျောင်းသားများ ပါဝင်နေပါက အုပ်စုအတွင်းရှိ သင်ယူမှု အားကောင်းသူများနှင့် အတူတွဲလုပ်နိုင်ရန် အုပ်စုများကို ပြန်လည်ဖွဲ့စည်းပေးနိုင်ပါသည်။

## ၅.၁.၃။ ဘေးအန္တရာယ်ကျရောက်ပြီးနောက် ကျောင်းသားများ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာပျော်ရွှင်ရေး

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- ဘေးအန္တရာယ်ကျရောက်ပြီးနောက် စိတ်ဒဏ်ရာရနေသော ကျောင်းသားများအား ကူညီပေးနိုင်မည့် နည်းလမ်းများကို ဖော်ထုတ်တတ်မည်။
- ဘေးအန္တရာယ်ကျရောက်ပြီးနောက် စိတ်ဒဏ်ရာရနေသော ကျောင်းသားတစ်ဦး အကြောင်း ဖြစ်ရပ်ကို ဖန်တီးရေးသားတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ-**
(က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့်သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘောပေါက်ကြောင်း ပြသသည်။
(က)(၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။
(ခ)(၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်း ပြသည်။

**အချိန်** - မိနစ် (၅၀)ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ-** အုပ်စုဖြင့်လုပ်ဆောင်ခြင်း၊ နှစ်ယောက်တွဲစုပေါင်း စဉ်းစားခြင်း၊ တင်ပြခြင်း၊ ဖြစ်ရပ်လေ့လာခြင်း၊ မေးခွန်းများမေးခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ-** ကျောင်းသားများသည် သင်ခန်းစာ ၅.၁.၃ ကျောင်းသားများ၏ လူမှုစိတ်ပိုင်းဆိုင်ရာ ပျော်ရွှင်ချမ်းသာမှုကို ကြိုတင် ဖတ်ရှုကြရန် ဖြစ်သည်။

**လိုအပ်သောရင်းမြစ်များ-**ကျောင်းသားကိုင်စာအုပ်တွင်ပါသော ဖြစ်ရပ်လေ့လာခြင်း။

**သင်ယူမှုလုပ်ငန်းများ**

**သင်ယူမှုလုပ်ငန်း (၁) - မိတ်ဆက်ခြင်း (၅ မိနစ်)**

၁။ "စိတ်ဒဏ်ရာ" နှင့် "ဘေးအန္တရာယ်နှင့် ကြုံတွေ့ပြီးနောက် စိတ်ဒဏ်ရာရရှိမှု"ဝေါဟာရများကို အတန်းသားများအား မိတ်ဆက်ပြောပြပါ။

၂။ ဒေသန္တရဘေးအန္တရာယ်တစ်ခု ဖြစ်ပွားပြီးနောက် ကလေးငယ်များ၏ လူမှုစိတ်ပိုင်းဆိုင်ရာ ပြန်လည်ကျန်းမာရေးကို ပြန်လည်တည်ဆောက်ပေးခြင်းနှင့် မြှင့်တင်ပေးခြင်းတို့သည် ဆရာများနှင့် ကျောင်းအုပ်ချုပ်ရေးအကြီးအကဲများအဖို့ အရေးကြီးသော လုပ်ငန်းတစ်ခု ဖြစ်ကြောင်း အတန်းသားများအား ပြောပြပါ။

၃။ အောက်ပါမေးခွန်းများကို မေးမြန်းပါ -

- ဘေးအန္တရာယ်တစ်ခုကို ကြုံတွေ့ခဲ့ဖူးသလား။
- ဘေးအန္တရာယ်တစ်ခုအကြောင်း ရိုက်ကူးထားသော ရုပ်ရှင်ကားတစ်ကားကို ကြည့်ဖူးသလား။
- မည်သို့သော ဘေးဒုက္ခ အကျိုးဆက်များကို သင်သတိပြုမိခဲ့သနည်း။ သင့်အတွေ့အကြုံနှင့် ခံစားချက်များကို အတန်းသားများအား ဝေမျှပြောပြပါ။

၄။ ဘေးအန္တရာယ်တစ်ခုဖြစ်ပွားပြီးနောက် ကျောင်းသားများ၏ လူမှုစိတ်ပိုင်းဆိုင်ရာ ပျော်ရွှင်မှုရရှိရေး ပံ့ပိုးပေးခြင်း၏ အရေးပါမှုကို ထည့်သွင်းလျက် အနှစ်ချုပ်ရေးသားပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုလုပ်ငန်း (၁) ကိုလုပ်ဆောင်နေစဉ် သင်ယူနေစဉ် စစ်ဆေးခြင်းများကို ပြုလုပ်နိုင်ပါသည်။ မိတ်ဆက်ပေးသော အပိုင်းဖြစ်၍ ကျောင်းသားများသည် ဘေးအန္တရာယ်တစ်ခု၏ အကျိုးသက်ရောက်မှုများကို သတိပြုမိစေရန် ဖြစ်သောကြောင့် မိမိတို့၏ အတွေ့အကြုံများကို မျှဝေကြစေရန် ကျောင်းသားများအားလှုံ့ဆော်ပေးပါ။ အတွေ့အကြုံများ မျှဝေခြင်းကို အကဲဖြတ်ပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် မိမိတို့၏ အတွေ့အကြုံများကိုမျှဝေကြရန်နှင့် ဘေးအန္တရာယ်တစ်ခု၏ အကျိုးသက်ရောက်မှုကို ဆွေးနွေးကြရန် ဖြစ်သည်။

## သင်ယူမှုလုပ်ငန်း (၂) - တိုးတက်မှုလေ့လာချက် (၁၅ မိနစ်)

၁။ အဖွဲ့ဝင် (၅)ဦးပါ အုပ်စုများဖွဲ့စည်းပါ။

၂။ ၎င်းတို့ကို သင်ခန်းစာ ၅.၁.၃ "ကျောင်းသားများ၏ လူမှုစိတ်ပိုင်းဆိုင်ရာ ပျော်ရွှင်ချမ်းသာမှု" အကြောင်း ပြန်လှန်သုံးသပ် ဆွေးနွေးကြပါစေ။

၃။ အတန်းလိုက်ဆွေးနွေးမှုပုံစံကို ဦးဆောင်ပေးရန် အောက်ပါမေးခွန်းများကိုမေးပါ။

- ဘေးအန္တရာယ်ဖြစ်ပွားတဲ့အတွက်ကြောင့် စိတ်ဒဏ်ရာရနေတဲ့ ကျောင်းသားတွေကို ကုစားနိုင်တဲ့ နည်းလမ်းတချို့က ဘာတွေလဲ။

၄။ ကျောင်းသားများထံမှ ရနိုင်သမျှအဖြေများကိုဆွဲယူပါ။

၅။ အုပ်စုများအား၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်တွင် ပါသော "ထက်" ၏ ဖြစ်ရပ်လေ့လာခြင်းကို ဖတ်ကြပါစေ။

## ဖြစ်ရပ်လေ့လာခြင်း

"ထက်" သည် မြေလျောင်လှုပ်ပြီးနောက် မပျက်မကွက် ကျောင်းတက်နေသည့် မူလတန်း ကျောင်းသူ တစ်ဦး ဖြစ်သည်။ သူမသည် တစ်ရက်မျှပင် ကျောင်းတက် ပျက်ကွက်မှု မရှိခဲ့ပေ။ သူမသည် ကျောင်းစာများကို အလွန်ကြိုးစားပမ်းစား လုပ်ဆောင်နေဟန်ရှိပြီး ကျောင်းတွင် အလွန်အေးဆေးတည်ငြိမ်ကာ စည်းကမ်းလိုက်နာသူဖြစ်သည်။ သူမ၏ဆရာက ထက် သည် အမှန်တကယ် ပင်ပန်းနွမ်းနယ်လျက် ပျော်ရွှင်မှု မရှိသည်ကို သတိပြုမိသော်ငြားလည်း သူမသည် မြေလျောင်ဖြစ်ပွား ပြီးနောက် အခြေအနေကို ကောင်းစွာ ရင်ဆိုင်နိုင်သည်ဟု ထင်မှတ်ထားသည်။ အားလပ်ချိန်များတွင် သူမ၏ အတန်းဖော်များထဲမှ မည်သူနှင့်မျှ အပြန်အလှန်ဆက်ဆံမှု မပြုလုပ်တော့သည်ကိုလည်း ဆရာက သတိထားမိသည်။ အတန်းဖော်များနှင့် ဆက်ဆံမှုပြုရမည့် အစား ထောင့်တစ်ထောင့်တွင် ထိုင်လျက် စာဖတ်နေသည်။ ကျောင်းစာအလုပ်များကို အမှန်တကယ်ပင် ကောင်းစွာ လုပ်ဆောင်နိုင်လျက် ရမှတ်ကောင်းများ ဆက်လက်ရရှိအောင် ထိန်းသိမ်းထားနိုင်ဆဲ ဖြစ်သောကြောင့် ဆရာက ထက်၏ အခြေအနေ အရပ်ရပ်သည် ကောင်းမွန်နေပြီး အမှားအယွင်း တစ်စုံတစ်ရာမရှိဟု တွေးထင်ထား လေသည်။

***ထက်၏ဆရာ တွေးထင်ထားသည်ကို သင်သဘောတူပါသလား။ အဘယ်ကြောင့်နည်း။ သဘောမတူလျှင် ဆရာ့အနေဖြင့် ဘာလုပ်သင့်သနည်း။***

၆။ ထက်၏ အပြုအမူ ပြောင်းလဲစေရန် မည်သို့ပြုလုပ်မည်ဆိုသည့် ၎င်းတို့၏ စဉ်းစား တွေးတောမှုကို အုပ်စုတစ်ခုမှ တစ်ဦးကျ တင်ပြပါစေ။

၇။ ဆွေးနွေးချက်များနှင့်တင်ပြချက်များကို အနှစ်ချုပ်ပေးပါ။

### စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုလုပ်ငန်း (၁) ကိုလုပ်ဆောင်နေစဉ် သင်ယူနေစဉ် စစ်ဆေးခြင်းများကို ပြုလုပ်နိုင်ပါသည်။ အတန်းကို လှည့်လည်ကြည့်ရှုပြီး ကျောင်းသားများအား ၎င်းတို့၏ သင်ခန်းစာကို အခြေခံပြီး စိတ်ကူးနှင့်ထင်မြင်ချက်များကို အုပ်စုသို့မျှဝေပေးရန် အားပေးပါ။

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် ထက်၏ ဖြစ်ရပ်ကိုဖတ်ပြီး ပြဿနာဖြေရှင်းရန်ဖြစ်သည်။ ၎င်းတို့သည် ကျောင်းသားကိုင်စာအုပ်တွင်ပါသော စိတ်ဖိစီးမှုနှင့် စိတ်ဒဏ်ရာကို လျှော့ချသည့် နည်းလမ်းများကို ကိုးကားသင့်ပါသည်။

## သင်ယူမှုလုပ်ငန်း ၃။ အုပ်စုလုပ်ငန်း -ဖြစ်ရပ်လေ့လာမှုတစ်ခု ဖန်တီးခြင်း (၁၅ မိနစ်)

၁။ ပြီးခဲ့သောသင်ခန်းစာကိုပြန်လှန်သုံးသပ်ရန် အောက်ပါမေးခွန်းများကိုမေးပြီး ကျောင်းသား တစ်ဦးအား ဖြေဆိုပါစေ။

- ဘေးအန္တရာယ်နှင့် ကြုံတွေ့ပြီးနောက် စိတ်ဒဏ်ရာရခြင်းဆိုဆိုသည်မှာ မည်သည် ကို ဆိုလိုပါသနည်း။
- ဘေးအန္တရာယ်နှင့် ကြုံတွေ့ပြီးနောက် စိတ်ဒဏ်ရာရနေသော ကျောင်းသားတစ်ဦး ကို ကူညီနိုင်မည့် နည်းလမ်းများကို ဖော်ပြပါ။

၂။ အတန်းအား(၆)ဦးပါသော အုပ်စုများဖွဲ့ပေးပါ။

၃။ အုပ်စုများအား ဖြစ်ရပ်တစ်ခုရေးရန် အောက်ပါ ညွှန်ကြားချက်များကို ပေးပါ။

- သင်တို့၏ကျောင်းသားများသည် ဘေးအန္တရာယ်တစ်ခုနှင့် ရင်ဆိုင်ခဲ့ရသည်။ ကျောင်းသားတစ်ယောက်က ဘေးအန္တရာယ်ဖြစ်ပြီးချိန်တွင် စိတ်ဒဏ်ရာရရှိ သွားသည်။
- အဆိုပါစိတ်ကူးထဲက ကျောင်းသားအကြောင်း ဖြစ်ရပ်ကိုရေးပါ။
- မည်သည့်ဘေးအန္တရာယ်ဖြစ်သည်ကို ဖော်ပြပါ။
- ဘေးအန္တရာယ်ဖြစ်ပြီး (၂) ပတ်အကြာတွင် ကျောင်းသားက မည်သို့ပြုမူလာ သနည်းကို ရှင်းပြပါ။
- ကျောင်းသား၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ အခြေအနေကိုလည်း ဖော်ပြပါ။
- မည်သည့်စိတ်ဒဏ်ရာမျိုးဖြစ်သည်ကိုလည်းဖော်ပြပါ။
- စိတ်ဒဏ်ရာ ရနေသူကို ဆရာတစ်ဦးအနေနှင့် မည်သည့်အရာများပြုလုပ်ပေးမည် ဟူသော ဆုံးဖြတ်ချက်ကိုလည်းရေးပါ။ အဘယ်ကြောင့် ဤကဲ့သို့ပြုလုပ်ပေးသည် ကိုလည်း ရှင်းပြရပါမည်။

၄။ အုပ်စုများအား တင်ပြကြပါစေ။

၅။ ကျောင်းသားများအား အဖွဲ့များတင်ပြသော စိတ်ဒဏ်ရာရသူကျောင်းသားအား ကုစားသည့် နည်းလမ်းများကို မှတ်တမ်းပြုစုထားရန် အားပေးပါ။

၆။ ကျောင်းသားများ၏ လုပ်ငန်းများကို အသိအမှတ်ပြုပေးပြီး အနှစ်ချုပ်ပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုလုပ်ငန်း (၃)ကို လုပ်ဆောင်နေစဉ် သင်ယူနေစဉ် စစ်ဆေးခြင်းများကို ပြုလုပ်နိုင်ပါသည်။ ကျောင်းသားများသည် ဖြစ်ရပ်လေ့လာမှုတစ်ခု အုပ်စုဝင်အားလုံး ပူးပေါင်းပြီး ဖန်တီးနိုင်ကြပါရဲ့လား ဆိုသည်ကို စစ်ဆေးအကဲဖြတ်ရပါမည်။ ဖြစ်ရပ်လေ့လာမှု၏ မြင်ကွင်းကို ပုံပေါ်အောင် ရေးသားရန် အားပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် ညွှန်ကြားချက်အားလုံးပါဝင်အောင်စဉ်းစားပြီး ဖြစ်ရပ်လေ့လာမှု တစ်ခုကိုပြုစုပြီး ကျောင်းသားခံစားနေရသော စိတ်ဖိစီးမှုဒဏ်ရာကို လျော့ကျစေရန် နည်းလမ်းများ ရှာဖွေကြရပါမည်။

## သင်ယူမှုလုပ်ငန်း (၄) - ပြန်လည်ထင်ဟပ်သုံးသပ်ခြင်းနှင့် ဆွေးနွေးခြင်း (၁၀ မိနစ်)

၁။ ကျောင်းသားများအား စိတ်ဖိစီးမှုအမျိုးအစား (၃) မျိုးကိုပြန်လှန်သုံးသပ်ပါစေ။

၂။ အောက်ပါမေးခွန်းများကို တစ်တန်းလုံးနှင့် ဆွေးနွေးပါ။

- မူလတန်းကျောင်းသားများ၏စိတ်ဖိစီးမှုကို မည်သို့လျှော့ချပေးနိုင်ပါသနည်း။
- အပြုသဘောဆောင်တဲ့ သင်ယူမှုဝန်းကျင်ကို မည်သို့တည်ဆောက်နိုင်ပါသနည်း။

၃။ ကျောင်းသားများအား ၎င်းတို့သင်ယူခဲ့သော ပညာရေးလေ့လာမှု ဘာသာရပ်မှ အသိပညာများကို ထင်ဟပ်သုံးသပ်ပြီး ဖြေဆိုရန် အားပေးပါ။

၄။ အချက်အလက်များကို အနှစ်ချုပ်ပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုလုပ်ငန်း(၄)ကို လုပ်ဆောင်နေစဉ် သင်ယူနေစဉ် စစ်ဆေးခြင်းများကိုပြုလုပ်နိုင်ပါသည်။ ကျောင်းသားများသည် အပြုသဘောဆောင်သော သင်ယူမှုဝန်းကျင်အား ပညာရေးဘာသာရပ်မှ သဘောတရားများကို ထည့်သွင်းဖန်တီးနိုင်ကြပါရဲ့လား ဆိုသည်ကို စစ်ဆေးအကဲဖြတ်ရပါမည်။ ဤလုပ်ငန်းသည် အတန်းစီမံခန့်ခွဲမှုနှင့်လည်း ချိတ်ဆက်နေပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် မေးခွန်းများကိုဖြေဆိုရာတွင် ပညာရေးဘာသာရပ်မှ သဘောတရားများကို ထည့်သွင်းစဉ်းစားကြရပါမည်။ အပြုသဘောဆောင်သော သင်ယူမှုဝန်းကျင်သည် ကျောင်းသားများ ခံစားနေရသော စိတ်ဖိစီးမှုဒဏ်ရာကို လျော့ပါးစေနိုင်ကြောင်း သိမြင်ကြရပါမည်။

## ကျောင်းသားများ၏ နားလည်မှုကိုစစ်ဆေးခြင်း (၅ မိနစ်)

၁။ ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်များသည် ဘေးအန္တရာယ်ကျရောက်ပြီးနောက် စိတ်ဒဏ်ရာရနေသော ကျောင်းသားများအား ကူညီပေးနိုင်သော နည်းလမ်းများကို ဖော်ထုတ်နိုင်ရန်နှင့် ဘေးအန္တရာယ်ကျရောက်ပြီးနောက် စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုနှင့် ကြောက်လန့်မှု ရနေသော ကျောင်းသားတစ်ဦး အကြောင်း ဖြစ်ရပ်ကို ဖန်တီးရေးသားနိုင်ရန်ဖြစ်ကြောင်းပြောပါ။

၂။ ဤသင်ခန်းစာမှရရှိသွားသော ဆရာများအတွက် စံသတ်မှတ်ထားသော တတ်ကျွမ်းမှုများသည် ဘာသာရပ်ဆိုင်ရာအသိပညာနှင့် သင်ရိုးညွှန်းတမ်းအကြောင်းအရာများနှင့် သက်ဆိုင်ကြောင်း ပြောပြပါ။

၃။ ဘေးအန္တရာယ်ကျရောက်ပြီးနောက် စိတ်ဒဏ်ရာ ရနေသော ကျောင်းသားများအား ကူညီပေးနိုင်သော နည်းလမ်းများကို ဖော်ထုတ်ရန်နှင့် ဘေးအန္တရာယ်ကျရောက်ပြီးနောက် စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုနှင့် ကြောက်လန့်မှု ရနေသော ကျောင်းသားတစ်ဦးအကြောင်း ဖြစ်ရပ်ကို ဖန်တီးရေးသားနိုင်ရန် ၎င်းတို့သည် သင်ရိုးတွင်ပါသောအကြောင်းအရာများကိုလေ့လာပြီး သင်ယူမှုလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ခြင်းဖြင့် သက်ဆိုင်ရာ တတ်ကျွမ်းမှုများကို ရရှိခဲ့ကြကြောင်း အသိပေးပါ။

၄။ ဤသို့ သင်ယူခြင်းအားဖြင့် ၎င်းတို့သည် အရည်အသွေးပြည့်ဝပြီး ယုံကြည်မှု အပြည့်အဝ ရှိသော မူလတန်းဆရာများ ဖြစ်လာကြမည် ဖြစ်ကြောင်း သတိပေး ပြောကြားပါ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** သင်ယူမှုမြန်သော ကျောင်းသားများအား ဆွေးနွေးပွဲတွင် ဦးဆောင်ပါဝင်စေပြီး အတွေ့အကြုံများဖလှယ်ရန်၊ သတင်းအချက်အလက် ထပ်မံရရှိစေရန် မေးခွန်းများမေးရန် စေ့ဆော်ပေးပါ။

**သင်ယူမှုလုပ်ငန်း ၂။** လျင်မြန်သောအဖွဲ့များသည် အခြားအဖွဲ့များထက် စောစွာပြီးနေပါက စိတ်ဒဏ်ရာရသူ ကျောင်းသားများအား ကူညီပေးနိုင်သော အခြားနည်းလမ်းများကိုလည်း မှတ်စုရေးထားရန်ပြောပါ။ ၎င်းကျောင်းသားများသည် အတန်းဆွေးနွေးပွဲကိုဦးဆောင်ကြပါလိမ့်မည်။ အခြား ကျောင်းသားများအား ဆွေးနွေးချက်များကို ထောက်ပံ့ပေးသောအချက်များ ဖြည့်စွက်ပေးရန် ဖိတ်ခေါ်ပါ။ ကျောင်းသားများအား မိမိတို့အတွေ့အကြုံကို အဖော်တစ်ဦးနှင့် ဆွေးနွေးစေပြီး အတွေးများ ပွင့်လာသောအခါမှ အတန်းတွင်း ဆွေးနွေးမှုတွင် ပါဝင်လာစေရန် အားပေးနိုင်ပါသည်။

**သင်ယူမှုလုပ်ငန်း ၃။** အရည်အသွေးမတူသော ကျောင်းသားအုပ်စုများ ဖွဲ့ပေးခြင်းအားဖြင့် အုပ်စုအတွင်းရှိ တီထွင်ဖန်တီးတတ်သူများက ဖြစ်ရပ်ရေးသားခြင်း လုပ်ငန်းကို ဦးဆောင်သွားကြပါလိမ့်မည်။ လေးနက်စွာ ဝေဖန်သုံးသပ်စဉ်းစားတတ်သူများက ကလေး၏စိတ်ဒဏ်ရာရမှု ပြဿနာကို ဖြေရှင်းရာတွင် ဦးဆောင် ဆွေးနွေးကြပါလိမ့်မည်။

**သင်ယူမှုလုပ်ငန်း ၄။** ဤလုပ်ငန်းသည် ဘေးအန္တရာယ်ကျရောက်ပြီးနောက် စိတ်ဒဏ်ရာ ရနေသော ကျောင်းသားများအား ကုစားခြင်းနှင့် ချိတ်ဆက်နေပါသည်။ အချို့သော မိမိကိုယ်မိမိ ယုံကြည်မှု အားနည်းသူများက ပညာရေးဘာသာမှ အချက်အလက်များကို ပြန်လည် မှတ်မိချင်မှ မှတ်မိကြပါလိမ့်မည်။ ထိုကျောင်းသားများအား ပညာရေးဘာသာရပ် ပုံနှိပ်စာအုပ်ကို ကိုးကား ဖတ်ရှုနိုင်ကြောင်း ပြောပါ။

**ပြန်လည်ဆန်းစစ်ရန်မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ**

**မေးခွန်း ၁။** အန္တရာယ်ဆိုသည်မှာအဘယ်နည်း။

***အဖြေ*** *အန္တရာယ်ဆိုသည်မှာ အသက်ဆုံးရှုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းစသော အလေးအနက်ထားအပ်သော ပြဿနာတစ်ခုဖြစ်သည်။*

**မေးခွန်း ၂။** ဘေးအန္တရာယ်ဆိုသည်မှာအဘယ်နည်း။

***အဖြေ*** *အန္တရာယ်ကိုရင်ဆိုင်ရန်မိမိကိုယ်ပိုင်ရင်းမြစ်များနှင့်ဖြေရှင်းနိုင်ခြင်းမရှိသောကြောင့် ကြီးကျယ်သော ဆုံးရှုံးနစ်နာပျက်စီးခြင်းများ ဖြစ်လာခြင်းကို ဘေးအန္တရာယ်ဟု ခေါ်သည်။*

**မေးခွန်း ၃။** အန္တရာယ်သည် မည်သည့်အခါ၌ ဘေးအန္တရာယ် ဖြစ်သွားသနည်း။

***အဖြေ*** *အန္တရာယ်ကိုရင်ဆိုင်ရန် ကြိုတင်ပြင်ဆင်ထားမှုမရှိသော ခုခံကာကွယ်နိုင်စွမ်း နည်းပါးသူများ၏ နယ်မြေတစ်ခုတွင် သဘာဝအန္တရာယ်တစ်ခု ကျရောက်သည့်အခါ အန္တရာယ်သည် ဘေးအန္တရာယ်ဖြစ်သွားသည်။*

**မေးခွန်း ၄။** ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေသောပြဿနာများကို ဖော်ပြပါ။

***အဖြေ*** *သဘာဝရင်းမြစ်များကို အလွန်အကျွံ အသုံးပြုခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် ပတ်ဝန်းကျင် ညစ်ညမ်းခြင်းပြဿနာများ ဖြစ်သည်။*

**မေးခွန်း ၅။** သစ်ပင်များသည် အဘယ်ကြောင့်အရေးကြီးသနည်း။

**အဖြေ** *သစ်ပင်များသည် ကမ္ဘာကြီးပူနွေးလာခြင်းကို လျှော့ချပေးနိုင်သည်။ တောရိုင်းတိရစ္ဆာန်များအတွက် အိမ်ဖြစ်သည်။ အစားအစာနှင့် အပင်မှရသော ဆေးဝါးကိုပေးသည်။ မြေဆီလွှာကို ထိန်းပေးသည်။ လူသားများ အသက်ရှည်ရှည်နှင့် သက်သောင့်သက်သာနေနိုင်ရန် ကာဗွန်ဒိုင် အောက်ဆိုက် များပြားလာခြင်းကို ကာကွယ်ပေးသည်။ (ကြောင်းကျိုး ဆီလျော်သော အခြားအဖြေများလည်းရှိပါသည်။)*

**မေးခွန်း ၆။** မြေဆီလွှာက မည်သည့်အရာများကိုထောက်ပံ့ပေးသနည်း။

**အဖြေ** *မြေဆီလွှာက အစားအသောက်များ စိုက်ပျိုးနိုင်ရန်နှင့် သောက်သုံးရေကို သန့်စင်အောင် စစ်ပေးသည်။ ကောင်းသောမြေဆီလွှာမှ လူနှင့်တိရစ္ဆာန်များစားသုံးရန် အစားအသောက်များ ထုတ်လုပ်ပေးသည်။ သစ်ပင်ပန်းပင်များသည် ရာသီဥတုကိုထိန်းညှိပေးသည်။ ဤအချက် (၃) ချက်သည် ကျွန်ုပ်တို့ အသက်ရှင်ရပ်တည်ရေးအတွက် မြေဆီလွှာက ထောက်ပံ့ပေးသည့် မရှိမဖြစ် လိုအပ်သောအရာများဖြစ်ပြီး ကျွန်ုပ်တို့ ကာကွယ်ပေးရမည့် အရာများလည်း ဖြစ်သည်။*

**မေးခွန်း ၇။** အိမ်သန့်ရှင်းရေးလုပ်သည့် နည်းလမ်းကို မည်သို့ပြောင်းလဲသင့်သနည်း။

**အဖြေ** *အန္တရာယ်ရှိသော ဓာတုပစ္စည်းများမဟုတ်သည့် သဘာဝပစ္စည်းများကို အသုံးပြုပြီး အိမ်သန့်ရှင်းရေး လုပ်ရပါမည်။*

**မေးခွန်း ၈။** လျှောင်စလှုပ်သည်နှင့် ဘာလုပ်သင့်သနည်း။

**အဖြေ** *လျှောင်စလှုပ်သည်နှင့် လဲမကျစေရန် ချက်ချင်းအောက်သို့ ဒူးတုပ်ထိုင်ချပါ။*

**မေးခွန်း ၉။** သင်သည် ပင်လယ်ကမ်းခြေအနီးတွင် ရှိနေပါက လျှောင်လှုပ်ပြီးသည်နှင့် ဘာလုပ်သင့်သနည်း။ အဘယ်ကြောင့်နည်း။

**အဖြေ** *ပို၍မြင့်သောကုန်းပေါ်တက်သွားရပါမည်။ အဘယ်ကြောင့်ဆိုသော် လျှောင်နှင့်အတူ ဆူနာမီရေလှိုင်းများ တက်လာတတ်သောကြောင့်ဖြစ်သည်။ နောက်ထပ် ဆက်ပြီးလှုပ်လာနိုင်သော လျှောင်များအတွက်လည်း ကြိုတင်ပြင်ဆင် ထားရပါမည်။*

**မေးခွန်း ၁၀။** စိတ်ဖိစီးမှု အမျိုးအစား(၃)ခုကိုဖော်ပြပါ။

**အဖြေ** *အပြုသဘောဆောင်သော စိတ်ဖိစီးမှု၊ သည်းခံနိုင်သောအဆင့်ရှိသည့် စိတ်ဖိစီး မှုနှင့် အဆိပ်ပြင်းသော စိတ်လှုပ်ရှားမှုမျိုး ဖြစ်ကြသည်။*

**မေးခွန်း ၁၁။** ခံနိုင်ရည်ရှိမှု(resilience)သည် အဘယ်ကြောင့်အရေးကြီးပါသနည်း။

**အဖြေ** *အခက်အခဲကြီးကြီးမားမားနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အခါ သန့်စွမ်းကြံ့ခိုင်လာစေပြီး ရှေ့သို့ ဆက်လက်လုပ်ဆောင်နိုင်စေသည့် အရည်အသွေးဖြစ်သောကြောင့် အရေးကြီးခြင်းဖြစ်သည်။*

**မေးခွန်း ၁၂။** ဆရာများသည် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး (environmental conservation) နှင့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေ လျှော့ချရေး (DRR)သိသင့်ပါသလား။ အဘယ်ကြောင့်နည်း။

***အဖြေ*** *မိမိကိုယ်မိမိ၊ မိသားစု၊ ကျောင်းသားများနှင့် ရပ်ရွာလူထုတို့ကို ဖြစ်နိုင်ခြေရှိသော အန္တရာယ်မှ လျှော့ချပေးရန်အတွက် ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးနှင့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေ လျှော့ချရေးကို သိသင့်ပါသည်။*

**(မေးခွန်းအားလုံးအတွက် ကြောင်းကျိုးဆီလျော်သော အခြားအဖြေများကို လက်ခံပေးပါ။)**

# ၅.၂။ သဘာဝဝန်းကျင် ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ် လျှော့ချရေးအကြောင်း အသုံးချခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

မြန်မာနိုင်ငံသည် လောလောဆယ်အားဖြင့် ပြင်းထန်သော သဘာဝအန္တရာယ်များ၏ သက်ရောက်မှု အများဆုံးခံရသော တိုင်းပြည်များထဲတွင် တစ်ခုအပါအဝင် ဖြစ်နေပါသည်။ ဆိုင်ကလုံးမုန်တိုင်းများ၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ မိုးခေါင်ရေရှားခြင်း၊ မီးလောင်ခြင်းနှင့် ငလျင်အန္တရာယ်များ ရှိနေပါသည်။ ရာသီဥတု ပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာသော အပြောင်းအလဲများသည် ပြဿနာများကို ပိုမိုကြီးထွားစေနိုင်ပါသည်။ အထူးသဖြင့် ခုခံနိုင်စွမ်းအားနည်းသော ကလေးများနှင့် အမျိုးသမီးများအတွက် လူမှုစီးပွားရေး အခြေအနေများ၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ လူမှုဖူလုံရေး ထောက်ပံ့မှုများတွင် ပြဿနာများရှိနိုင်သည်။ မူလတန်း ဘဝတွက်တာ ကျွမ်းကျင်စရာ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၏ သဘာဝဝန်းကျင် ထိန်းသိမ်းလို့ လိုက်လျောညီထွေနေထိုင်စို့ နယ်ပယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြန်မာနိုင်ငံတွင် ဖြစ်ပွားနေကျဖြစ်ပြီး ကလေးများနှင့်ရင်းနှီးနေသော အန္တရာယ်များ အကြောင်းကို ထည့်သွင်းထားပါသည်။

## ၅.၂.၁။
## သဘာဝဝန်းကျင်ထိန်းသိမ်းလို့ လိုက်လျောညီထွေ နေထိုင်စို့ နယ်ပယ်၏ သင်ခန်းစာ သင်ပြမှုပုံစံ ဖွဲ့စည်းထားပုံ

### မျှော်မှန်းထားသော သင်ယူမှုရလဒ်များ

**ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -**

- သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုနှင့် သဘာဝဘေးအန္တရာယ် ဖြစ်နိုင်ခြေ လျှော့ချရေး အကြောင်း သင်ကြားပို့ချခြင်း၏ ရည်မှန်းချက်များ၊ သင်ယူမှုအဆင့်များ နှင့် သင်ယူမှုလုပ်ငန်းများ အကြား ချိတ်ဆက်မှုကို ရှင်းပြတတ်မည်။
- သဘာဝဝန်းကျင် ထိန်းသိမ်းလို့ လိုက်လျောညီထွေ နေထိုင်စို့ နယ်ပယ်၏ သင်ယူမှု ဖြစ်စဉ်နှင့် ဖွဲ့စည်းပုံကို ခွဲခြမ်းစိတ်ဖြာတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ-**

(က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည် သဘောပေါက်ကြောင်း ပြသသည်။

(က)(၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ)(၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်းပြသည်။

**အချိန်-** မိနစ် (၅၀)ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ-** နှစ်ဦးတစ်တွဲလုပ်ငန်း၊ ဆွေးနွေးခြင်း၊ တင်ပြခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ-** ကျောင်းသားများသည် ကျောင်းသားကိုင်စာအုပ်မှ သင်ခန်းစာ ၅.၂.၁ လုပ်ငန်းပေးစာရွက်ဇယားကွက်များကို ကြိုတင်လေ့လာရန်။

**လိုအပ်သောရင်းမြစ်များ-** မူလတန်းအဆင့် ဘဝတွက်တာ ကျွမ်းကျင်စရာများ ပြဋ္ဌာန်းစာအုပ်။ ကျောင်းသားကိုင်စာအုပ်မှ လုပ်ငန်းပေးစာရွက်ဇယားကွက်များ။

## သင်ယူမှုလုပ်ငန်းများ

### သင်ယူမှုလုပ်ငန်း (၁) - သင်ခန်းစာဖွဲ့စည်းတည်ဆောက်ပုံကို ဆန်းစစ်ခြင်း သရုပ်ပြမှု (၁၅ မိနစ်)

(၁) လူမှုဘဝမှာ ကျွမ်းကျင်စရာနယ်ပယ်သင်ယူစဉ်က သင်ခန်းစာ၏ အချိန်တစ်ချိန်၏ ဖွဲ့စည်းပုံကို ခွဲခြမ်းစိတ်ဖြာလေ့လာခဲ့ကြသည်။ ယခု သဘာဝဝန်းကျင်ထိန်းသိမ်းလို့ လိုက်လျောညီထွေနေထိုင်စို့ နယ်ပယ်မှ သင်ယူမှုလုပ်ငန်းစဉ် အဆင့် (၄)ဆင့် အပါအဝင် သင်ခန်းစာတစ်ခုလုံး ဖွဲ့စည်းထားပုံကို ခွဲခြမ်းစိတ်ဖြာကြည့်ကြမည် ဖြစ်ကြောင်းပြောပြပါ။

(၂) နှစ်ဦးတစ်တွဲ တွဲပေးပါ။

(၃) အတွဲတစ်တွဲစီအား ပထမတန်း မူလတန်းအဆင့် ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ် ဆရာလမ်းညွှန်စာအုပ်ကို ဝေပေးပါ။

(၄) အတွဲများအား သင်ခန်းစာ(၃.၁) –"အပင်အလှ တန်ဖိုးထားကြ"ကိုရှာကြည့်ပါစေ။

(၅) ထို့အတူ ၎င်းတို့အား "ပုံနှိပ်စာအုပ်" ပါ သင်ခန်းစာ ၅.၂.၁ ရှိ လုပ်ငန်းပေးစာရွက်ကို ရှာကြည့်ပါစေ။

(၆) ကျောင်းသားများသည် သင်ယူမှုလုပ်ငန်း လမ်းညွှန်နမူနာကိုကြည့်ပြီး ဇယားတွင်ဖြည့်သွင်း ကြရမည် ဖြစ်သည်။

(၇) မေးခွန်းများကိုဖြေရင်း အဖြေများကိုဇယားတွင် ဖြည့်သွင်းကြရပါမည်။

- ပထမစာသင်ချိန်တွင် သင်ယူရမည့် အကြောင်းအရာကားအဘယ်နည်း။
- ပထမစာသင်ချိန်တွင် မည်သည့်သင်ကြားရေးနှင့် သင်ယူရေးလုပ်ငန်းများ ပါဝင်သနည်း။
- မည်သည့်ရည်ရွယ်ချက်ဖြင့် "သတိပြုရမည့်အချက်များ" ကို ထည့်ထားသည် ထင်ပါသနည်း။

(၈)စာသင်ချိန်တစ်ခုစီကို မည်သို့အကဲဖြတ်သည်ကို ကြည့်ရှုပြီး ဇယားတွင်ဖြည့်သွင်းပါ။

## သင်ယူမှုလုပ်ငန်းလမ်းညွှန်နမူနာ

အတန်း--- ပထမတန်း

သင်ခန်းစာ---အပင်အလှ တန်ဖိုးထားကြ။

| | |
|---|---|
| **သင်ယူမှုဦးတည်ချက်**-အပင်များပျက်စီးစေသည့်နည်းလမ်းများနှင့် အပင်များကို တန်ဖိုးထားစောင့်ရှောက်ရမည့် နည်းလမ်းများကို သိရှိလိုက်နာဆောင်ရွက်တတ်ရန် | |
| စုစုပေါင်းစာသင်ချိန်နှင့် ရည်ရွယ်ချက် ပေါက်မြောက်စေရန် လုပ်ဆောင်ရမည့် လုပ်ငန်းများ | |
| **စာသင်ချိန် ၁** | • စိမ်းလန်းစိုပြေသော ပတ်ဝန်းကျင်သည် စိတ်ကိုပျော်ရွှင်စေကြောင်းနှင့် စိမ်းလန်းစိုပြေမှု မရှိသော ပတ်ဝန်းကျင်သည် စိတ်ကိုညစ်ညှုးစေကြောင်းသတိပြုမိခြင်း။ **(သတိပြုမိခြင်း အဆင့်)** |
| **စာသင်ချိန် ၂** | • အပင်များပျက်စီးရခြင်းနှင့် ပတ်သက်၍ **စဉ်းစားတတ်ခြင်း။**<br>• အပင်များ မည်သို့မပျက်စီးအောင် လုပ်ဆောင်ရမည်ကို စဉ်းစားရန် အရေးကြီးကြောင်း နားလည်ခြင်း။<br>• **(စဉ်းစားခြင်း နှင့် နားလည် သဘောပေါက်ခြင်း အဆင့်)** |
| **စာသင်ချိန် ၃** | • အပင်များကို တန်ဖိုးထားစောင့်ရှောက်ရမည့် နည်းလမ်းများကို လိုက်နာဆောင်ရွက်လိုစိတ် ဖြစ်ခြင်း **(သင်ယူပြီးသည်များကို အသုံးချလိုသော သဘောထား)** |

| အကြောင်းအရာ၊ သင်ယူမှုလုပ်ငန်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း | | | |
|---|---|---|---|
| **စာသင်ချိန်** | **အကြောင်းအရာ** | **သင်ကြားသင်ယူမှုလုပ်ငန်းစဉ်အဆင့်များ** | **စစ်ဆေးအကဲဖြတ်ခြင်း** |
| **စာသင်ချိန် ၁** | သရုပ်ဖော်ပုံ (၂) ပုံ။ စိမ်းလန်းသော သစ်ပင်များ၊ ပန်းပင်များ၊ သစ်သီးဝလံများနှင့် စိုပြေနေသော ပန်းခြံတစ်ခု အတွင်းတွင် ငှက်ကလေးများ၊ ကလေးများပျော်ရွှင်စွာ ကစားနေကြသောပုံနှင့် စိမ်းလန်းသော သစ်ပင်များ၊ ပန်းပင်များ၊ သစ်သီးဝလံများ ကြွေကျ ပျက်စီးသွားသော ကြောင့် ကလေးများ စိတ်ပျက်နေသောပုံ | ၁။ နိဒါန်းပျိုးခြင်း<br>၂။ နှစ်ဦးတစ်တွဲဆွေးနွေးခြင်း လုပ်ငန်း ("ပုံ(၁)ထဲကပြုံးနေတဲ့ ကလေးတွေ ဘာကိုတွေးနေမယ်ထင်သလဲ။ ဘာကြောင့်လဲ။" )<br>၃။ တင်ပြခြင်း<br>၄။ အနှစ်ချုပ်ခြင်း<br>**၅။ သတိပြုရမည့်အချက်**<br>၆။ ရုပ်ပုံနှစ်ခုကိုနှိုင်းယှဉ်ခြင်း<br>၇။ နှစ်ဦးတစ်တွဲဆွေးနွေးခြင်း လုပ်ငန်း "ပုံ (၂ ) ထဲက ကလေးတွေဘာကို တွေးနေမယ် ထင်သလဲ။"<br>၈။ တစ်တန်းလုံးနှင့် ဆွေးနွေးခြင်း<br>၉။ အနှစ်ချုပ်ခြင်း | စိမ်းလန်းစိုပြေသော ပတ်ဝန်းကျင်သည် စိတ်ကိုပျော်ရွှင် စေကြောင်းနှင့် စိမ်းလန်း စိုပြေမှု မရှိသော ပတ်ဝန်းကျင်သည် စိတ်ကို ညစ်ညူးစေကြောင်း သတိပြုမိခြင်းရှိ မရှိ ဆိုသည်ကို လေ့လာကြည့်ရှု အကဲဖြတ်ရန် ဖြစ်သည်။ |
| **စာသင်ချိန် ၂** | သရုပ်ဖော်ပုံ (၂) ပုံ။ ကလေးများက သစ်ပင်များနှင့် အသီးအပွင့်များ ကိုခူးဆွတ်ပြီး အပင်များ ပျက်စီးနေပုံနှင့် ကျောင်း ဝန်းအတွင်း သစ်ပင်များ ကိုမဖျက်ဆီးဘဲ ကလေး တစ်စု ကျောင်းဝန်း အတွင်း လှည့်လည် ကြည့်ရှုနေပုံ | ၁။ အတန်းဆွေးနွေးခြင်း( အပင် တွေဘာကြောင့်ပျက်စီး သွားတာလဲ။)<br>၂။ အတန်းဆွေးနွေးခြင်း (အပင်တွေ အမြဲရှင်သန် လှပနေအောင် ဘာတွေမလုပ်ရဘူးလဲ။)<br>၃။ကျောင်းဝန်းအတွင်းလှည့်လည် ကြည့်ရှုစဉ် မလုပ်ရမည့်အချက်များ ကိုသတိပေးခြင်း)<br>၄။ ကျောင်းဝန်းအတွင်းလှည့်လည် ကြည့်ရှုပြီး တွေ့ရသော အပင်များကိုမှတ်သားခြင်း<br>**၅။ သတိပြုရမည့်အချက်**<br>၆။ ဆရာကအနှစ်ချုပ်ပေးခြင်း | စိမ်းလန်းစိုပြေသောပတ် ဝန်းကျင်သည်စိတ်ကို ပျော်ရွှင်စေကြောင်းနှင့် စိမ်းလန်း စိုပြေမှု မရှိသော ပတ်ဝန်းကျင်သည် စိတ်ကို ညစ်ညူးစေကြောင်း စဉ်းစား နားလည်ခြင်းရှိ မရှိ ဆိုသည်ကိုလေ့လာ ကြည့်ရှု အကဲဖြတ် ရန်ဖြစ်သည်။ ကျောင်းသား များသည် အပင်များကို ပျက်စီးစေသည့်အကြောင်း အရာများအား စဉ်းစားသုံးသပ်နိုင်ခြင်း ရှိမရှိအကဲဖြတ် ရန်ဖြစ်သည်။ |

| အကြောင်းအရာ၊ သင်ယူမှုလုပ်ငန်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း | | | |
|---|---|---|---|
| စာသင်ချိန် | အကြောင်းအရာ | သင်ကြားသင်ယူမှုလုပ်ငန်းစဉ် အဆင့်များ | စစ်ဆေးအကဲဖြတ်ခြင်း |
| **စာသင်ချိန် ၃** | စိမ်းလန်းသော သစ်ပင်များ၊ ပန်းပင်များ၊ ငှက်ကလေးများ၊ လိပ်ပြာလေးများ ကလေးများနှင့် စိုပြေနေသော ပန်းခြံတစ်ခုပုံနှင့် ကလေးများ အပင်များကို ရေလောင်း၊ပေါင်းသင်၊ သန့်ရှင်းရေးလုပ်နေပုံ နှင့် ပန်းဥယျာဉ်အား လှပအောင် ရေလောင်း၊ ပေါင်းသင်ပေးကြမည့် အကြောင်း ကဗျာ တစ်ပုဒ် | ၁။ သစ်ပင်ပုံဆွဲခြင်း။<br>**သတိပြုရမည့်အချက်**<br>၂။ အုပ်စုဆွေးနွေးခြင်း (ရုပ်ပုံကိုကြည့်ပြီး သစ်ပင်ပန်းပင်များ ရှင်သန်ကြီးထွားအောင်မည်သို့လုပ်ဆောင်ကြမည်)<br>**သတိပြုရမည့်အချက်**<br>၃။ အုပ်စုတင်ပြခြင်း<br>၄။ တင်ပြချက်များနှင့် ကဗျာပါ အကြောင်းအရာများ ချိတ်ဆက်ပေးခြင်း<br>၅။ ကဗျာဆိုခြင်း<br>**သတိပြုရမည့်အချက်**<br>၆။ကဗျာအကြောင်းရှင်းပြပြီး အနှစ်ချုပ်ပေးခြင်း | အပင်များ မပျက်စီးစေရန် မည်သို့လုပ်ဆောင် ရမည်ဆိုသည်ကို စဉ်းစားရန် မည်မျှအရေးကြီးသည်ကို နားလည် သဘောပေါက်ခြင်း ရှိ၊မရှိ နှင့် အပင်များကိုတန်ဖိုးထား စောင့်ရှောက်ရမည့် နည်းလမ်းများကိုစဉ်းစားပြီး လိုက်နာလုပ်ဆောင်လို စိတ်ဖြစ်လာခြင်း ရှိ၊ မရှိ ဆိုသည်ကို လေ့လာ ကြည့်ရှု အကဲဖြတ် ရန်ဖြစ်သည်။ |
| **သင်ယူမှုဦးတည်ချက်၊ သင်နည်းများနှင့် သင်ယူမှုလုပ်ငန်းများ၊ စစ်ဆေးအကဲဖြတ်ခြင်းတို့သည် ချိတ်ဆက်မှုရှိပါသလား။ မည်သို့ ချိတ်ဆက်နေပါသနည်း။** | | ချိတ်ဆက်နေပါသည်။ စာသင်ချိန်တစ်ချိန်စီ၏ သင်ယူမှုဦးတည်ချက် ပေါက်မြောက်စေသော သင်ယူမှုလုပ်ငန်းများသည် တစ်ခုနှင့် တစ်ခုချိတ်နေကြသည်။ စစ်ဆေးအကဲဖြတ်သော အချက်များသည် သင်ယူမှုလုပ်ငန်းစဉ် အဆင့်များ၏ ဦးတည်ချက်နှင့် ဆီလျော်ပတ်သက်မှု ရှိသည်။ | |

### သင်ယူမှုလုပ်ငန်း (၂) - သင်ခန်းစာ ခွဲခြမ်းစိတ်ဖြာ လေ့လာခြင်း (၃၀ မိနစ်)

၁။ ကျောင်းသားများအားအုပ်စု (၆)စုဖွဲ့ပါ။

၂။ အုပ်စုတစ်စုစီကို ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်၊ ဒုတိယတန်း ဆရာလမ်းညွှန် စာအုပ်များဖြန့်ဝေပါ။

၃။ အောက်ပါသင်ခန်းစာတစ်ခုကို ခွဲခြမ်းစိတ်ဖြာလေ့လာရန် အုပ်စုတစ်စုစီကို တာဝန်ပေးပါ-

- သင်ခန်းစာ(၃-၁) - ရှင်သန်အောင်လုပ်ကြမယ်
- သင်ခန်းစာ(၃-၂) - လျှောင်လှူပ်ရင် ဘာလုပ်ကြမလဲ
- သင်ခန်းစာ(၃-၃) - မိုးသည်းထန်စွာရွာရင် ဘာလုပ်ကြမလဲ
- သင်ခန်းစာ(၃-၄) - မိုးကြိုးပစ်ရင် ဘာလုပ်ကြမလဲ
- သင်ခန်းစာ(၃-၅) - လေပြင်းမုန်တိုင်း
- သင်ခန်းစာ(၃-၆) - မီးဘေးအန္တရာယ်သတိပြုကြွယ်

၄။ ခွဲခြမ်းစိတ်ဖြာသုံးသပ်ရန် အချက်များကို ရှင်းပြပါ။

- ပုံနှိပ်စာအုပ်ပါ သင်ယူမှုလုပ်ငန်း လမ်းညွှန်နမူနာ၏ စစ်ဆေးရန်အချက်များကို အသုံးပြုပါ။
- ဇယားတွင်ဖြည့်သွင်းရန် ရှေ့တွင်ပြုလုပ်ခဲ့သည့် သရုပ်ပြနမူနာများအတိုင်း ဆောင်ရွက်ပါ။
- တာဝန်ပေးထားသော သင်ခန်းစာကို ဆွေးနွေးပြီးဇယားတွင်ဖြည့်သွင်းပါ။ (စစ်ဆေးရန်အချက်များကို မှတ်တမ်းတင်ရန် သီးခြားစာရွက်တစ်ရွက် လိုအပ်ကောင်း လိုအပ်နိုင်ပါသည်)

၅။ ဤလုပ်ငန်းအတွက် အချိန်(၁၅)မိနစ် ပေးပါ။

၆။ အုပ်စုတစ်စုစီ၏ လုပ်ဆောင်ချက်ကို အခြားအုပ်စုများက လေ့လာရန်အချိန် အနည်းငယ် ပေးပါ။

### စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုလုပ်ငန်း (၂) ကို လုပ်ဆောင်နေစဉ် သင်ယူနေစဉ်စစ်ဆေးခြင်းများကို ပြုလုပ်နိုင်ပါသည်။ ကျောင်းသားများသည် သင်ကြားသင်ယူမှုဖြစ်စဉ်တွင် သင်ယူမှုအဆင့်များကို ရှာတွေ့ပါရဲ့လား၊ ကျောင်းသားအားလုံးသည် သင်ခန်းစာ၏ သွားနေသော လမ်းကြောင်းကို မြင်ပါရဲ့လား၊ သင်ကြားချိန်များနှင့် သင်ယူမှုဖြစ်စဉ်ကို မည်သို့ဖွဲ့စည်းထားကြောင်း သိမြင်ကြပါရဲ့လားဆိုသည်ကို စစ်ဆေးအကဲဖြတ်ပြီး လုပ်ငန်းပေးစာရွက်များကို စစ်ဆေးအကဲဖြတ်ရန် ကောက်ယူသိမ်းဆည်း

ထားပါ။ စစ်ဆေးအကဲဖြတ်ရန် အမှတ်ပေးစံဇယားအား လက်ကမ်းစာစောင် (၁)တွင် ကြည့်ရှုနိုင်ပါသည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် မူလတန်း ဆရာလမ်းညွှန်များနှင့် ၎င်းတို့၏ ပုံနှိပ်စာအုပ်များကို တစ်ပြိုင်နက် ကြည့်ပြီး ဇယားတွင် ဖြည့်ရန်ဖြစ်သည်။ သင်ခန်းစာမှအချက်အလက်ကို ဇယားတွင်ဖြည့်ရန်ဖြစ်သည်။

## ကျောင်းသားများ၏ နားလည်မှုကိုစစ်ဆေးခြင်း (၅ မိနစ်)

၁။ ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်များမှာ သဘာဝဝန်းကျင်ထိန်းသိမ်းလို့ လိုက်လျောညီထွေနေထိုင်စို့နယ်ပယ်မှ သင်ပြမှုပုံစံတစ်ခု၏ ဖွဲ့စည်းထားပုံကို ခွဲခြမ်းစိတ်ဖြာ ပြနိုင်ရန်နှင့် သင်ယူမှုလုပ်ငန်းများသည် ဘဝတွက်တာကျွမ်းကျင်စရာ တတ်ကျွမ်းမှု ကိုးခုမှ မည်သည့် တတ်ကျွမ်းမှုများ ရရှိသည်ကို ဖော်ပြနိုင်ရန် ဖြစ်ကြောင်းပြောပါ။ ဤသင်ခန်းစာကို သင်ယူရင်း သင်ရိုးအကြောင်းအရာနှင့်ဘာသာရပ်ဆိုင်ရာ ဆရာတတ်ကျွမ်းမှုစံများ ရရှိလာမည်ဖြစ်ကြောင်း ပြောပါ။

၂။ သင်ပြမှုပုံစံတစ်ခု၏ ဖွဲ့စည်းထားပုံကို ခွဲခြမ်းစိတ်ဖြာပြနိုင်ရန်ဟူသော သင်ယူမှုရလဒ်ကို ပေါက်မြောက်စေရန် ၎င်းတို့သည် သဘာဝဝန်းကျင်ထိန်းသိမ်းလို့ လိုက်လျောညီထွေ နေထိုင်စို့ နယ်ပယ်မှ သင်ခန်းစာတစ်ခုကို ခွဲခြမ်းစိတ်ဖြာပြီး သင်ယူမှုလုပ်ငန်းများမှ ရရှိသွားနိုင်သော ဘဝတွက်တာကျွမ်းကျင်စရာ တတ်ကျွမ်းမှုများကို ဖော်ထုတ်ခဲ့ကြသည်။

၃။ ဤသို့သင်ယူခြင်းဖြင့် မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်၊ တတ်ကျွမ်းမှုအပြည့်ဖြင့် မူလတန်း ကျောင်းသားများအား သင်ကြားပြသပေးနိုင်မည် ဖြစ်ကြောင်းပြောပါ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** အားဖြည့်ပေးရန်လိုအပ်သူ ကျောင်းသားများအား ဇယားတွင်ဖြည့်နိုင်ရန် သင်ခန်းစာ၏ သင်ကြားသင်ယူမှု ဖြစ်စဉ်တွင် အဓိကအချက်ကို ရှာတွေ့နိုင်ရန် အားပေးပါ။

**သင်ယူမှုလုပ်ငန်း ၂။** အချို့ကျောင်းသားများသည် ပေးထားသောအချိန်အတွင်း လုပ်ငန်းကို ပြီးစီးအောင် လုပ်ဆောင်နိုင်ခြင်းမရှိပါက ၎င်းတို့၏အလုပ်ကို အားလပ်ချိန်တွင် ပြသနိုင်ကြောင်း ပြောပါ။

### ပြန်လည်ဆန်းစစ်ရန်မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** မူလတန်းကလေးများအား သဘာဝဝန်းကျင်ထိန်းသိမ်းလို့ လိုက်လျောညီထွေနေထိုင်စို့ နယ်ပယ်သင်ခန်းစာများကို အဘယ်ကြောင့် သင်ပေးသင့်ပါသနည်း။

**အဖြေ** *အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံသည် နှစ်စဉ်နှစ်တိုင်း သဘာဝဘေးအန္တရာယ်များကို ခံစားနေရသောကြောင့် အကြောင်းအရာများသည် ကလေးများနှင့်ရင်းနီးနေပြီး ထိုဖြစ်နိုင်ခြေရှိသောအန္တရာယ်များကို လျှော့ချရန် တတ်ကျွမ်းမှုများပေးရန် လိုအပ်နေသောကြောင့်ဖြစ်သည်။*

**မေးခွန်း ၂။** သင်ခန်းစာတစ်ခုလုံးအား ခွဲခြမ်းစိတ်ဖြာ လေ့လာသောအခါ သတိပြုရမည့် အချက်ကို သင်မည်သို့နားလည်ပါသနည်း။

**အဖြေ** *သတိပြုရမည့်အချက်ကိုထည့်သွင်းထားရခြင်းမှာ ဆရာက ကလေးများအား ကူညီပံ့ပိုးပေးရာတွင် သတိပြုသင့်သည်များ၊ စဉ်းစားသင့်သည်များကို ထည့်ပေးခြင်းဖြစ်ပါသည်။*

**မေးခွန်း ၃။** သင်ယူမှုဦးတည်ချက်၊ သင်ယူမှုလုပ်ငန်းစဉ် အဆင့်များနှင့် စစ်ဆေးအကဲဖြတ်ခြင်းတို့သည် မည်သို့ ချိတ်ဆက်နေပါသနည်း။

***အဖြေ*** *သင်ကြားသင်ယူမှုအဆင့်များအလိုက် စစ်ဆေးအကဲဖြတ်ခြင်းသည် သင်ယူမှု အဆင့်ကိုပံ့ပိုးပေးသကဲ့သို့ သင်ခန်းစာ၏ဦးတည်ချက်ကိုလည်း ပံ့ပိုးပေးသည်။ ဤသို့စစ်ဆေးအကဲဖြတ်ခြင်းအားလုံးသည် သင်ယူနေစဉ် စစ်ဆေး အကဲဖြတ်ခြင်းများဖြစ်သည်။*

**(မေးခွန်းအားလုံးအတွက် ကြောင်းကျိုးဆက်စပ်သော အဖြေများကို လက်ခံပေးပါ။)**

# အခန်းဆုံးအနှစ်ချုပ်

**အဓိကအချက်များ**

- သဘာဝပတ်ဝန်းကျင်သည် ကျွန်ုပ်တို့၏ ပျော်ရွှင်မှုအတွက် မရှိမဖြစ်လိုအပ်သောအရာ တစ်ခု ဖြစ်သည် နှင့် အညီ ယင်း၏အစိတ်အပိုင်း တစ်ခုစီတိုင်းကို ကာကွယ်ရမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းကို နည်းလမ်း(၂)မျိုးဖြင့် အကောင်အထည်ဖော် လုပ်ဆောင်နိုင်ပါသည် - သဘာဝအရင်းအမြစ်များကို ကာကွယ်ခြင်းနှင့် တာဝန်မဲ့ ပြုမူလုပ်ဆောင်ချက်များ အပြုအမူကို ပြောင်းလဲခြင်းတို့ ဖြစ်သည်။ ကျွန်ုပ်တို့ ကာကွယ် စောင့်ရှောက်ရန် လိုအပ်သော အဓိကသဘာဝ အရင်းအမြစ်(၃)ခုမှာ သစ်ပင်များ၊ ပင်လယ် သမုဒ္ဒရာများနှင့် မြေဆီလွှာတို့ဖြစ်သည်။

- ဤလုပ်ငန်းများကို အောင်မြင်စွာ ပြုလုပ်နိုင်ရန်အတွက် အလေးထား သတိပြုရမည့် အချက် နှစ်ချက်မှာ ကျွန်ုပ်တို့ဝယ်ယူသည့် အရာများနှင့် မလိုအပ်ဘဲ အရင်းအမြစ်များကို သုံးစွဲခြင်းတို့ ဖြစ်သည်။ မြေကြီးနှင့် ပင်လယ်၊ မြစ်ချောင်း၊ အင်းအိုင်များ အဆိပ်သင့် ပျက်စီးမှု မရှိစေရန် ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲပါ။ ဓာတုပစ္စည်းများကိုလည်း စနစ်တကျ စွန့်ပစ်ရန် သတိပြုရမည် ဖြစ်သည်။

- ဘေးအန္တရာယ်ဖြစ်နိုင်ခြေ လျှော့ချရေးဆိုသည်မှာ ဘေးအန္တရာယ် ဖြစ်နိုင်ခြေများကို **ဖော်ထုတ်ခြင်း**၊ ဘေးဒုက္ခဖြစ်နိုင်ခြေကို အကဲဖြတ် သုံးသပ်ခြင်းနှင့် ဘေးအန္တရာယ် ဖြစ်နိုင်ခြေများကို **လျှော့ချပေးသော** စနစ်ကျသည့် ချဉ်းကပ်မှုတစ်ခုဖြစ်သည်။ ဤလုပ်ငန်းသည် ဘေးအန္တရာယ်ကို ကာကွယ်နိုင်စွမ်းမရှိသော လူမှုစီးပွား အခြေအနေများကို ၎င်းအားခြိမ်းခြောက်နေသည့် ဘေးအန္တရာယ်များ၊ ပတ်သက်နေရသော ပတ်ဝန်းကျင် အခြေအနေများနှင့် အန္တရာယ်အမျိုးမျိုးမှ လျှော့ချပေးရန် ရည်ရွယ်သည်။

- ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းကို သရုပ်ဆောင်ခြင်း၊ အစမ်းလေ့ကျင့်ခြင်း၊ သဏ္ဍာန်တူ သရုပ်ပြခြင်းများအားဖြင့် ကလေးများအား လေ့ကျင့်သင်ကြားပေးနိုင်သည်။

- စာသင်ခန်းအတွင်းတွင် ဘေးအန္တရာယ်ကျရောက်ပြီးနောက် စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုနှင့် ကြောက်လန့်မှု ရနေသော(PTSD) ကျောင်းသားများရှိနိုင်ပါသည်။ ဤကလေးများသည် ပေါင်းသင်းဆက်ဆံရေးနှင့် သင်ယူမှုကို ထိခိုက်စေနိုင်သော အသိဉာဏ်ဖွံ့ဖြိုးမှု လျော့ပါးသွားတတ်သည်။

- ထိုကလေးများပြန်လည်ကျန်းမာစေသည့်ဖြစ်စဉ်တွင်ဆရာများအလွန်အရေးကြီးပါသည်။ အပြုသဘောဆောင်သော သင်ယူမှုဝန်းကျင်သည် ကျောင်းသားများ၏ အကောင်းဆုံး သင်ယူမှုကို ဖြစ်စေသည်။ ဆရာကငင်းတို့အား ကာကွယ်စောင့်ရှောက်ပေးရန် အတူရှိနေသည် ဟူသောအသိဖြင့် နေ့စဉ်ဆောင်ရွက်နေကျ လုပ်ငန်းများကို ပုံမှန် လုပ်ဆောင်ပါစေ။ ဤသို့ ပြုလုပ်ခြင်းသည် ကျောင်းသားများ၏ ယုံကြည်မှုကို တည်ဆောက်ပေးနိုင်ပြီး ပိုမိုကျန်းမာသည့် စိတ်လှုပ်ရှားမှုကိုပေးသော စာသင်ခန်း ဝန်းကျင်ကိုဖန်တီးပေးသည်။

- ပြဿနာများကိုဖြေရှင်းနိုင်ပြီး အနာဂတ်မျှော်မှန်းချက်များကို ဖန်တီးပေးနိုင်သော ခံနိုင်ရည်ရှိမှု (Resilience) သည် လူတိုင်းအတွက် အရေးကြီးသော တတ်ကျွမ်းမှုဖြစ်သည်။ အထူးသဖြင့် ကလေးများ သင်ယူရန် အရေးကြီးသည်။

## အခန်းဆုံး ပြန်လည်သုံးသပ်စဉ်းစားခြင်း

- ဤအခန်းသည် ကျွန်ုပ်တို့က ကမ္ဘာ၏ သဘာဝဟန်ချက်ညီမှုကို ထိန်းထားရန် သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရေးသည် အရေးကြီးကြောင်း ရှင်းပြထားသည်။ သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် မည်သည့်အရာများကို လုပ်ဆောင် ရပါမည်နည်း။ လူသားများ၏ မှားယွင်းစွာပြုမူမှုများကြောင့် သဘာဝ ပတ်ဝန်းကျင်သည် တဖြည်းဖြည်း ညစ်ညမ်းလာသည်။ မည်သည့် သဘာဝသယံဇာတများသည် ညစ်ညမ်း လာပါသနည်း။
- သဘာဝဘေးအန္တရာယ်များတိုက်ခိုက်ခြင်းခံနေရသော ကမ္ဘာကြီးတွင် ကျွန်ုပ်တို့ နေထိုင် ကြရသည်။ ဘေးအန္တရာယ်ဆိုသည်မှာ အဘယ်နည်း။ ဘေးအန္တရာယ်ဖြစ်နိုင်ခြေ လျှော့ချရေး ဆိုသည်မှာ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို ဖော်ထုတ်ခြင်း၊ ဘေးဒုက္ခ ဖြစ်နိုင်ခြေကို အကဲဖြတ် သုံးသပ်ခြင်းနှင့် ဘေးအန္တရာယ် ဖြစ်နိုင်ခြေများကို လျှော့ချ ပေးသော စနစ်ကျသည့် ချဉ်းကပ်မှု တစ်ခုဖြစ်သည်။ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို လျှော့ချရန် မည်သည့်လုပ်ငန်းများကို လုပ်ဆောင်နိုင်ပါသနည်း။

- ဘေးအန္တရာယ်ဖြစ်သောအခါ စိတ်ဖိစီးမှုနှင့်ကြောက်လန့်မှုကြောင့် စိတ်ဒဏ်ရာ ရနေသော (PTSD) ကျောင်းသားများစွာ ရှိနိုင်သည်။ ထိုကလေးများကျောင်းသို့ ရောက်လာသောအခါ မည်သူသည် တာဝန်အရှိဆုံးသူဖြစ်မည် ထင်ပါသနည်း။ ထိုကလေးများကို ကုစားပေးရန် အထိရောက်ဆုံးသော နည်းလမ်းသည် အပြုသဘော ဆောင်သော စာသင်ခန်းနှင့် သင်ယူမှုဝန်းကျင်ဖြစ်သည်။ ထိုကလေးများအား စိတ်လှုပ်ရှားမှုများကို ထိန်းညှိပေးသော လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြစေရန် အရေးကြီးသည်။ ထိုလုပ်ငန်းတစ်ခုကို ပြောပြနိုင်ပါသလား။ သင်၏ ကျောင်းသားများ စိတ်ဒဏ်ရာ ရနေပါက ထိုလုပ်ငန်းများကိုပြုလုပ်ပေးရန် သင့်ကိုယ်သင် ယုံကြည်မှု ရှိပါသလား။

## ဆက်လက်ဖတ်မှတ်စရာများ

၅.၁

Brunzell, T., Stoke, H., & Waters, L. (2016). TRAUMA-INFORMED FLEXIBLE LEARNING. *International Journal of Child, Youth and Family Studies, 7(2), 218–239.*

Conserve Energy Future. (2019). Methods and Importance of Environmental Conservation - Conserve Energy Future. Retrieved April 24, 2019, from https://www.conserve-energy-future.com/methods-and-importance-of-environmental-conservation.php

Environmental Protection Agency. (n.d.). What can I do to help protect the environment? – Environmental Knowledgebase. Retrieved April 24, 2019, from https://publicaccess.zendesk.com/hc/en-us/articles/211394008-What-can-I-do-to-help-protect-the-environment-

Global Warming and Its Effects. (n.d.). Retrieved April 24, 2019, from https://climatechange.earthscienceconferences.com/events-list/global-warming-and-its-effects

Inter-Agency Network for Education in Emergencies. (2016). *Background paper on psychosocial support and social and emotional learning for children and youth in emergency settings.* New York. Retrieved from https://toolkit.ineesite.org/resources/ineecms/uploads/1126/20161219_PSS_SEL_Background_Note_Digital_Final.pdf

Multiple Wits and Good Grit | Howard Gardner. (n.d.). Retrieved April 24, 2019, from https://howardgardner.com/2014/12/01/multiple-wits-and-good-grit/

Plan International. (2010). *Child-Centered DRR Toolkit, First Module* – Training Children on Disaster Risk Reduction through the Hazard, Vulnerability and Capacity Assessment (HVCA). Retrieved from http://www.childreninachangingclimate.org/uploads/6/3/1/1/63116409/child-centred_drr_toolkit.pdf

School Safety Manual Tools for Teachers. (2017). UNESCO-IICBA. Retrieved from http://unesdoc.unesco.org/images/0026/002613/261350e.pdf

UNISDR. (n.d.). What is Disaster Risk Reduction? Retrieved April 24, 2019, from https://www.unisdr.org/who-we-are/what-is-drr

၅.၂

Myanmar Textbook Committee. (n.d.). Primary Life Skills Teacher Guides.

*DISASTER RISK REDUCTION Enhancing National and Sub-National Capacity to Prevent, Prepare for and Mitigate Negative Impacts of Disasters, Climate Change and Conflict on Children in Myanmar. (n.d.).* Retrieved from https://www.unicef.org/myanmar/01.DISASTER_RISK_REDUCTION.pdf

အခန်း
၄

# စစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းသားများ၏ သင်ယူရရှိမှုများကို အကဲဖြတ်ခြင်းသည် သင်ယူမှုလုပ်ငန်းစဉ်၏ မရှိမဖြစ် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ သင်ခန်းစာမစတင်မီ၊ သင်ခန်းစာပို့ချနေစဉ်နှင့် သင်ခန်းစာပြီးဆုံးပြီးနောက်တို့တွင် အကဲဖြတ်နိုင်ပါသည်။ သင်ခန်းစာအစတွင် ဆရာသည် ကျောင်းသားများ၏ ရှိရင်းစွဲဗဟုသုတအသိပညာ၊ စွမ်းရည်များနှင့် စိတ်နေသဘောထားများကို အကဲဖြတ်ပြီး ကျောင်းသားများသည် သင်ခန်းစာအကြောင်းအရာ မာတိကာနှင့် သင်ယူမည့် လုပ်ငန်းစဉ်များအတွက် အဆင်သင့် ဖြစ်၊မဖြစ် စစ်ဆေးကြည့်နိုင်ပါသည်။ သင်ခန်းစာ ပို့ချနေစဉ် တွင် ဆရာသည်ကျောင်းသားများ၏ နားလည်သဘောပေါက်မှုနှင့် သင်ယူမှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လုပ်ဆောင်လိုစိတ်ရှိမှုတို့ကို အကဲဖြတ်ရန်လိုအပ်သည်။ သင်ခန်းစာပြီးဆုံးပြီး နောက် ဆရာသည် ကျောင်းသားများက သင်ယူမှု ရလဒ်များကို မည်မျှရရှိခဲ့ကြကြောင်း အကဲဖြတ်သည်။ သင်ခန်းစာမစတင်မီ၊ သင်ခန်းစာ ပို့ချနေစဉ်နှင့် သင်ခန်းစာပြီးဆုံးပြီးနောက် ပြုလုပ်သည့် ဤအကဲဖြတ်မှု နည်းလမ်းစဉ်သည် ဆရာ၏ သင်ခန်းစာ သင်ကြားရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်အောင် ပြုလုပ်ရန်လိုအပ်သော အကြံဉာဏ်များကိုလည်း ဖြည့်ဆည်းပေး သည်။

**မျှော်မှန်းထားသော သင်ယူမှုရလဒ်များ**

ဤအခန်းကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- ဘဝတွက်တာကျွမ်းကျင်စရာစစ်ဆေးအကဲဖြတ်ခြင်းဆိုသည်ကိုဖော်ထုတ်တတ်မည်။
- ဘဝတွက်တာ ကျွမ်းကျင်စရာ စစ်ဆေးအကဲဖြတ်ရာတွင် အသုံးပြုသော နည်းလမ်းများ နှင့် မေးခွန်းပုံစံများကို ရှင်းပြတတ်မည်။
- စစ်ဆေးအကဲဖြတ်သော နည်းလမ်းများကို ရှင်းပြနိုင်ပြီး မူလတန်းဘဝတွက်တာ ကျွမ်းကျင်စရာ သင်ခန်းစာများကို စစ်ဆေးအကဲဖြတ်ရာတွင်အသုံးပြုနိုင်သော ကြည့်ရှု လေ့လာစစ်ဆေးခြင်း ပုံစံတစ်ခုကို ဖန်တီးတတ်မည်။

# ၆.၁။ ဘဝတွက်တာကျွမ်းကျင်စရာများ စစ်ဆေးအကဲဖြတ်ခြင်း

## ၆.၁.၁။ ဘဝတွက်တာကျွမ်းကျင်စရာများ စစ်ဆေးအကဲဖြတ်ခြင်းဆိုသည်မှာ

**မျှော်မှန်းထားသော သင်ယူမှုရလဒ်**

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- ဘဝတွက်တာကျွမ်းကျင်စရာ စစ်ဆေး အကဲဖြတ်ခြင်း ဆိုသည်ကို ဖော်ထုတ်တတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ-**
(က)(၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။
(ခ)(၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်းရှိကြောင်းပြသည်။

**အချိန်** - မိနစ် (၅၀)ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ-** အမြင်အာရုံရှင်းလင်းအောင် ဆွေးနွေးတင်ပြသောနည်း (VIPP)၊ ၃-၂-၁ လေ့ကျင့်ခန်း၊ ပြန်လည်ထင်ဟပ်သုံးသပ်ခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ-** ကျောင်းသားများသည် သင်ခန်းစာ ၆.၁.၁ ဘဝတွက်တာ ကျွမ်းကျင်စရာစစ်ဆေး အကဲဖြတ်ခြင်းဆိုသည်မှာအဘယ်နည်း ကို ကြိုတင် ဖတ်ရှုကြရန်ဖြစ်သည်။

**လိုအပ်သောရင်းမြစ်များ-**ကားချပ်ကြီးများ၊ မင်တံ၊ ကော်၊ စက္ကူဖြတ်ပိုင်းလေးများ။

## သင်ယူမှုလုပ်ငန်းများ

### သင်ယူမှုလုပ်ငန်း (၁- က) ၃-၂-၁ လေ့ကျင့်ခန်း (၁၀-မိနစ်)

၁။ အုပ်စု (၆) စုဖွဲ့ပါ။

၂။ အောက်ပါညွှန်ကြားချက်များကို ပေးပါ။

- အခြေခံပညာသင်ကျောင်းတွေမှာ ကျောင်းတက်ခဲ့ရတဲ့ နေ့ရက်တွေကိုပြန်ပြီး စဉ်းစားကြည့်ပါ။
- စစ်ဆေးအကဲဖြတ်ခြင်းဆိုတဲ့ စာမေးပွဲတွေနဲ့ပတ်သက်ပြီး စဉ်းစားမိတဲ့ အချက်(၃) ချက်ကို ချရေးမယ်။
- စစ်ဆေးအကဲဖြတ်ခြင်းဆိုတဲ့ စာမေးပွဲတွေနဲ့ ပတ်သက်ပြီး မေးချင်တဲ့မေးခွန်း(၂) ခုကို ရေးမယ်။
- စစ်ဆေးအကဲဖြတ်ခြင်း ဒါမှမဟုတ် စာမေးပွဲဆိုတာကို တခြားတစ်ခုခုနဲ့ နှိုင်းယှဉ်တဲ့ နှိုင်းယှဉ်ချက် (analogy)တစ်ခုကို ရေးချမယ်။

၃။ ကျောင်းသားအုပ်စုများအား ၎င်းတို့စဉ်းစားမိသော အကဲဖြတ်ခြင်းအကြောင်း ထင်မြင်ချက်(၃)ခုကို တင်ပြပါစေ။

၄။ အဓိကအချက်များကို သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ပေးပါ။

၅။ ထိုအမြင်များထဲမှ စစ်ဆေးအကဲဖြတ်ခြင်းအပေါ် အကောင်းမြင်နှင့်အဆိုးမြင် အတွေးများကို အတန်းနှင့်ဆွေးနွေးပါ။

၆။ ကျောင်းသားများအား ၎င်းတို့၏မေးခွန်းများကို ဆွေးနွေးကြပါစေ။

၇။ မေးခွန်းများကို မှတ်တမ်းတင်ပေးပါ။

၈။ ကျောင်းသားများအား ၎င်းတို့၏ နှိုင်းယှဉ်ချက် (analogy) များကို မျှဝေကြပါစေ။

၉။ ဆွေးနွေးချက်များကို အနှစ်ချုပ်ပေးပါ။ စစ်ဆေးအကဲဖြတ်ခြင်းအပေါ်တွင်ထားသော သဘောထားများသည် မိမိတို့၏အတွေ့အကြုံအရ ကွဲပြားနိုင်ကြောင်း၊ အကယ်၍ စစ်ဆေးအကဲဖြတ်ခြင်းသည် ခိုင်လုံမှု၊ ကိုးစားနိုင်မှု၊ ပွင့်လင်းမြင်သာမှု၊ တရားမျှတမှုများ ရှိပါက အဆိုးမြင်အတွေးများ နည်းပါးနိုင်မည် ဖြစ်ကြောင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်းကို သင်ယူမှုတိုးတက်ရေးကို ဖြစ်စေသည်ဟူသော ရှုထောင့်မှ ကြည့်ရန် အရေးကြီးကြောင်း ပြောပြီး အနှစ်ချုပ်ပေးပါ။

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုလုပ်ငန်း (၁) ကို လုပ်ဆောင်နေစဉ် သင်ယူနေစဉ် စစ်ဆေးခြင်းများကို ပြုလုပ်နိုင်ပါသည်။ ကျောင်းသားများသည် စစ်ဆေးအကဲဖြတ်ခြင်းနှင့်ပတ်သက်ပြီး ၎င်းတို့၏ အတွေ့အကြုံများကို စဉ်းစားနိုင်ကြပါသလား။ စစ်ဆေးအကဲဖြတ်ခြင်းနှင့် ပတ်သက်ပြီး မေးခွန်းများမေးနိုင်ကြပါသလား။ နှိုင်းယှဉ်ချက် (analogy)များကို ပြုလုပ်နိုင်ကြပါသလား ဆိုသည်ကိုအကဲဖြတ်ရန် အတန်းတွင်း လှည့်လည်ကြည့်ရှုပြီး အားပေးပါ။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် စစ်ဆေးအကဲဖြတ်ခြင်း နှင့်ပတ်သက်ပြီး ၎င်းတို့၏အတွေ့အကြုံများကို ထင်ဟပ်သုံးသပ်ရပါမည်။ မေးခွန်းများနှင့် နှိုင်းယှဉ်ချက်(analogy) များကို ပြုလုပ်ကြရပါမည်။

## သင်ယူမှုလုပ်ငန်း (၁ - ခ) - ဘဝတွက်တာကျွမ်းကျင်စရာ စစ်ဆေးအကဲဖြတ်ခြင်းနှင့် မိတ်ဆက်ခြင်း (၃၅)မိနစ်

၁။ ကျောင်းသား(၄)ဦးပါသော အုပ်စုများဖွဲ့ပါစေ။

၂။ အုပ်စုတိုင်းအား စာရွက်ပိုင်းလေးများနှင့် စာရွက်ကြီးတစ်ရွက်ဝေပေးပါ။

၃။ အောက်ပါညွှန်ကြားချက်ကို ပေးပါ။

- ဘဝတွက်တာကျွမ်းကျင်စရာ စစ်ဆေးအကဲဖြတ်ခြင်းနဲ့ ပတ်သက်တယ်လို့ထင်တဲ့ ဝေါဟာရတွေကိုစဉ်းစားမယ်။ (ဥပမာ-အစမ်းစာမေးပွဲ၊ မေးခွန်း စတာတွေပေ့ါ)
- ဝေါဟာရတစ်ခု ဒါမှမဟုတ် အကြောင်းအရာတစ်ခုကို စာရွက်ပိုင်းတစ်ခုပေါ်မှာ ရေးမယ်။
- ကိုယ်သိတာတွေတစ်ခုထက်ပိုရင် ပိုသလို စာရွက်ပိုင်းတွေ သုံးလို့ရပါတယ်။
- စာရွက်ပိုင်းကို ကော်သုတ်ပြီး ကားချပ်ကြီးမှာကပ်ပါ။
- ကိုယ်ကပ်မယ့်အကြောင်းအရာက သူများကပ်ထားပြီးသားဆိုရင် အဲဒီအကြောင်းအရာ ဘေးနားမှာကပ်ပါ။


၄။ ကျောင်းသားအုပ်စုများအား စစ်ဆေးအကဲဖြတ်ခြင်းနှင့် ပတ်သက်၍ရလာသော ဝေါဟာရများနှင့် အကြောင်းအရာများကို အမျိုးတူအုပ်စုများစုရန် ဆွေးနွေးကြပါစေ။

၅။ အမျိုးအစား၏ အမည်ကို စာရွက်ပိုင်းပေါ်တွင် ရေးပြီး အမျိုးတူအုပ်စုတွင် ကပ်ကြပါစေ။ ဤနည်းအားဖြင့် စစ်ဆေးအကဲဖြတ်ခြင်း အမျိုးအစားများကို စဉ်းစားခွဲခြားလာပါလိမ့်မည်။

၆။ အောက်ပါမေးခွန်းကိုမေးပြီး အတန်းဆွေးနွေးပွဲကိုဦးဆောင်ပေးပါ။
ဘဝတွက်တာကျွမ်းကျင်စရာ စစ်ဆေးအကဲဖြတ်ခြင်းဆိုသည်မှာ အဘယ်နည်း။

၇။ ဆွေးနွေးချက်များကိုအနှစ်ချုပ်ပေးပါ။ အခြားဘာသာရပ်များကဲ့သို့ ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်သည် ကျောင်းသားများ အသိပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားများ ရရှိအောင်သင်ပေးသည်။ သို့သော် စစ်ဆေးအကဲဖြတ်ရာတွင် အသိပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားများအား အသုံးချခြင်းကို အဓိကထား အလေးပေးပြီးစစ်ဆေး ကြောင်းပြောပြပါ။

## သင်ယူယူမှုလုပ်ငန်းလမ်းညွှန်နမူနာ




### စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုလုပ်ငန်း(၂) ကို လုပ်ဆောင်နေစဉ် သင်ယူနေစဉ် စစ်ဆေးခြင်းများကို ပြုလုပ်နိုင်ပါသည်။ ကျောင်းသားများသည် စစ်ဆေးအကဲဖြတ်ခြင်းနှင့် ပတ်သက်သော ဝေါဟာရများကို စဉ်းစားနိုင်ကြပါသလား။ ဤလုပ်ငန်းသည် ပညာရေးလေ့လာမှုဘာသာရပ်နှင့် ဆက်စပ်နေသောကြောင့် ထိုဘာသာရပ် နှင့်ဆက်စပ်သော အသိပညာများ ပါဝင်လာရန်အားပေးပါ။

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် ၎င်းတို့၏ကိုယ်ပိုင်ထင်မြင်ချက်များ၊ ပညာရေးလေ့လာမှု ဘာသာမှ သင်ယူထားသော အသိပညာများကို ပေါင်းစပ်ပြီး စာရွက်ပိုင်းများပေါ်တွင်ရေးရန် ဖြစ်သည်။ အမျိုးတူများစုစည်းခြင်းကိုလည်း လုပ်ကြရပါမည်။

## ကျောင်းသားများ၏နားလည်မှုကို စစ်ဆေးခြင်း(၅မိနစ်)

၁။ ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်သည် ဘဝတွက်တာကျွမ်းကျင်စရာ စစ်ဆေးအကဲဖြတ်ခြင်း ဆိုသည်ကို ဖော်ထုတ်ရန် ဖြစ်ကြောင်း ပြောပါ။

၂။ ဤသင်ခန်းစာအား သင်ယူရင်း ရရှိသွားသော ဆရာများအတွက်စံသတ်မှတ်ထားသော တတ်ကျွမ်းမှုများသည် ဘာသာရပ်ဆိုင်ရာအသိပညာနှင့် သင်ရိုးညွှန်းတမ်းအကြောင်းအရာများနှင့် သက်ဆိုင်ကြောင်း ပြောပြပါ။

၃။ သင်ယူမှုရလဒ်ဖြစ်သော ဘဝတွက်တာကျွမ်းကျင်စရာ စစ်ဆေးအကဲဖြတ်ခြင်း ဆိုသည်ကို ဖော်ထုတ်ရန် ၎င်းတို့သည် ၃-၂-၁ လေ့ကျင့်ခန်းနှင့် အမြင်အာရုံ ရှင်းလင်းအောင် ဆွေးနွေးတင်ပြသောနည်း (VIPP) သင်နည်းများကို အသုံးပြုအချက်အလက်စုဆောင်းခြင်း၊ အမျိုးတူများ ခွဲခြမ်းစိတ်ဖြာခြင်းကို ပြုလုပ်ခဲ့ကြကြောင်း ပြောပါ။

၄။ ဤသို့သင်ယူခြင်းဖြင့် ရရှိလာသော တတ်ကျွမ်းမှုများနှင့် ယုံကြည်မှုအပြည့်ဖြင့် မူလတန်းကျောင်းသားများကိုသင်ကြားပေးနိုင်သည့် ဆရာများဖြစ်လာကြမည် ဖြစ်ကြောင်းပြောပါ။

## ထပ်ဆောင်းလုပ်ဆောင်ရန် နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁-က။** သင်ယူမှုမြန်သော ကျောင်းသားများသည် ပညာရေးဘာသာရပ်မှ အသိပညာကို ထင်ဟပ်စဉ်းစားခြင်းဖြင့် လွယ်ကူစွာပြုလုပ်နိုင်ကြပါလိမ့်မည်။ ထိုကျောင်းသားများအား နောက်ထပ် နောက်ထပ်နှိုင်းယှဉ်ချက် (analogy)များ ပြုလုပ်ကြရန် အားပေးပါ။

**သင်ယူမှုလုပ်ငန်း ၁-ခ။** အားဖြည့်ပေးရန် လိုအပ်သူများသည် အမျိုးအစားခွဲရန် အခက်အခဲရှိနိုင်ပါသည်။ အတန်းတွင်းဆွေးနွေးမှုတွင် ပါဝင်လာစေရန်သဲလွန်စလေးများပေးပါ။ (ဥပမာ- သင်ယူနေစဉ် စစ်ဆေးအကဲဖြတ်တဲ့အခါ ဘယ်လိုစစ်ဆေးကြသလဲ စသည်အားဖြင့်)

# ၆.၁.၂။
# ဘဝတွက်တာကျွမ်းကျင်စရာများ စစ်ဆေးအကဲဖြတ်ခြင်းပုံစံများ

## မျှော်မှန်းထားသော သင်ယူမှုရလဒ်

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- ဘဝတွက်တာကျွမ်းကျင်စရာ စစ်ဆေးအကဲဖြတ်ရာတွင် အသုံးပြုသော နည်းလမ်းများ နှင့် မေးခွန်းပုံစံများကို ရှင်းပြတတ်မည်။

**ရရှိသွားမည့် တတ်ကျွမ်းမှုများ-**

(က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့်သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က)(၅.၁) အတန်း (အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ)(၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်း ပြသည်။

(ခ)(၂.၁) ကျောင်းသား၏ သင်ယူမှုကို လေ့လာကြီးကြပ် တည့်မတ်ပေးရန်နှင့် စစ်ဆေးအကဲဖြတ်နိုင်ရန် စွမ်းရည်များကို ပြသသည်။

(ခ)(၂.၂) စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း (အသေးစိတ်) ထားရှိပြီး၊ ထိုစစ်ဆေး အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များကို ကျောင်းသားများ သင်ယူမှု တိုးတက်ရေးအတွက် လမ်းညွှန်သဖွယ် အသုံးပြုနိုင်ကြောင်း ပြသည်။

**အချိန်** - မိနစ် (၅၀)ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ-** အုပ်စုလုပ်ငန်း၊ တင်ပြခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ-** ကျောင်းသားများသည် သင်ခန်းစာ ၆.၁.၂ ဘဝတွက်တာကျွမ်းကျင်စရာများ စစ်ဆေးအကဲဖြတ်ခြင်းပုံစံများကို ကြိုတင်ဖတ်ရှုကြရန်ဖြစ်သည်။

**လိုအပ်သောရင်းမြစ်များ-** ကျောင်းသားများ၏ ပုံနှိပ်စာအုပ်တွင်ပါသော လုပ်ငန်းပေးစာရွက်ဇယားကွက်ပုံစံ။

## သင်ယူမှုလုပ်ငန်းများ

### သင်ယူမှုလုပ်ငန်း(၁) - ပြန်လည်သုံးသပ်ခြင်းနှင့် ဆွေးနွေးခြင်း (၄၅-မိနစ်)

၁။ အဖွဲ့ဝင် (၄)ဦးပါ အုပ်စုများဖွဲ့ပါ။

၂။ ယခင်စာသင်ချိန်၌ ၃-၂-၁ လေ့ကျင့်ခန်းလုပ်စဉ်က စစ်ဆေးအကဲဖြတ်ခြင်းနှင့် ပတ်သက်၍ ၎င်းတို့မေးလိုသော မေးခွန်းများကို ပြန်လှန်သုံးသပ်ပါ။

၃။ အောက်ပါမေးခွန်းကို အုပ်စုများအား မေးပါ။

- ဘဝတွက်တာကျွမ်းကျင်စရာ စစ်ဆေးအကဲဖြတ်ရာတွင် အသုံးပြုသည့် နည်းလမ်းများနှင့် မေးခွန်းပုံစံတွေကို ကြိုတင်လေ့လာခဲ့သည့်အချိန်တွင် သင်တို့ မေးမြန်းလိုသည့် မေးခွန်းများ၏ အဖြေများကို ရရှိခဲ့ကြပါသလား။

၄။ ကျောင်းသားများအား ဘဝတွက်တာကျွမ်းကျင်စရာ စစ်ဆေးအကဲဖြတ်ရာတွင် အသုံးပြုသောနည်းလမ်းများနှင့် မေးခွန်းပုံစံများကို ပြန်လှန်လေ့လာသုံးသပ်ကြပါစေ။ ထိုသို့ လေ့လာသုံးသပ်စဉ်တွင် အရေးကြီးသော အချက်များကို မှတ်စုထုတ်ရန်ပြောပါ။

၅။ အောက်ပါမေးခွန်းများကိုမေးပြီး အတန်းလိုက် ဆွေးနွေးခြင်းကို စတင်ပါ။

- စစ်ဆေးအကဲဖြတ်ခြင်းဟူသည် အဘယ်နည်း။
- စစ်ဆေးအကဲဖြတ်ခြင်းသည် ဆရာနှင့်ကျောင်းသားများကို မည်ကဲ့သို့ကူညီမှုပြုသနည်း။

- တုံ့ပြန်သုံးသပ်ချက်ဟူသည် အဘယ်နည်း။ သင့်ကိုယ်ပိုင် ဥပမာပေးပြီး ရှင်းပြပါ။
- တုံ့ပြန်သုံးသပ်ချက်က ကျောင်းသားများအား မည်ကဲ့သို့ ကူညီသနည်း။
- စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းစဉ်တွင် မည်သူတွေ ပါဝင်ပတ်သက်နိုင်သနည်း။
- စစ်ဆေးအကဲဖြတ်ခြင်းကို ဆရာတစ်ဦးတည်းသာ လုပ်ဆောင်ခြင်းမပြုဘဲ အခြားသူများ ပါဝင်ခွင့်ရသည့်အခါ မည်သည့် အကျိုးကျေးဇူးများကိုရရှိနိုင်ပါသနည်း။
- စာသင်ခန်းအတွင်း စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းများကို အသုံးပြုခြင်း၏ အဓိကရည်ရွယ်ချက်ကား အဘယ်နည်း။

၆။ ကျောင်းသားများအား ၎င်းတို့၏ ကျောင်းသားကိုင်စာအုပ်တွင်ပါသော လုပ်ငန်းပေးပုံစံတွင် လိုအပ်သော အချက်အလက်များကိုဖြည့်ရန်ပြောပါ။

၇။ အုပ်စုတစ်စုအား တင်ပြပါစေ။

၈။ တင်ပြပြီးနောက် အခြားအုပ်စုများအား ဖြည့်စွက်ဆွေးနွေးစေပြီး အတန်းဆွေးနွေးပွဲကို ဦးဆောင်ပေးပါ။

၉။ ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်တွင် အသုံးပြုနိုင်သော စစ်ဆေးအကဲဖြတ်သည့် နည်းလမ်းများကို မီးမောင်းထိုးပြရန် အောက်ပါမေးခွန်းများကို မေးပါ။

- ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်တွင် အသုံးပြုနိုင်သည့် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများအား တင်ပြခဲ့ကြပါသည်။ အဆိုပါ စစ်ဆေးအကဲဖြတ်သည့် နည်းလမ်းများကို သုံးပြီးစစ်ဆေးရသည့် ရည်ရွယ်ချက်မှာ မည်သည်တို့ဖြစ်မည်ဟု သင်ထင်သလဲ။

၁၀။ ဆွေးနွေးချက်များကိုအနှစ်ချုပ်ပေးပါ။

## သင်ယူမှုလုပ်ငန်းလမ်းညွှန်နမူနာ

| ဘဝတွက်တာကျွမ်းကျင်စရာများ စစ်ဆေးအကဲဖြတ်ခြင်း | | | |
|---|---|---|---|
| စစ်ဆေးအကဲဖြတ်ခြင်း အမျိုးအစားများနှင့် စစ်ဆေးသည့်အချိန် | စစ်ဆေးအကဲဖြတ်ခြင်းတွင် ပါဝင်နိုင်သူများ | စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများနှင့် မေးခွန်းပုံစံများ | သင်ယူမှုလုပ်ငန်းများ ဆောင်ရွက်စဉ်တွင် စစ်ဆေးသောအချက် |
| • သင်ယူနေစဉ် စစ်ဆေးခြင်း (သင်ယူမှု ဖြစ်စဉ် အတွင်း)<br>• စဉ်ဆက်မပြတ်စစ်ဆေး အကဲဖြတ်ခြင်းနှင့်တုံ့ပြန် သုံးသပ်ချက်ပေးခြင်း<br>• သင်ယူပြီးနောက် စစ်ဆေးခြင်း (သင်ယူပြီးနောက် စာမေးပွဲ၊ အစမ်း စာမေးပွဲ၊ ဉာဏ်စမ်း ဖြေဆိုခြင်း)<br>- စာမေးပွဲကြီး (နှစ်ဆုံး)<br>- အစမ်းစာမေးပွဲ (အချိန်ပိုင်း အလိုက်)<br>- ဉာဏ်စမ်းမေးခွန်း ဖြေဆိုခြင်း (အခန်းဆုံး၊ သင်ခန်းစာအဆုံး) | • ဆရာစစ်ဆေးခြင်း<br>• အချင်းချင်းစစ် ဆေးခြင်း<br>• ကိုယ့်ကိုကိုယ် စစ်ဆေးခြင်း<br>• အခြားကြားလူ များစစ်ဆေးခြင်း | • အပိတ်မေးခွန်း<br>• အဖွင့်မေးခွန်း<br>• နှုတ်မေးခွန်း<br>• အစမ်းစာမေးပွဲနှင့် စာမေးပွဲကြီး<br>• စီမံချက်လုပ်ငန်း များ<br>• ကြည့်ရှု လေ့လာခြင်း<br>• စစ်ဆေးရန် အချက်များစာရင်း<br>• မေးခွန်းလွှာ | • ကျောင်းသား၏ စိတ် ဝင်စားမှု<br>• ကျောင်းသားများ၏ ထင်မြင်ချက်နှင့် စိတ်ကူး<br>• ရှင်းပြနိုင်သောအရည် အသွေး<br>• သင်ယူမှုများကို လက်တွေ့ အခြေအနေများတွင် အသုံးချနိုင်သော အရည်အသွေး<br>• အခြားသူများနှင့် ပူးပေါင်း လုပ်ဆောင်မှု |

## စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုလုပ်ငန်း (၁) ကိုလုပ်ဆောင်နေစဉ် သင်ယူနေစဉ်စစ်ဆေးခြင်းများကို ပြုလုပ်နိုင်ပါသည်။ ကျောင်းသားများသည် ဘဝတွက်တာကျွမ်းကျင်စရာ စစ်ဆေးအကဲဖြတ်ခြင်း မေးခွန်းများကို ဖြေနိုင်ကြပါရဲ့လား။ သင်ခန်းစာအကြောင်းအရာကို အကျဉ်းချုပ်ပြီး ပုံစံတွင်ဖြည့်စွက်နိုင်ကြပါရဲ့လား။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများက ဘဝတွက်တာကျွမ်းကျင်စရာများ စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများနှင့် ပုံစံများအကြောင်းကို ပြန်လှန်လေ့လာသုံးသပ်ကာ ခွဲခြမ်းစိတ်ဖြာပြီး သင်ယူမှုလုပ်ငန်း ၆.၁.၂ အတွက် လုပ်ငန်းပေးစာရွက်တွင် ဖြည့်စွက်ကြရပါမည်။ ဘဝတွက်တာကျွမ်းကျင်စရာများ စစ်ဆေးအကဲဖြတ်ခြင်း၏ ရည်ရွယ်ချက်သည် သင်ယူတတ်မြောက်သွားသော အသိပညာ၊ ကျွမ်းကျင်မှုနှင့် သဘာထားများကို နေ့စဉ်ဘဝတွင် အသုံးချနိုင်ရန်ဖြစ်ကြောင်း ရှင်းပြနိုင်ရပါမည်။ ကျန်းမာပျော်ရွှင်ရေး အတွက် လိုအပ်ပါက ကလေးများ၏ လူနေမှုဘဝပုံစံများကို ပြောင်းလဲစေရန် ဖြစ်သည်။

## ကျောင်းသားများ၏ နားလည်မှုကို စစ်ဆေးခြင်း (၅ မိနစ်)

၁။ ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်သည် ဘဝတွက်တာကျွမ်းကျင်စရာ စစ်ဆေးအကဲဖြတ်ရာတွင် အသုံးပြုသော နည်းလမ်းများနှင့် မေးခွန်းပုံစံများကို ရှင်းပြနိုင်ရန်ဖြစ်ကြောင်း ပြောပါ။

၂။ ဤသင်ခန်းစာ သင်ယူခြင်းအားဖြင့် ဆရာများအတွက် စံသတ်မှတ်ထားသော တတ်ကျွမ်းမှုများသည် ဘာသာရပ်ဆိုင်ရာ အသိပညာနှင့် သင်ရိုးညွှန်းတမ်း အကြောင်းအရာများ၊ စစ်ဆေး အကဲဖြတ်ခြင်းဆိုင်ရာများနှင့် သက်ဆိုင်ကြောင်း ပြောပြပါ။

၃။ ဤသင်ခန်းစာ၏ သင်ယူမှုရလဒ် ပေါက်မြောက်အောင်မြင်စေရန် ၎င်းတို့သည် ဘဝတွက်တာ ကျွမ်းကျင်စရာများ စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများနှင့် ပုံစံများ အကြောင်းကို ပြန်လှန်လေ့လာ သုံးသပ်ပြီး ခွဲခြမ်းစိတ်ဖြာကြသည်။ လုပ်ငန်းပေးစာရွက်ပုံစံတွင်

ဖြည့်စွက်ပြီး ဤစစ်ဆေးအကဲဖြတ်နည်းများကို အဘယ်ကြောင့် ဘဝတွက်တာ ကျွမ်းကျင်စရာများ စစ်ဆေးအကဲဖြတ်ရာတွင် အသုံးပြုကြောင်း တင်ပြဆွေးနွေးခဲ့ကြကြောင်း ပြောပါ။

၄။ ဤသို့သင်ယူခြင်းဖြင့် ရရှိလာသော တတ်ကျွမ်းမှုများနှင့် ယုံကြည်မှုအပြည့်ဖြင့် မူလတန်းကျောင်းသားများကို သင်ကြားပေးနိုင်သည့် ဆရာများဖြစ်လာကြမည်ဖြစ်ကြောင်း ပြောပါ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** ပံ့ပိုးရန်လိုအပ်နေသူ ကျောင်းသားများအား ပုံနှိပ်စာအုပ်တွင် ကြည့်ရန်ပြောပါ။ ကျန်အုပ်စုဝင်များအား အတူလက်တွဲပြီး ပူးပေါင်း လုပ်ဆောင်ကြရန် အားပေးပါ။

# ၆.၁.၃။
# မူလတန်း ဘဝတွက်တာကျွမ်းကျင်စရာ စစ်ဆေး အကဲဖြတ်ခြင်း

## မျှော်မှန်းထားသော သင်ယူမှုရလဒ်

ဤသင်ခန်းစာကို သင်ယူပြီးချိန်တွင် ကျောင်းသားများသည် -

- စစ်ဆေးအကဲဖြတ်သော နည်းလမ်းများကို ရှင်းပြနိုင်ပြီး မူလတန်းဘဝတွက်တာ ကျွမ်းကျင်စရာ သင်ခန်းစာများကို စစ်ဆေးအကဲဖြတ်ရာတွင်အသုံးပြုနိုင်သော ကြည့်ရှုလေ့လာ စစ်ဆေးခြင်း ပုံစံတစ်ခုကို ဖန်တီးတတ်မည်။

**ရရှိသွားမည့်တတ်ကျွမ်းမှုများ-**

(က)(၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့်သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(က)(၅.၁) အတန်း(အဆင့်) တစ်ခုခုတွင် သင်ကြားရန် တာဝန်ပေးအပ်ထားသော ဘာသာရပ် အကြောင်းအရာကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

(ခ)(၁.၁) ဘာသာရပ်ဆိုင်ရာ အသိသညာ၊ အကြောင်းအရာများကို ရှင်းလင်းစွာနှင့် ကလေးများ ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်မှုရှိအောင် သင်ကြားနိုင်စွမ်း ရှိကြောင်းပြသည်။

(ခ)(၂.၁) ကျောင်းသား၏ သင်ယူမှုကို လေ့လာကြီးကြပ် တည့်မတ်ပေးရန်နှင့် စစ်ဆေးအကဲဖြတ်နိုင်ရန် စွမ်းရည်များကို ပြသသည်။

(ခ)(၂.၂) စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း (အသေးစိတ်) ထားရှိပြီး၊ ထိုစစ်ဆေး အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များကို ကျောင်းသားများ သင်ယူမှုတိုးတက်ရေးအတွက် လမ်းညွှန်သဖွယ် အသုံးပြုနိုင်ကြောင်း ပြသည်။

**အချိန်** - မိနစ် (၅၀) ကြာ စာသင်ချိန် တစ်ချိန်။

**သင်ယူမှုနည်းလမ်းများ-** အုပ်စုလုပ်ငန်း၊ တင်ပြခြင်း။

**လိုအပ်သောကြိုတင်ပြင်ဆင်မှုများ-** ကျောင်းသားများသည် သင်ခန်းစာ ၆.၁.၂ ဘဝတွက်တာကျွမ်းကျင်စရာများ စစ်ဆေးအကဲဖြတ်ခြင်းပုံစံများကို ကြိုတင်ဖတ်ရှုကြရန်ဖြစ်သည်။

**လိုအပ်သောရင်းမြစ်များ-** ကျောင်းသားကိုင်စာအုပ်တွင် ပါသော လုပ်ငန်းပေးစာရွက် ဇယားပုံစံ။

**သင်ယူမှုလုပ်ငန်းများ**

**သင်ယူမှုလုပ်ငန်း (၁) - အုပ်စုလုပ်ငန်း (၁၀-မိနစ်)**

၁။ အုပ်စုဝင်(၄)ဦးပါသော အုပ်စုများဖွဲ့ပေးပါ။

၂။ ဘဝတွက်တာကျွမ်းကျင်စရာများ ဆရာလမ်းညွှန်စာအုပ်ကို ဖြန့်ဝေပေးပါ။ တစ်အုပ်စုလျှင်တစ်တန်း။

၃။ အုပ်စုများအား ဆရာလမ်းညွှန်စာအုပ်၏ ဆရာများအတွက် အမှာစာတွင်ပါသော "စစ်ဆေးအကဲဖြတ်ခြင်း" ကို ရည်ညွှန်းကိုးကားရန် ပြောပါ။

၄။ ၎င်းတို့အား မည်သည့်သင်ယူမှုနယ်ပယ်မှမဆို သင်ခန်းစာတစ်ခုကို ရွေးချယ်ပါစေ။

၅။ အုပ်စုများသည် အောက်ပါအချက်များကို ရှာဖွေရမည်။

- သင်ယူမှုဦးတည်ချက်
- ရည်ရွယ်ချက် ပေါက်မြောက်စေရန် လုပ်ဆောင်ရမည့်လုပ်ငန်းများ
- သင်ယူမှုအဆင့်တစ်ခုစီတွင် ဆရာများကမည်သို့အကဲဖြတ်သနည်း။ (သင်ယူစဉ် ကျောင်းသားများကို အကဲဖြတ်ခြင်း)
- ဆရာက စဉ်ဆက်မပြတ် အကဲဖြတ်ခြင်းကို မည်သို့ပြုလုပ်သနည်း။
- သင်ခန်းစာ ဦးတည်ချက် ပေါက်မြောက်မှု ရှိမရှိကို ဆရာက မည်သို့ဆက်လက်လုပ်ဆောင် စစ်ဆေးအကဲဖြတ်သင့်သည် ဆိုသည့်အချက်

၆။ အုပ်စုများက ၎င်းတို့တွေ့ရှိချက်များကို တင်ပြခြင်း။

၇။ ဘဝတွက်တာကျွမ်းကျင်စရာများသင်ယူမှု အောင်မြင်ပေါက်မြောက်ကြောင်းကို သိရန် သင်ယူမှု ဦးတည်ချက်အား ပြန်လည်ထင်ဟပ်သုံးသပ်သင့်ကြောင်း အနှစ်ချုပ်ပေးပါ။

## သင်ယူမှုလုပ်ငန်းလမ်းညွှန်နမူနာ

အတန်း---ဒုတိယတန်း

သင်ခန်းစာ---မှန်မှန်သန့်ရှင်းရေဂါကင်း

| သင်ခန်းစာဦးတည်ချက် | တစ်ကိုယ်ရေသန့်ရှင်းမှုကို မှန်မှန်ပြုလုပ်တတ်ရန် |
|---|---|
| ဦးတည်ချက်ပေါက်မြောက်စေရန်လုပ်ဆောင်ရမည့် လုပ်ငန်းများ **(စုစုပေါင်းစာသင်ချိန် ၄ ချိန်)** | ၁။ တစ်ကိုယ်ရေသန့်ရှင်းမှုကို မှန်မှန်မပြုလုပ်ပါက ဖြစ်လာနိုင်သည့် အကျိုးဆက်များကို သတိပြုမိခြင်းနှင့် နားလည်ခြင်း။<br>၂။ တစ်ကိုယ်ရေသန့်ရှင်းမှုကို မှန်မှန်မပြုလုပ်ပါက ဖြစ်လာနိုင်သည့် အကျိုးဆက်များနှင့် ယင်းသို့ဖြစ်မလာအောင် လုပ်ဆောင်ရမည့် အချက်များကို စဉ်းစားခြင်း။<br>၃။ တစ်ကိုယ်ရေ သန့်ရှင်းစေရန် ပုံမှန်ပြုမှုလုပ်ဆောင်ရမည့် အချက်များကို နားလည်ခြင်း။<br>၄။ တစ်ကိုယ်ရေသန့်ရှင်းရေးကို လက်တွေ့လုပ်ဆောင်တတ်လာခြင်း။ |
| ပထမအဆင့်အတွက် စစ်ဆေးအကဲဖြတ်ရမည့် အချက်များ | တစ်ကိုယ်ရေသန့်ရှင်းမှုကို မှန်မှန် မပြုလုပ်ပါက ဖြစ်လာနိုင်သည့် အကျိုးဆက်များကို ပြောဆိုနိုင်ခြင်း ရှိ၊ မရှိ ကြည့်ရှုလေ့လာ အကဲဖြတ်ရန်ဖြစ်သည်။ |
| ဒုတိယဆင့်အတွက် စစ်ဆေးအကဲဖြတ်ရမည့် အချက်များ | တစ်ကိုယ်ရေသန့်ရှင်းမှုကို မှန်မှန်မပြုလုပ်ပါက ဖြစ်လာနိုင်သည့် အကျိုးဆက်များနှင့် ယင်းသို့ဖြစ်မလာအောင် လုပ်ဆောင်ရမည့် အချက်များကိုစဉ်းစား ပြောဆိုနိုင်ခြင်း ရှိ၊ မရှိ ကြည့်ရှုလေ့လာ အကဲဖြတ်ရန်ဖြစ်သည်။ |
| တတိယအဆင့်အတွက် စစ်ဆေးအကဲဖြတ်ရမည့် အချက်များ | တစ်ကိုယ်ရေသန့်ရှင်းစေရန် ပုံမှန် ပြုမှုလုပ်ဆောင်ရမည့် အချက်များကို ကျိုးကြောင်းဆီလျော်စွာ ရှင်းပြနိုင်ခြင်း ရှိ၊ မရှိ ကြည့်ရှုလေ့လာ အကဲဖြတ်ရန်ဖြစ်သည်။ |

| သင်ခန်းစာဦးတည်ချက် | တစ်ကိုယ်ရေသန့်ရှင်းမှုကို မှန်မှန်ပြုလုပ်တတ်ရန် |
|---|---|
| စတုတ္ထအဆင့်အတွက် စစ်ဆေးအကဲဖြတ်ရမည့် အချက်များ | တစ်ကိုယ်ရေသန့်ရှင်းရေးကို လက်တွေ့လုပ်ဆောင်တတ်လာခြင်း ရှိ မရှိ ကြည့်ရှုလေ့လာ အကဲဖြတ်ရန် ဖြစ်သည်။ |
| သင်ခန်းစာ ဦးတည်ချက် ပေါက်မြောက်မှု ရှိစေရန် ဆက်လက်လုပ်ဆောင် စစ်ဆေးသင့်ပုံ | • ကလေးများတစ်ကိုယ်ရေသန့်ရှင်းရေး အလေ့အကျင့်များ မှန်မှန်လုပ်ဆောင်ခြင်း ရှိမရှိကို တနင်္လာနေ့တိုင်း အချင်းချင်းစစ်ဆေးခြင်း။ (ကလေးများဖြည့်စွက်ထားသော ဇယားနှင့် အပြုအမူများကိုစစ်ဆေးရန်)<br>• တစ်ကိုယ်ရေသန့်ရှင်းရေးမှန်မှန်လုပ်ဆောင်သူများကို အသိအမှတ်ပြု ချီးကျူးခြင်း။<br>• လုပ်ဆောင်ခြင်းမရှိသူများကို မှန်မှန်လုပ်ဆောင်လာစေရန် သတိပေးခြင်း။<br>• တစ်ကိုယ်ရေသန့်ရှင်းရေးမှန်မှန်လုပ်ဆောင်ရန် ဆရာက အမြဲသတိပေးခြင်း။ |

### စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုလုပ်ငန်း(၁)ကို လုပ်ဆောင်နေစဉ် သင်ယူနေစဉ် စစ်ဆေးခြင်းများကို ပြုလုပ်နိုင်ပါသည်။ ကျောင်းသားများသည် စစ်ဆေးအကဲဖြတ်ရမည့် အဆင့်များကို ရှာတွေ့ပါသလား။ ၎င်းတို့သည် သင်ကြားမှုဖြစ်စဉ် အဆင့်များနှင့် သင်ယူမှုဦးတည်ချက်ကို ချိတ်ဆက်နိုင်ကြပါသလား။ ရင်းနှီးသော သင်ယူမှုလုပ်ငန်း ဖြစ်သောကြောင့် အခက်အခဲ မရှိနိုင်ပါ။

### ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် သင်ခန်းစာတစ်ခုလုံးကို ခြုံငုံကြည့်ပြီး သင်ယူမှုအဆင့်တိုင်း၏ စစ်ဆေးအကဲဖြတ်ပုံကို ရှာရန်ဖြစ်သည်။ သင်ယူရရှိသော အချက်များကိုအသုံးချမှုအား စစ်ဆေး အကဲဖြတ်သော (တွန်းအားပေးသော) ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းများကိုလည်း ရှာကြည့်ရပါမည်။

## သင်ယူမှုလုပ်ငန်း (၂) - တစ်ဦးချင်းလုပ်ငန်းနှင့် အချင်းချင်း တုံ့ပြန်သုံးသပ်ချက်ပေးခြင်း (၃၅-မိနစ်)

၁။ ကျောင်းသားများအား အုပ်စုလုပ်ငန်း လုပ်ဆောင်ခဲ့သော သင်ခန်းစာကို ဆက်လက်လုပ်ဆောင်ကြမည် ဖြစ်ကြောင်း အသိပေးပါ။

၂။ အုပ်စုဝင် (၄) ဦးသည် သင်ခန်းစာ၏ သင်ယူမှုအဆင့် တစ်ဆင့်စီခွဲဝေယူရပါမည်။

၃။ ကျောင်းသားတစ်ဦးသည် သင်ယူမှုအဆင့် တစ်ဆင့်ရပါမည်။

၄။ အောက်ပါညွှန်ကြားချက်များကိုပေးပါ။

- မူလတန်းဆရာလမ်းညွှန်မှ ဆရာများအတွက် အမှာစာတွင်ပါသော "စစ်ဆေးအကဲဖြတ်ခြင်း" ကိုဖတ်ပါ။ ကလေးများ၏ အသက်အရွယ်နှင့် ဘာသာစကားတတ်မြောက်မှုကို လိုက်ပြီး စစ်ဆေးအကဲဖြတ်ပုံအကြောင်း ရှင်းလင်းချက်များကွာခြားနိုင်ပါသည်။
- ဆရာလမ်းညွှန်မှ ညွှန်ကြားချက်များကို လိုက်နာပါ။
- သင်ခန်းစာ ၆.၁.၁ နှင့် ၆.၁.၂ ကို ကိုးကားပါ။
- မိမိရရှိထားသော သင်ခန်းစာ၏ သင်ကြားသင်ယူမှု အစီအစဉ်အဆင့်(learning stage) ကိုကြည့်ပါ။
- ထို သင်ကြားသင်ယူမှုအစီအစဉ်မှ သင်ကြား သင်ယူမှု အဆင့်(teaching and learning step) တစ်ဆင့်ကို ယူပါ။
- ထိုအဆင့်တွင် ကျောင်းသားက မည်သို့ပြန်ဖြေမည်ကို စိတ်ကူးပြီး ဆရာက မည်သို့တုံ့ပြန်သုံးသပ်မှု (feedback) ပေးမည်ကို မိမိတို့၏ ပုံနိုပ်စာအုပ်မှ "စဉ်ဆက်မပြတ်စစ်ဆေး အကဲဖြတ်ခြင်းနှင့် တုံ့ပြန်သုံးသပ်ချက်ပေးခြင်း"ကို ကိုးကားပါ။
- ကျောင်းသားအုပ်စုအား "ကြည့်ရှုလေ့လာခြင်း" ပုံစံတစ်ခုကို ပြုစုပါစေ။ အလေးပေးကြည့်ရှုမည့်အချက်သည် သင်ယူမှုအဆင့် (learning stage) ကိုလိုက်၍ကွာခြားနိုင်ပါသည်။

၅။ မတူသောအုပ်စုများမှ ကျောင်းသားများကို နှစ်ဦးတစ်တွဲ တွဲခိုင်းပါ။

၆။ အတွဲများအား မိမိတို့ လုပ်ထားသော လုပ်ငန်းများကို လဲလှယ်ကြပါစေ။ ဖတ်ပြီး အချင်းချင်းတုံ့ပြန်သုံးသပ်ချက်များ ပေးစေပါ။

၇။ လုပ်ငန်းကိုအနှစ်ချုပ်ပေးပါ။ မူလတန်း အောက်ဆင့် ကလေးများသည် ကောင်းစွာ စာမရေး တတ်သောကြောင့် နှုတ်မေးခွန်းသည် ပိုမိုသင့်လျော်သည်။ အဆင့်အလိုက် စစ်ဆေးခြင်း အပြင် စဉ်ဆက်မပြတ် စစ်ဆေးအကဲဖြတ်ခြင်းနှင့် တုံ့ပြန်သုံးသပ်ချက် ပေးခြင်းသည် ကျောင်းသားများ သင်ယူနေစဉ် သင်ယူမှုကို စေ့ဆော်ပေးရန်နှင့် သင်ခန်းစာတွင် စိတ်နှစ်မြုပ် သင်ယူစေရန် မဖြစ်မနေ အသုံးပြုရမည့် စစ်ဆေးအကဲဖြတ်ခြင်း ဖြစ်သည်။

## မူလတန်းဘဝတွက်တာ ကျွမ်းကျင်စရာ စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းပေးစာရွက်နမူနာ

အတန်း---ဒုတိယတန်း

သင်ခန်းစာ------ မှန်မှန်သန့်ရှင်းရောဂါကင်း

| သင်ခန်းစာဦးတည်ချက် | တစ်ကိုယ်ရေသန့်ရှင်းမှုကိုမှန်မှန်ပြုလုပ်တတ်ရန် |
|---|---|
| ဒုတိယစာသင်ချိန်၏သင်ယူမှုလုပ်ငန်းများ | တစ်ကိုယ်ရေသန့်ရှင်းမှုကိုမှန်မှန်မပြုလုပ်ပါက ဖြစ်လာနိုင်သည့် အကျိုးဆက်များနှင့် ယင်းသို့ဖြစ်မလာအောင် လုပ်ဆောင်ရမည့် အချက်များကိုစဉ်းစားခြင်း။ |
| အသေးစိတ် သင်ယူမှုအဆင့်များနှင့် စဉ်ဆက်မပြတ် စစ်ဆေးအကဲဖြတ်ခြင်းနှင့် တုံ့ပြန်သုံးသပ်ချက် (feedback) ပေးခြင်း | သင်ကြားသင်ယူမှုအဆင့် ၃<br>ဆရာ။ ။အုပ်စု(၈) ကလေးတို့အုပ်စုကဘာမဲပေါက်သလဲ။<br>ကျောင်းသားများ။ ။ မဖတ်တတ်ဘူးဆရာမ။<br>ဆရာ။ ။ ရပါတယ် ဆရာမက ဖတ်ပေးမှာပေါ့။<br>ဒီထဲမှာရေးထားတယ် " ရန်ပိုင်ကလက်မဆေးဘဲ အစာစားတယ်"။ ဒါဆိုရင် ဘာအကျိုးဆက်တွေ ဖြစ်လာမလဲ၊ စဉ်းစားတတ်ပြီ မဟုတ်လား။ သူဘာတွေဖြစ်လာမလဲ။<br>ကျောင်းသား ၁။ ။ သူဗိုက်နာလာမယ် ဆရာမ။<br>ဆရာ။ ။ အတိအကျပဲပေါ့။ နောက်ကော ဘာတွေဆက် ဖြစ်နိုင်သေးလဲ။<br>ကျောင်းသား ၂။ ။ သန်ကောင်တွေဝင်လာမယ်။<br>ကျောင်းသား ၃။ ။ ဝမ်းလျှောမယ်။<br>ဆရာ။ ။ ကောင်းပြီ၊ ဆက်ပြောပါအုန်း။ |

**မှတ်ချက်**-ဤသင်ယူမှု အဆင့်တွင် ကျောင်းသားများက အပြုအမူတစ်ခု၏ အကျိုးဆက်များကို မည်သို့ ရှင်းပြနိုင်သည်၊ အချို့သောအပြုအမူများ ပြုလုပ်ခြင်းဖြင့် အကျိုးဆက်များကို ရှောင်ရှားနိုင်မည် ဆိုသည်ကို ရှင်းပြရန်ဖြစ်သည်။ ကြည့်ရှုလေ့လာခြင်းပုံစံတွင် အဓိကအားဖြင့် ဆွေးနွေးပွဲတွင် ပူးပေါင်းပါဝင်ခြင်းနှင့် တင်ပြခြင်းတို့ ဖြစ်ပြီး တင်ပြမှုတွင် အပြုအမူ၏ အကျိုးဆက်များနှင့် ဖြေရှင်းပုံကို ရှင်းလင်းစွာ တင်ပြနိုင်ခြင်းကို ထည့်သွင်းရန် ဖြစ်သည်။

## အုပ်စုလုပ်ငန်း ကြည့်ရှုလေ့လာခြင်း လမ်းညွှန်နမူနာပုံစံ

| သင်ကြားသင်ယူမှုအဆင့် | အုပ်စု အမည် | ကြည့်ရှုလေ့လာရမည့် အပြုအမူ | ကြည့်ရှုလေ့လာတွေ့ရှိချက် |
|---|---|---|---|
| ၂ | အုပ်စု(ဃ) | စိတ်ဝင်စားမှု | မျက်နှာအမူအရာ၊ စိတ်အားထက်သန်မှု |
| | အုပ်စုဝင်များ<br>..........<br>..........<br>......... | ပါဝင်လုပ်ဆောင်မှု | အတွေ့အကြုံများကိုမျှဝေရာတွင် အပြည့်အဝပါဝင်မှု |
| | | ပူးပေါင်းဆောင်ရွက်မှု | ပူးပေါင်းပါဝင်လုပ်ကိုင်ဆောင်ရွက်မှု |
| | | သဘောထား | အပြုသဘောဆောင်သော သဘောထားကိုပြခြင်း |
| | | လူမှုဆက်ဆံရေး | အချင်းချင်း၊ အခြားသူများနှင့် ဆက်ဆံရေး ကောင်းခြင်းကို ပြသခြင်း |
| | | နားလည်မှု သဘောပေါက်မှု | အပြုအမူ၏ အကျိုးဆက်များနှင့် ဖြေရှင်းပုံကို ရှင်းလင်းစွာတင်ပြနိုင်ခြင်း |

### စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုလုပ်ငန်း (၂)ကို လုပ်ဆောင်နေစဉ် သင်ယူနေစဉ် စစ်ဆေးခြင်းများကို ပြုလုပ်နိုင်ပါသည်။ ကျောင်းသားများသည် စဉ်ဆက်မပြတ် စစ်ဆေးအကဲဖြတ်ခြင်းနှင့် တုံ့ပြန်သုံးသပ်ချက်ပေးခြင်းကို ပြုလုပ်နိုင်ကြပါရဲ့လား၊ အုပ်စုလုပ်ငန်းကြည့်ရှုလေ့လာခြင်း ပုံစံကို ပြုစုနိုင်ကြပါရဲ့လား။ မည်သည့် သင်ယူမှုအဆင့်တွင် မည်သည့်အချက်ကို အဓိကထားကြည့်ရမည်ကို ဆရာက လမ်းညွှန်ကူညီပံ့ပိုး နိုင်ပါသည်။ အချင်းချင်း စစ်ဆေးအကဲဖြတ်ရာတွင် လုပ်ငန်းပိုမိုတိုးတက်ကောင်းမွန်စေသည့် အပြုသဘောဆောင်သော တုံ့ပြန်သုံးသပ်မှုများ ပေးရန် သတိပေးရပါမည်။

## ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

ကျောင်းသားများသည် တစ်ဦးချင်းလုပ်ငန်းအတွက် မူလတန်းဘဝတွက်တာကျွမ်းကျင်စရာ ဆရာလမ်းညွှန်တွင် ပါသော စစ်ဆေးအကဲဖြတ်ခြင်းကို ဖတ်ရပါမည်။ ၎င်းတို့၏ ပုံနှိပ်စာအုပ်တွင် ပါသော စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများကိုလည်း ဖတ်ရပါမည်။ အချင်းချင်း စစ်ဆေး အကဲဖြတ်သည့်အခါ အပြုသဘောဆောင်သော တုံ့ပြန်သုံးသပ်ချက်များ ပေးရပါမည်။

## ကျောင်းသားများ၏ နားလည်မှုကိုစစ်ဆေးခြင်း (၅ မိနစ်)

၁။ ဤသင်ခန်းစာ၏ သင်ယူမှုရလဒ်သည် ဘဝတွက်တာကျွမ်းကျင်စရာ စစ်ဆေးအကဲဖြတ်ရာတွင် အသုံးပြုသော နည်းလမ်းများကိုရှင်းပြပြီး မူလတန်း ဘဝတွက်တာကျွမ်းကျင်စရာ သင်ယူနေစဉ် စစ်ဆေးအကဲဖြတ်ရန် ကြည့်ရှုလေ့လာခြင်း ပုံစံကို ဖန်တီးပြုစုနိုင်ရန် ဖြစ်ကြောင်းပြောပါ။

၂။ ဤသင်ခန်းစာ သင်ယူခြင်းအားဖြင့် ဆရာများအတွက် စံသတ်မှတ်ထားသော တတ်ကျွမ်းမှုများသည် ဘာသာရပ်ဆိုင်ရာ အသိပညာနှင့် သင်ရိုးညွှန်းတမ်း အကြောင်းအရာများ၊ စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာများနှင့် သက်ဆိုင်ကြောင်း ပြောပြပါ။

၃။ ဤသင်ခန်းစာ၏ သင်ယူမှုရလဒ် ပေါက်မြောက်အောင်မြင်စေရန် ၎င်းတို့သည် ဘဝတွက်တာ ကျွမ်းကျင်စရာများ စစ်ဆေး၊ အကဲဖြတ်ခြင်း နည်းလမ်းများနှင့် ပုံစံများအကြောင်းကို ပြန်လှန်လေ့လာသုံးသပ်ပြီး မူလတန်း ဘဝတွက်တာကျွမ်းကျင်စရာသင်ယူနေစဉ် စစ်ဆေးအကဲဖြတ်ရန် ကြည့်ရှုလေ့လာခြင်း ပုံစံကို ဖန်တီးပြုစုခဲ့ကြကြောင်း ပြောပါ။

၄။ ဤသို့သင်ယူခြင်းဖြင့် ရရှိလာသော တတ်ကျွမ်းမှုများနှင့် ယုံကြည်မှုအပြည့်ဖြင့် မူလတန်းကျောင်းသားများကို သင်ကြားပေးနိုင်သည့် ဆရာများ ဖြစ်လာကြမည် ဖြစ်ကြောင်းပြောပါ။

## ထပ်ဆောင်းလုပ်ဆောင်ရန်နှင့် လိုအပ်ချက်အလိုက် ပြောင်းလဲလုပ်ဆောင်ရန် လုပ်ငန်းများ

**သင်ယူမှုလုပ်ငန်း ၁။** အချို့သော အုပ်စုများက လုပ်ငန်းကို စောစွာပြီးနေပါက နောက်လုပ်မည့် သင်ယူမှု လုပ်ငန်း (၂) တစ်ဦးချင်းလုပ်ငန်းကို ဆက်လက် ပြုလုပ်ရန် ညွှန်ကြားပါ။ အားပေးပါ။

**သင်ယူမှုလုပ်ငန်း ၂။** ပေးထားသော အချိန်အတွင်းပြီးစီးအောင် မလုပ်ဆောင်နိုင်သူများကို အိမ်စာအဖြစ် ပေးနိုင်ပါသည်။

## ပြန်လည်ဆန်းစစ်ရန်မေးခွန်းများနှင့် ကျောင်းသားများ၏ ဖြစ်နိုင်ခြေရှိသော အဖြေများ

**မေးခွန်း ၁။** စစ်ဆေးအကဲဖြတ်ခြင်းဆိုသည်မှာ အဘယ်နည်း။

***အဖြေ*** *စစ်ဆေးအကဲဖြတ်ခြင်းသည် ဆရာအတွက် ကျောင်းသားများ "ဘာတွေ နားလည်သွားသလဲ" ဆိုသည့် သတင်းအချက်အလက်ကိုရယူရန် အသုံးပြုသော ကိရိယာတန်ဆာတစ်ခုဖြစ်ပြီး ကျောင်းသားများအတွက်မူ ၎င်းတို့ သင်ယူရေးတွင် အဆင်ပြေရန် အထောက်အကူပြုပေးသည့် ကိရိယာ တန်ဆာဖြစ်သည်။ (ကြောင်းကျိုး ဆီလျော်သော အခြားအဖြေများလည်း ရှိနိုင်ပါသည်။)*

**မေးခွန်း-၂။** တုံ့ပြန်သုံးသပ်ချက်ပေးခြင်းဆိုသည်မှာ အဘယ်နည်း။

***အဖြေ*** *တုံ့ပြန်သုံးသပ်ချက်ပေးခြင်းဆိုသည်မှာ ဆရာက ကျောင်းသားများအား အဖြေကိုပြောပြခြင်း မဟုတ်ဘဲ သင်ယူမှုလုပ်ငန်းနှင့် စပ်လျဉ်း၍ တုံ့ပြန် သုံးသပ်ချက် သို့မဟုတ် တိကျသော ညွှန်ကြားချက်များ ပေးခြင်းဖြစ်သည်။ (ကြောင်းကျိုးဆီလျော်သော အခြားအဖြေများလည်း ရှိနိုင်ပါသည်။)*

**မေးခွန်း-၃။** ကျောင်းသားများအား စစ်ဆေးအကဲဖြတ်ရာတွင် မည်သူများ ပါဝင်နိုင်သနည်း။

***အဖြေ*** *ဆရာ၊ကျောင်းသားအချင်းချင်း၊ကျောင်းသားကိုယ်တိုင်၊အခြားကြားလူများ ပါဝင်နိုင်ပါသည်။*

**မေးခွန်း-၄။** အပြုအမူပြောင်းလဲခြင်းကို စစ်ဆေးနိုင်သော စစ်ဆေးအကဲဖြတ်သည့် မေးခွန်းပုံစံများကိုဖော်ပြပါ။

***အဖြေ*** *အပြုအမူပြောင်းလဲခြင်းကို စစ်ဆေးနိုင်သော စစ်ဆေးအကဲဖြတ်သည့် မေးခွန်းပုံစံများမှာ ကြည့်ရှု လေ့လာခြင်း၊ သရုပ်ပြခြင်း၊ နားထောင်ခြင်း၊ နှုတ်ဖြင့်မေးခွန်းမေးခြင်းနှင့် အဖြေပေးခြင်း၊ စကားပြောဆိုမှုများတွင် ပါဝင်ခြင်း၊ သီချင်းဆိုခြင်း၊ သရုပ်ဆောင်ခြင်းနှင့် ပုံဆွဲခြင်းများ ဖြစ်ပါသည်။*

**မေးခွန်း-၅။** သင်၏ မူလတန်း ဘဝတွက်တာကျွမ်းကျင်စရာ အတန်းတွင် ကျောင်းသားများ၏ အပြုအမူပြောင်းလဲခြင်းကို စစ်ဆေးရန် မည်သည့် စစ်ဆေးအကဲဖြတ်သည့် မေးခွန်းပုံစံများကို အသုံးပြုနိုင်မည်ဟု ထင်ပါသနည်း။ အဘယ်ကြောင့်နည်း။

***အဖြေ*** *ကျောင်းသားများသည် စစ်ဆေးအကဲဖြတ်သည့် မေးခွန်းပုံစံတစ်ခုကိုရွေးပြီး အကြောင်းပြချက်ပေးရပါမည်။ (ကြောင်းကျိုး ဆီလျော်သော အဖြေများကို လက်ခံပေးပါ။)*

**မေးခွန်း-၆။** အတန်းထဲတွင် စစ်ဆေးအကဲဖြတ်သည့် မေးခွန်းပုံစံများကို အသုံးပြုရခြင်း၏ အဓိက ရည်ရွယ်ချက်ကို ဖော်ပြပါ။

***အဖြေ*** *ကျောင်းသားများ၏ စိတ်ဝင်စားမှုများ၊ နားလည်သဘောပေါက်မှု၊ စဉ်းစားတွေးခေါ်မှု၊ အခြားသူများနှင့် ပူးပေါင်းလုပ်ဆောင်မှုများနှင့် ကျောင်းသားများ၏ လုပ်ဆောင်နိုင်မှု စွမ်းရည်များကို စစ်ဆေးရန်ဖြစ်သည်။*

**မေးခွန်း-၇။** မူလတန်းဘဝတွက်တာကျွမ်းကျင်စရာများကို မည်သည့် သင်ယူမှု အဆင့်တွင် စစ်ဆေးအကဲဖြတ်သနည်း။

***အဖြေ*** *မူလတန်း ဘဝတွက်တာကျွမ်းကျင်စရာများကို သင်ကြားသင်ယူမှု အဆင့်တိုင်းတွင် စစ်ဆေးအကဲဖြတ်ပါသည်။*

**(မေးခွန်းတိုင်းအတွက် ကြောင်းကျိုးဆီလျော်သော အခြားအဖြေများကို လက်ခံပေးပါ။)**

# အခန်းဆုံးအနှစ်ချုပ်

## အဓိကအချက်များ

- စစ်ဆေးအကဲဖြတ်ခြင်းသည် သင်ယူထားသောအသိပညာများကို စစ်ဆေးခြင်းမျှသာ မဟုတ်ပါ။ သင်ယူမှု ကိရိယာတန်ဆာတစ်ခုလည်း ဖြစ်ပါသည်။ စဉ်ဆက်မပြတ် စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများ၏ သင်ယူမှုတွင်ပါဝင်ပြီး တုံ့ပြန်သုံးသပ်ချက်ပေးခြင်းဖြင့် သင်ယူမှု တိုးတက်စေရန် အခွင့်အလမ်းကို ဖန်တီးပေးသည်။

- စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား ကျရှုံးခြင်းဟူသော ခံစားချက်အစား ရင်ဆိုင်နေရသော ပြဿနာများကို ဖြေရှင်းနိုင်ရန် အားပေးခြင်းအားဖြင့် ဆက်လက် သင်ယူကြစေရန် ကူညီပေးသော အခွင့်အလမ်းတစ်ခုဖြစ်သည်။

- စစ်ဆေးအကဲဖြတ်ခြင်း အမျိုးအစား (၂) မျိုးရှိသည်။ သင်ယူစဉ် စစ်ဆေးခြင်းနှင့် သင်ယူပြီး စစ်ဆေးခြင်းတို့ဖြစ်သည်။ သင်ယူပြီးစစ်ဆေးခြင်းကို သင်ခန်းစာတစ်ခုအပြီး သို့မဟုတ် အခန်းတစ်ခုအပြီး သို့မဟုတ် စာသင်နှစ် တစ်နှစ်အပြီးတွင် စစ်ဆေးသည်။ သင်ယူစဉ် စစ်ဆေးခြင်းသည် စဉ်ဆက်မပြတ် စစ်ဆေးခြင်းဖြစ်၍ ကျောင်းသားများ သင်ယူနေစဉ် တုံ့ပြန် သုံးသပ်ချက်ပေးခြင်းသည် အဓိကကျသည်။ သင်ယူစဉ် စစ်ဆေးခြင်းသည် ကျောင်းသားများ၏ အားသာချက်၊ အားနည်းချက်များကို ဖြည့်ဆည်းပေးပြီး ဆရာအတွက် သင်ကြားသင်ယူမှုဖြစ်စဉ်ကို ညှိနှိုင်းချိန်ဆရန် ကူညီပေးသည်။

- ဘဝတွက်တာကျွမ်းကျင်စရာများ၏ ရည်ရွယ်ချက်သည် ကျောင်းသားများ ဘဝတွက်တာကျွမ်းကျင်စရာ တတ်ကျွမ်းမှု (၉)ရပ်ကို ပိုင်ဆိုင်စေခြင်းဖြင့် ကျန်းမာ ပျော်ရွှင်မှုရရှိရန် အဓိကထားခြင်းဖြစ်သည်။ သို့ဖြစ်ရာ ဘဝတွက်တာကျွမ်းကျင်စရာများသည် ကျောင်းသားများ၏ အတွေးအခေါ်နှင့် အပြုအမူကိုပြောင်းလဲရန် အားပေးသည့် အသိပညာ၊ ကျွမ်းကျင်မှု၊ တန်ဖိုးထားမှုနှင့် သဘောထားခံယူချက်များကို ဖြည့်ဆည်း

ပေးပြီး အခြားသူများနှင့် လိုက်လျောညီထွေပေါင်းသင်းဆက်ဆံပြီး ဘေးကင်းလုံခြုံစွာ နေထိုင်နိုင်စေရန် ဦးတည်သည်။

- ဘဝတွက်တာကျွမ်းကျင်စရာများ ဘာသာရပ်ကိုသင်ကြားခြင်း၏ ရည်ရွယ်ချက်များရရှိရန် စာဖြင့် ရေးသားဖြေဆိုရသည့် စာမေးပွဲတစ်ခုတည်းဖြင့် ကျောင်းသားများ၏ သင်ယူမှု ရလဒ်များကို တိုင်းတာနိုင်မည် မဟုတ်ပေ။ သို့ဖြစ်ရာ ကျောင်းသားများ၏ အပြုအမူ ပြောင်းလဲမှုကို တိုင်းတာရန် အကဲဖြတ်ခြင်း မေးခွန်းပုံစံ အမျိုးမျိုးကို စဉ်းစားခဲ့ကြသည်။

- ကျောင်းသားများ၏ အပြုအမူပြောင်းလဲမှုကို တိုင်းတာရန် အကဲဖြတ်ခြင်းမေးခွန်းပုံစံအချို့မှာ ကြည့်ရှုလေ့လာခြင်းပုံစံ အသုံးပြုခြင်း၊ စစ်ဆေးရန် အချက်များစာရင်း၊ စီမံချက်လုပ်ငန်းပေးခြင်း၊ မေးခွန်းလွှာများ ဖြေဆိုစေခြင်း၊ အပိတ်မေးခွန်း၊ အဖွင့်မေးခွန်းစသည့် မေးခွန်းများနှင့် ကျောင်းသားများ၏ စိတ်ဝင်စားမှု၊ နားလည်သဘောပေါက်မှု၊ စဉ်းစားတွေးခေါ်မှုနှင့် ပူးပေါင်းပါဝင် လုပ်ဆောင်မှုများကို ၎င်းတို့၏ ရေးသားချက်၊ ထင်မြင်ချက်၊ ရုပ်ပုံနှင့် ဓာတ်ပုံများပါရှိသည့် မှတ်တမ်း သို့မဟုတ် စာအုပ်များကို လေ့လာခြင်းအားဖြင့် အကဲဖြတ်သည်။

- အချို့သောစစ်ဆေး အကဲဖြတ်မှုများသည် သင်ယူမှုလုပ်ငန်းများဖြစ်ကြပြီး အုပ်စုတွင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ တစ်ဦးချင်းလုပ်ငန်း၊ နှစ်ဦးတစ်တွဲလုပ်ငန်း၊ တင်ပြခြင်း၊ ရေးသားခြင်း စသည်တို့ ဖြစ်ကြသည်။

## အခန်းဆုံး ပြန်လည်သုံးသပ် စဉ်းစားခြင်း

- စစ်ဆေးအကဲဖြတ်ခြင်းသည် သင်ယူနေစဉ် ဖြစ်နိုင်သကဲ့သို့ သင်ယူပြီးချိန်တွင်လည်း စစ်ဆေးအကဲဖြတ်နိုင်သည်။ စစ်ဆေးအကဲဖြတ်ခြင်း နှစ်မျိုးလုံးသည် ဘဝတွက်တာကျွမ်းကျင်စရာ၏ ရလဒ်များကို စစ်ဆေးရန် လိုအပ်သည်။ သို့သော် ဘဝတွက်တာကျွမ်းကျင်စရာများသည် ကျောင်းသားများ၏ နေ့စဉ်ဘဝအလေ့အကျင့်များ၊ နေထိုင်မှုပုံစံများနှင့် အများဆုံး ဆက်စပ်နေကြသည်။ သို့ဖြစ်၍ ဘဝတွက်တာကျွမ်းကျင်စရာ သင်ကြားရခြင်း၏ ရည်ရွယ်ချက်များ နှင့် သင်ယူမှုဦးတည်ချက်များ ပေါက်မြောက်စေရန် ရေးဖြေစာမေးပွဲတစ်ခုတည်းဖြင့် မလုံလောက်ပေ။ သင်ယူနေစဉ် စစ်ဆေးအကဲဖြတ်ခြင်းအားဖြင့် ကျောင်းသားများသည် မည်သည့် အရာကို လုပ်ရမည်၊ အဘယ်ကြောင့် လုပ်ရန်လိုအပ်သည်၊ မည်ကဲ့သို့ပြုလုပ်ရမည်နှင့် မည်ကဲ့သို့ စဉ်းစားရမည် ဆိုသည်မှာ အရေးကြီးသည်။ ဤကျွမ်းကျင်မှုများရှိခြင်းသည် မကောင်းသော စိတ်ကူးများနှင့် အလေ့အကျင့်များကို ပြုပြင်ပြောင်းလဲလိုစိတ်ကို ဖြစ်ပေါ်စေသည်။ သင်ယူနေစဉ် စစ်ဆေးရာ၌ မည်သည့် စစ်ဆေးအကဲဖြတ်မှု ပုံစံများ (tools) နှင့် စစ်ဆေးအကဲဖြတ်သင့်သည်ဟု ထင်ပါသနည်း။ သင်သည် ပညာရေးလေ့လာမှု ဘာသာရပ်မှ စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ အတွေးအခေါ်များ အပါအဝင် စစ်ဆေးအကဲဖြတ်မှုနည်းလမ်းများ (methods) နှင့် စစ်ဆေးအကဲဖြတ်မှု စုံစံများ(tools)ကို အသုံးပြုရန် ယုံကြည်မှုရှိပါသလား။

- ဆရာတစ်ဦးတည်း စစ်ဆေးခြင်းထက် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းတွင် ဆရာ၊ ကျောင်းသား အချင်းချင်း၊ မိမိကိုယ်မိမိနှင့် အခြားကြားနေသူများ ရောနှောပါဝင်သော စစ်ဆေးခြင်းဖြင့် ကျောင်းသားများ၏ တတ်မြောက်မှု ရလဒ်သတင်းအချက်အလက်ကို ပိုမိုတိကျစွာရနိုင်သည်။ ဤအဆိုကို သင်သဘောတူပါသလား။ ဤစစ်ဆေးအကဲဖြတ်ခြင်းမျိုး ပြုလုပ်စဉ် မည်သည့် စစ်ဆေးအကဲဖြတ်မှု ပုံစံများ(tools) ကိုအသုံးပြုသင့်သည်ဟုထင်ပါသနည်း။

## ဆက်လက်ဖတ်မှတ်စရာများ

၆.၁

Fountain, S., & Gillespie, A. (2003). *Assessment Strategies for Skills-Based Health Education with a focus on HIV prevention and related issues.* New York.

Murase, M., & Tan, M. C. (2017). Revisiting the concept of assessment PowerPoint. JICA.

Myanmar Textbook Committee. (n.d.). Primary Life Skills Teacher Guides.

# ခက်ဆစ်အဘိဓာန်

| အသုံးအနှုန်းများ | အဓိပ္ပါယ် ရှင်းလင်းချက် |
|---|---|
| Adjustment | အခြေအနေတစ်ခုနှင့်သဟဇာတဖြစ်အောင်(သို့)နေသားတကျဖြစ်အောင် ပြုလုပ်သည့်လုပ်ငန်းစဉ် |
| Aftermath | မလိုလားမနှစ်မြို့ဖွယ်ဖြစ်ရပ်တစ်ခု၏ နောက်ဆက်တွဲအကျိုးဆက်များ |
| Capacity | တစ်စုံတစ်ခုကို ပြုလုပ်ရန် (သို့) နားလည်သဘောပေါက်ရန် စွမ်းရည် |
| Conserve | ပျက်စီးဆုံးရှုံးမှု မဖြစ်ရအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း |
| Cope | ထိန်းချုပ်ကိုင်တွယ်နိုင်စွမ်းရှိသည် |
| Disaster | ဘေးအန္တရာယ် |
| Ecosystem | သက်ရှိအရာများအချင်းချင်း ရောယှက် ဆက်နွှယ်မှုစနစ် (ဂေဟစနစ်) |
| Hazard | အန္တရာယ် |
| Emotional maturity | အခြေအနေများကို နားလည် သဘောပေါက်ခြင်းဖြင့် ၎င်းတို့ကိုလျော်ကန်သင့်မြတ်စွာ ကိုင်တွယ်ဖြေရှင်းနိုင်သည့်စွမ်းရည် |
| Interpersonal | ထိရောက်သောဆက်သွယ်မှုစွမ်းရည်၊ အခြားသူများနှင့် ကောင်းမွန်သော ဆက်ဆံမှုများ ဖြစ်ပေါ်တိုးတက်အောင် ပြုလုပ်နိုင်သည့်စွမ်းရည် |

| အသုံးအနှုန်းများ | အသေးစိတ် ရှင်းလင်းချက် |
|---|---|
| Intrapersonal | မိမိ၏စိတ်ခံစားမှု၊ စိတ်ဓာတ်လှုံ့ဆော်မှု၊ အတွင်းဖြစ်တည်မှုအခြေအနေ၊ မိမိဘာသာပြန်လည်စဉ်းစားမှု၊ မိမိကိုယ်ကို သိရှိမှု၊ မိမိကိုယ်ကို ထိုးထွင်း သိမြင်မှု |
| Organic | သက်ရှိအရာဝတ္ထုများနှင့် ဆက်နွှယ်မှု ဓာတုပစ္စည်းအကူ မပါဘဲ ထုတ်လုပ်မှု |
| Post-earthquake | ငလျင်ဖြစ်ပွားပြီးနောက် |
| Post-traumatic stress disorder (PTSD) | စိတ်ဒဏ်ရာရ စေသည့်ဖြစ်ရပ်နှင့် ရင်ဆိုင်ခဲ့ရပြီးနောက် ပြန်လည် ကုစားရန် မလွယ်ကူတော့သည့် စိတ်အခြေအနေ။ (ဘေးအန္တရာယ် ကျရောက်ပြီး နောက် စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုနှင့် ကြောက်လန့်မှု) |
| Pre-earthquake | ငလျင်မဖြစ်ပွားမီ |
| Risk | အန္တရာယ်ပြုခံရရန် အခြေအနေရှိမှု၊ ဘေးအန္တရာယ် ဖြစ်နိုင်ခြေ။ |
| Stress | စိတ်ဖိစီးမှု |
| Trauma | ပြင်းထန်သော စိတ်ဒဏ်ရာရမှု၊ ပြင်းထန်သော ရုပ်ပိုင်း ဒဏ်ရာရမှု။ |
| Vulnerable | ရုပ်ပိုင်းအရ (သို့) စိတ်ပိုင်းအရ ခုခံကာကွယ်နိုင်စွမ်း နည်းပါးသော |

# ကျမ်းကိုးစာရင်း


10 Analogy Examples. (n.d.). Retrieved April 24, 2019, from https://www.examples.com/education/analogy-examples.html

Arigatou Foundation. (2008). *Learning to live together - An intercultural and interfaith programme for ethics education. The Health service journal* (Vol. 101). Tokyo. Retrieved from https://ethicseducationforchildren.org/images/zdocs/Arigatou-What-is-Learning-2015-En-Web.pdf

Armstrong, T. (2009). *Multiple intelligences* in the classroom. Alexandria, VA: ASCD.

Brunzell, T., Stoke, H., & Waters, L. (2016). TRAUMA-INFORMED FLEXIBLE LEARNING. International *Journal of Child, Youth and Family Studies, 7(2),* 218–239.

Collaborative for Academic, Social and Emotional Learning (CASEL). (2018). Core SEL Competencies. Chicago, IL: CASEL. Retrieved from: https://casel.org/core-competencies/

Conserve Energy Future. (2019). Methods and Importance of Environmental Conservation - Conserve Energy Future. Retrieved April 24, 2019, from https://www.conserve-energy-future.com/methods-and-importance-of-environmental-conservation.php

*DISASTER RISK REDUCTION Enhancing National and Sub-National Capacity to Prevent, Prepare for and Mitigate Negative Impacts of Disasters, Climate Change and Conflict on Children in Myanmar. (n.d.).* Retrieved from https://www.unicef.org/myanmar/01.DISASTER_RISK_REDUCTION.pdf

Educational Implications Of Piaget's Theory. (n.d.). Retrieved April 24, 2019, from http://piaget.weebly.com/educational-implications--activities.html

Environmental Protection Agency. (n.d.). What can I do to help protect the environment? – Environmental Knowledgebase. Retrieved April 24, 2019, from https://publicaccess.zendesk.com/hc/en-us/articles/211394008-What-can-I-do-to-help-protect-the-environment-

Fountain, S., & Gillespie, A. (2003). *Assessment Strategies for Skills-Based Health Education with a focus on HIV prevention and related issues.* New York.

Friedel, F. (2015). Feynman: Using chess to explain science | ChessBase. Retrieved April 24, 2019, from https://en.chessbase.com/post/feynman-using-chess-to-explain-science

Gardener, H. (2006). *Multiple intelligences: New horizons.* New York: Basic Books.

Gardener, H. (2011). *Frames of Mind: The Theory of Multiple Intelligences*. New York: Basic Books.

Gardener, H. (2018). *Multiple Intelligences: New Horizons in Theory and Practice.* New York: Basic books.

Global Warming and Its Effects. (n.d.). Retrieved April 24, 2019, from https://climatechange.earthscienceconferences.com/events-list/global-warming-and-its-effects

Goleman, D. (2006). *Social Intelligence: The new science of human relationships.* New York: Bantam Books.

Inter-Agency Network for Education in Emergencies. (2016). *Background paper on psychosocial support and social and emotional learning for children and youth in emergency settings.* New York. Retrieved from https://toolkit.ineesite.org/resources/ineecms/uploads/1126/20161219_PSS_SEL_Background_Note_Digital_Final.pdf

JICA. (n.d.). *Life Skills 09 0102 Teacher's Package Psychosocial Skills Strand.*

Multiple Wits and Good Grit | Howard Gardner. (n.d.). Retrieved April 24, 2019, from https://howardgardner.com/2014/12/01/multiple-wits-and-good-grit/

Murase, M., & Tan, M. C. (2017). Revisiting the concept of assessment PowerPoint. JICA.

Myanmar Textbook Committee. (n.d.). Primary Life Skills Teacher Guides.

Nicolai, S. (2003). *Education in Emergencies Toolkit.* London: Save the Children UK.

Plan International. (2010). *Child-Centered DRR Toolkit, First Module* – Training Children on Disaster Risk Reduction through the Hazard, Vulnerability and Capacity Assessment (HVCA). Retrieved from http://www.childreninachangingclimate.org/uploads/6/3/1/1/63116409/child-centred_drr_toolkit.pdf

School Safety Manual Tools for Teachers. (2017). UNESCO-IICBA. Retrieved from http://unesdoc.unesco.org/images/0026/002613/261350e.pdf

UNESCO. (2010). Teaching and Learning for a Sustainable Future.

UNESCO. (2014). Learning to Live Together.

UNICEF. (2015). *Myanmar Disaster Risk Reduction.* Retrieved from https://www.unicef.org/myanmar/01.DISASTER_RISK_REDUCTION.pdf

UNISDR. (n.d.). What is Disaster Risk Reduction? Retrieved April 24, 2019, from https://www.unisdr.org/who-we-are/what-is-drr

# နောက်ဆက်တွဲများ

# လက်ကမ်းစာစောင် (၁)
# သင်ယူမှုလုပ်ငန်း ၅.၂.၁ ကိုစစ်ဆေးအကဲဖြတ်ရန် အမှတ်ပေးစံဇယား

| နယ်ပယ် | နမူနာကောင်းအဆင့် | ပြီးမြောက်ခြင်းအဆင့် | ကြိုးစားနေဆဲအဆင့် |
|---|---|---|---|
| **သင်ယူမှု ဦးတည်ချက်များ** | သင်ခန်းစာ၏ သင်ယူမှု ဦးတည်ချက်နှင့်စာသင် ချိန်တိုင်း၏ အသေးစိတ် ဦးတည်ချက်များကို ရှင်း လင်းစွာ ဖော်ပြနိုင်သည်။ | သင်ခန်းစာ၏ သင်ယူမှု ဦးတည်ချက်နှင့်စာသင် ချိန်တိုင်း၏ အသေးစိတ် ဦးတည်ချက်များကို ဖော်ပြနိုင်သည်။ | သင်ခန်းစာ၏ သင်ယူမှု ဦးတည်ချက်ကိုသာ ဖော်ပြနိုင်သည်။ |
| **သင်ခန်းစာ အကြောင်းအရာ၊ သင်ယူမှုလုပ်ငန်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** | သင်ခန်းစာ သင်ယူနေစဉ် စစ်ဆေးအကဲဖြတ်ခြင်း အား မည်သို့ပြုလုပ် သည်ကို ကောင်းစွာ နားလည်ကြောင်း ဖော်ပြသည်။ ကျောင်း သားများအား မည်သို့ စစ်ဆေး အကဲဖြတ်သည် ကို ကောင်းစွာရှင်းပြ နိုင်သည်။ | သင်ခန်းစာသင်ယူနေ စဉ် စစ်ဆေးအကဲဖြတ် ခြင်း အားမည်သို့ပြုလုပ် သည်ကို နားလည် ကြောင်း ဖော်ပြသည်။ ကျောင်းသားများအား မည်သို့ စစ်ဆေး အကဲဖြတ်သည်ကို ရှင်းပြနိုင်သည်။ | သင်ခန်းစာသင်ယူနေ စဉ် စစ်ဆေးအကဲဖြတ် ခြင်းအား မည်သို့ပြုလုပ် သည်ကို ကောင်းစွာ နားမလည်သေးပါ။ ကျောင်းသားများအား မည်သို့ စစ်ဆေး အကဲဖြတ်သည်ကိုလည်း ရှင်းမပြနိုင်သေးပါ။ |
| **သင်ယူမှုဦးတည် ချက်၊ သင်ယူမှု အဆင့်များ၊ သင်ယူမှုလုပ်ငန်းများနှင့် စစ်ဆေးအကဲဖြတ်ခြင်း** | သင်ယူမှုဦးတည်ချက်၊ သင်ယူမှုအဆင့်များ၊ သင်ယူမှုလုပ်ငန်းများနှင့် စစ်ဆေးအကဲဖြတ် ခြင်းများ မည်သို့ချိတ် ဆက်နေသည်ကို ကောင်းစွာ ရှင်းပြ နိုင်သည်။ | သင်ယူမှုဦးတည်ချက်၊ သင်ယူမှုအဆင့်များ၊ သင်ယူမှုလုပ်ငန်းများ နှင့် စစ်ဆေးအကဲ ဖြတ်ခြင်းများ မည်သို့ ချိတ်ဆက်နေသည်ကို ရှင်းပြနိုင်သည်။ | သင်ယူမှုဦးတည်ချက်၊ သင်ယူမှုအဆင့်များ၊ သင်ယူမှုလုပ်ငန်းများနှင့် စစ်ဆေးအကဲ ဖြတ်ခြင်းများ မည်သို့ ချိတ်ဆက်နေသည်ကို ရှင်းမပြနိုင်သေးပါ။ |

# မှတ်စုများ

# မှတ်စုများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန